# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ | Monday 5 March 2018 | ၉၂၁၉


# ရှမ်းပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်းမှ ဆောင်ရွက်ပြီးစီးခဲ့သည့် စာသင်ကျောင်း ၁၀၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်အတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်းမှ ဆောင်ရွက်ပြီးစီးခဲ့သည့် စာသင်ကျောင်း ၁၀၀ ပြည့် အထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံပေါကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ စီးပွားရေးသံမှူးဖြစ်သူ Mr. Kazuyuki Takimi၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာအဖွဲ့တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူအင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ စီးပွားရေးသံမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ စီးပွားရေးသံမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။


၁၉၈၀ သဘောတူညီချက်နှင့် မြန်မာ့အနောက်တံခါးမှ နယ်နိမိတ်မျဉ်း
စာမျက်နှာ » ၆

ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စတင်အကောင်အထည်ဖော်
စာမျက်နှာ » ၁၁

တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုနေစဉ် ဆင်ခြင်သင့်သော အချက်များ
စာမျက်နှာ » ၁၀



KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

ကြေးမုံ

# အမျိုးသမီးများဘဝ လုံခြုံစိတ်ချရေး

မျက်မှောက်ကာလတွင် အမျိုးသမီးတို့၏ဘဝ ဖျက်ဆီးနင်းချေခံရသော ဖြစ်ရပ်များကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရသည်။ ထိုဖြစ်စဉ်များကြောင့် ရပ်ရွာနေ ပြည်သူများ မခံချိမခံသာ ဒေါသဖြစ်ကြရသည်။ ယင်းမှာ သက်ငယ်မုဒိမ်းမှု ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများကို အမြင့်ဆုံးပြစ်ဒဏ် သေဒဏ်အထိ အပြစ်ပေးရေး တိုက်တွန်းနှိုးဆော်ကြသည်။ ကျူးလွန်ခံရသူ မိန်းကလေးငယ်တို့အတွက် စိတ်မကောင်း ဖြစ်ရသည်။ ဒေါသဖြစ်ကြသူများကိုလည်း နားလည်မိသည်။

အမျိုးသမီးများဘဝ ဖျက်ဆီးခံရမှုများမှာ အစဉ်အဆက်ဆိုသလို အနည်းနှင့်အများ ရှိခဲ့သည်။ သို့သော် တိုးတက်ပြောင်းလဲလာသော ကာလတွင် ပိုများလာသည်ဟု ဆိုနိုင်သည်။ နိုင်ငံတစ်ဝန်းတွင် ၂၀၁၆ ခုနှစ်က မုဒိမ်းမှု ၆၇၁ မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၈၉၇ မှု ဖြစ်ပွားခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် တိုး၍ ဖြစ်လာသည်။ ဖြစ်ပွားသည့် ဒေသများတွင် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၄၃ မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၇၄ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အမှု ၁၄၀၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၂၉ မှုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် အမှု ၂၇၀ ဖြစ်ပွားခဲ့သည်။ အများဆုံးဖြစ်ပွားသည့် ရန်ကုန်တိုင်းဒေသကြီးတွင် သက်ငယ်မုဒိမ်းမှု ၁၉၂ မှု၊ သက်ကြီးမုဒိမ်းမှု ၇၈ မှု ဖြစ်ပွားခဲ့သည်။

မုဒိမ်းမှုများတွင် သက်ငယ်မုဒိမ်းမှုမှာ ပိုမိုဖြစ်ပွားပြီး ဖြစ်ပွားရသော အကြောင်းအရင်းများတွင် ရာဂဘီလူးတို့က လက်တည့်စမ်းခြင်း၊ အရက်နှင့် မူးယစ်ဆေးဝါးအသုံးပြုရာမှ ကျူးလွန်ခြင်း၊ သက်ငယ်အမျိုးသမီးများ၏ ပင်ကိုအားနည်းမှုကို အခွင့်ကောင်းယူခြင်းနှင့် အုပ်ထိန်းသူနှင့် ကင်းကွာခြင်း စသည်တို့ကြောင့် ဖြစ်တတ်ကြောင်း ရဲတပ်ဖွဲ့မှ အသိပေးထားပြီး သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက် နယ်မြေဒေသများသို့ ကွင်းဆင်းကာ ပြည်သူလူထုအား အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်။

လူ့ဘောင်လောက၌ အမှောင့်တကာ့ အမှောင်ဆုံးမှာ ကာမ အမှောင် ဖြစ်သည်။ အကန်းတကာ့ အကန်းဆုံးမှာ ကာမအကန်းဖြစ်သည်။ ထို့ကြောင့် မျက်ကန်းတစ္ဆေမကြောက်သလို ကာမအမှုများ ဆက်လက်ဖြစ်ပေါ်နေသည်။ ကိုယ်ကျင့်တရား ပျက်ပြားနေသောကာလတွင် ကာမ အမှောင်အတွင်း သက်ဆင်းကြသူများ၊ မိုက်တွင်းနက်သူများ ရှိနေဦးမည်။ သို့သော် ထိုကာမမိုက်တွင်းနက်သူတို့ကို တရားဥပဒေက သက်ညှာ လိမ့်မည်မဟုတ်သလို လူ့ဘောင်လောကကလည်း ထောက်ထားလိမ့်မည်မဟုတ်ချေ။ ထိုမျှသာမက ဖြစ်လေရာဘဝသံသရာ၌ လူဖြစ်ရှုံးသည့် ဆင်းရဲခြင်း၊ အရှက်တကွဲ အကျိုးနည်းခြင်းတို့ဖြစ်ကြပြီး ကြောက်မက်ဖွယ်ကောင်းသော ဒုက္ခငရဲတွင်းသို့ ဆင်းကြရမည်မှာ သေချာသည်။

လက်ရှိကာလတွင် စက်ဆုပ်ဖွယ်ကောင်းသည့် ထိုဖြစ်စဉ်၊ နာကြည်းကြေကွဲခံပြင်းဖွယ်ရာကောင်းသည့် ထိုအဖြစ်မျိုးသို့ ရောက်စေနိုင်သည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သောအားဖြင့် တွန်းအားပေးခြင်း၊ ပို့ဆောင်ပေးခြင်း ပြုမူလုပ်ဆောင်မှုမျိုးကို မပြုလုပ်မိစေရန် ကာယကံရှင်၊ အုပ်ထိန်းသူနှင့် နီးစပ်ရာ ပတ်ဝန်းကျင်တို့အနေဖြင့်လည်း သတိထားဆင်ခြင်ဖို့လိုပါသည်။

မြန်မာနိုင်ငံသည် ဘာသာတရားနှင့် ကိုယ်ကျင့်တရားတို့ကို အစဉ်အဆက် လိုက်နာစောင့်ထိန်းသော နိုင်ငံဖြစ်သည်။ အဓိကမှာ ကာမဂုဏ်များယွင်းဖောက်ပြန်မှု၊ ကာမရာဂကို နှိုးဆော်စေသော ပြုမူနေထိုင်လုပ်ကိုင်မှုတို့ကို ရှောင်ကြဉ်ရန်လိုအပ်သည်။ ဥပမာအားဖြင့် ကာမရာဂကို နှိုးဆွစေတတ်သော ဝတ်စားဆင်ယင်ပြုမူလုပ်ကိုင်မှုကို ပြသသော ယနေ့ခေတ် ညစ်ညမ်းအွန်လိုင်းနှင့် ဗီဒီယိုဇာတ်လမ်းများ၊ အမျိုးသမီးငယ်များအနေဖြင့် မသင့်သော အချိန်၊ နေရာ၊ သွားလာမှုများကို သတိပြုဆင်ခြင်ကြပါလျှင် သက်ငယ်၊ သက်လတ်၊ သက်ကြီး မုဒိမ်းမှုများ လျော့နည်းကျဆင်းမည်မှာ သေချာပါသည်။

ဥပဒေကြောင်းအရမူ ပြစ်မှုကျူးလွန်မှု အတိမ်အနက်အလိုက် ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ရမည်သာ ဖြစ်သည်။ အဓိကမှာ ပြစ်မှုများ တိုးလာအောင် လမ်းခင်းမပေးမိဖို့ လိုအပ်ပါသည်။ သတင်းစာပညာတွင် မကောင်းမှုနှင့်ပတ်သက်၍ လုပ်နည်း ကိုင်နည်းတို့ကို အသေးစိတ် မဖော်ပြရဟု သတ်မှတ်ချက်ရှိသည်။ အကြောင်းမှာ ပညာပေးခြင်းမဖြစ်ဘဲ အတုခိုးမှားခြင်း၊ အတုမြင် အတတ်သင်ခြင်းဖြစ်လာနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသမီးငယ်များအား အဓမ္မစော်ကားသူများကို ကြီးလေးသောပြစ်ဒဏ်ချမှတ်ရမည်ဖြစ်သလို ထိုသို့မဖြစ်နိုင်အောင်လည်း သတိပြုဆင်ခြင် ပြုမူနေထိုင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများနှင့် စက်မှုသင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မတ် ၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁၆) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး သွန်းလောင်းပုံစံပြု အလုပ်ရုံတွင် ရွှေပြားကြိတ်စက် စမ်းသပ်တီထွင်မှု လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်နှင့်အတူ စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများ အခြေတကျ နေထိုင်နိုင်ရန် နေရာချထားပေးသည့် ကမ်းပြိုစုပေါင်းတိုးချဲ့ရပ်ကွက်သို့ ရောက်ရှိပြီး အိမ်ရာအကွက်များ ဖော်ဆောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ နေထိုင်မည့် အငြိမ်းစားဝန်ထမ်းများနှင့်တွေ့ဆုံ၍ အငြိမ်းစားဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)သို့ ရောက်ရှိပြီး Information Technology Room , CNC Shop, Car Marchatronic Shop တို့ရှိ သင်ထောက်ကူ စက်ပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာစာအရေး၊ အဖတ် အခြေခံသင်တန်းဖွင့်မည်

**ကန့်ဘလူ မတ် ၄**

ကျောင်းသား ကျောင်းသူ လူငယ်များ နွေရာသီအားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် မြန်မာစာရေးသားမှု စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအဖွဲ့(Book Club)တို့ ပူးပေါင်း၍ မြန်မာစာအရေး၊ အဖတ် အခြေခံသင်တန်းကို မတ် ၁၂ ရက်မှ ၂၃ ရက်အထိ လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ်များအတွက် မြန်မာစာ အရေး၊ အဖတ် အခြေခံမှစ၍ ပိုမိုကျွမ်းကျင်လာစေရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အမ်းလူထုဗဟိုပြု စတုတ္ထနှစ်စက်ဝန်း စီမံကိန်းဆောင်ရွက်မှုအား ဓာတ်ပုံပြခန်းဖွင့်လှစ်ပြသ


**အမ်း မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော အမ်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ် စက်ဝန်းလုပ်ငန်းများ၏ ဆောင်ရွက်ထားရှိမှုများကို အမ်းမြို့ အားကစားကွင်းအနီး၌ မတ် ၃ ရက်က ဓာတ်ပုံပြခန်း ဖွင့်လှစ်ပြသခဲ့ကြောင်း အမ်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ သိရသည်။

ဓာတ်ပုံပြပွဲ ဖွင့်ပွဲသို့ အမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

စီမံကိန်းပါ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်သူများ ပိုမိုသိရှိစေရန်နှင့် စီမံကိန်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ရပ်ရွာလူထုတို့ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ အဆိုပါ ဓာတ်ပုံပြခန်း ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်သည်ဟု အမ်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးညီညီထံမှ သိရသည်။

**၅၂၂**




## မျက်စိအတွင်းတိမ် ဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးမည်

**စစ်တွေ မတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များကို စစ်တွေမြို့ ရွှေကရုဏာစေတနာဆေးခန်း၌ မတ် ၁၉ ရက်မှ ၂၁ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ခင်ဥမ္မာခိုင် ဦးဆောင်ပြီးတော့ မျက်စိအထူးကုဆရာဝန် ၁၀ ဦးက ခွဲစိတ်ကုသပေးကြမှာပါ။ အခု ကျွန်တော် စစ်တွေမြို့ကနေ တောင်ကုတ်မြို့ထိကို သွားရောက်ပြီးတော့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေနေပါတယ်၊ ရန်ကုန် - စစ်တွေလမ်းမကြီးတစ်လျှောက် အကုန်လုံးကျေးရွာတွေက ပြည်သူတွေပါ သိရှိနိုင်အောင်အတွက်ပါ၊ မျက်စိခွဲစိတ်ကုသမှုခံယူမယ့်သူတွေအတွက် ကျွန်တော်တို့ ဖောင်ဒေးရှင်းက စစ်တွေမြို့မှာ နေရာထိုင်ခင်းအတွက် စီစဉ်ပေးပါမယ်၊ စားသောက်တဲ့ အစီအစဉ်ကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပါ၊ လူနာအနေနဲ့ကတော့ ၃၀၀ လောက်ကို ခွဲစိတ်ကုသပေးဖို့ စီစဉ်ထားပါတယ်၊ ဒါပေမယ့် ထပ်ပြီးတိုးလာရင်လည်း ကုသပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု ရွှေကရုဏာဖောင်ဒေးရှင်း ဘဏ္ဍာရေးမှူး ဦးစံရွှေက ပြောသည်။

မျက်စိခွဲစိတ်ကုသမှုခံယူလိုသော ဝေဒနာရှင်များအနေဖြင့် ရွှေကရုဏာဖောင်ဒေးရှင်း (ရွှေကရုဏာ စေတနာဆေးခန်း)သို့ မတ် ၁၆ ရက်မှ ၁၈ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ကိုယ်တိုင်လာရောက်ပြီး စမ်းသပ်မှုခံယူကာ စာရင်းပေးသွင်းသွားရမည် ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

❖ **ရှေ့ဖုံးမှ**

ယင်းနောက် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ ကျောင်းဝင်းအတွင်း ဆောက်လုပ်လျှုဒါန်းထားသော ကလေးကစားကွင်းအား နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ယနေ့အခမ်းအနားသည် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့က ရှမ်းပြည်နယ်အတွင်းဆောက်လုပ်ပြီးစီးခဲ့သောစာသင်ကျောင်းပေါင်း ၃၀၀ ပြည့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားဖြစ်သကဲ့သို့ နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားရေးအတွက် အားသစ်လောင်းသည့် နေ့လည်းဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မူဝါဒ(၄)ရပ်၊ ရည်မှန်းချက်(၇)ရပ်၊ လုပ်ငန်းစဉ်(၁၈)ရပ် ချမှတ်ပြီး နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကိုဆောင်ရွက်လျက်ရှိရာတွင် နှစ်နိုင်ငံအစိုးရအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့နှင့် ၂၀၀၂ ခုနှစ်က စတင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုအခါ စာသင်ကျောင်းဆောင်သစ် ၃၀၀ ဆောက်လုပ်ပေးနိုင်သကဲ့သို့ အချို့ကျောင်းများကို ပြုပြင်ပေးနိုင်ခဲ့ပါကြောင်း ထိုသို့ဆောင်ရွက်ရာတွင် ရပ်ရွာအခြေပြုလူထုပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ပူးပေါင်းပါဝင်ခဲ့သောဒေသခံလူထု၏ လုပ်အားခကို ကျောင်းရန်ပုံငွေအဖြစ် ထူထောင်ပေးနိုင်သည့်အပြင် ရေရှည်ထိန်းသိမ်းရေးအတွက် ကောင်းမွန်သည့် အကျိုးကျေးဇူးများရရှိစေခဲ့ကြောင်း ဆက်လက်ပြီး နိပ္ပွန်ဖောင်ဒေးရှင်း၏ရန်ပုံငွေပံ့ပိုးမှုနှင့်အတူ လာမည့်စီမံကိန်း စတုတ္ထအဆင့်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း)အပြင် ကယားပြည်နယ်ကိုပါ တိုးချဲ့ပြီး စာသင်ကျောင်းပေါင်း ၁၂၀ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမူဝါဒ (မဟာဗျူဟာစီမံကိန်း)မှာ ဖော်ပြထားသည့်အတိုင်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ ခွဲခြားမှုမရှိဘဲ ကျောင်းနေအရွယ် လူငယ်လူရွယ်အားလုံးကို လူသားကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနေကြောင်း ကျောင်းသား ကျောင်းသူ အားလုံး အသင်းအဖွဲ့ စိတ်ဓာတ်တည်ဆောက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးနေကြောင်း၊ အရည်အသွေး မြင့်မားသည့် ဆရာကောင်းများမွေးထုတ်နိုင်ရေးအတွက် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေး ဒီဂရီကောလိပ်များဖြစ်အောင် အဆင့်မြှင့်တင်ပေးနေပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA က ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးလုပ်ငန်းများအပေါ် ကူညီဆောင်ရွက်ပေးနေမှုများနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးတို့အတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ စီးပွားရေးသံမှူး Mr. Kazuyuki Takimi က ဂျပန်အစိုးရ၏ ဖွံ့ဖြိုးမှုအကူအညီပေးရေးအစီအစဉ်သည် ဂျပန်နိုင်ငံပြည်သူများကို ကိုယ်စားပြုနေသောကြောင့် ယခုဆောက်လုပ်ပေးသော ကျောင်းဆောင်သစ်များကို ရေရှည်ထိန်းသိမ်းပြီး ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ရှမ်းပြည်နယ် ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းဘဏ္ဍာနှစ်အလိုက် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်မှု အခြေအနေများကိုရှင်းလင်းပြောကြား၍ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမဏ္ဍိုင်ဖြစ်သော ပညာရေးကဏ္ဍတိုးတက်အောင်မြင်ရန် ရန်ပုံငွေများ ကူညီပံ့ပိုးပေးသည့် နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စီမံကိန်းလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် စေတနာအဖွဲ့တို့အားကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီးဒေသခံတိုင်းရင်းသား ပြည်သူတစ်ဦးကလည်း ယခုကဲ့သို့ စာသင်ကျောင်းသစ်ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ကျောင်းရန်ပုံငွေ ၇၃ သိန်းနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများထံပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း စာသင်ကျောင်း ၃၀၀ ပြည့် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်တံဆိပ်နှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် မတ် ၄**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Parliamentary Network on the World Bank & International Monetary Fund (PN) မှ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ယနေ့ညနေ ၆ နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီး Dr. Luan Thuy Duong နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်၊ ဦးသောင်းအေးတို့လည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည်။

လေ့လာရေးခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံရှိ World Bank ရုံး၌ IMF အဖွဲ့၊ ကမ္ဘာ့ဘဏ်အဖွဲ့များနှင့် တွေ့ဆုံ ခြင်း၊ ဗီယက်နမ်နိုင်ငံလွှတ်တော်သို့သွားရောက်ကာ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွင်း လေ့လာခြင်း၊ WBG projects ဆွေးနွေးပွဲသို့တက်ရောက်လေ့လာခြင်း၊ ပညာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနများသို့ သွားရောက်လေ့လာခြင်း၊ ဗီယက်နမ်နိုင်ငံရှိ State Bank သို့သွားရောက်လေ့လာခြင်း၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် နမ့်စန်ပင်မဓာတ်အားခွဲရုံတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ကြည့်ရှုစစ်ဆေးသည်။



အဆိုပါစီမံကိန်း၏ ပင်မရေလှောင်တမံမှာ အလျားပေ ၁၈၀၀၊ အမြင့် ပေ ၂၃၀ရှိ ဇုန်အမျိုးအစားတမံဖြစ်ပြီး ကန်ရေပြည့်ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၀၄၀၀၀ သိုလှောင်နိုင်ပြီး စက်တပ်ဆင်အင်အား ၁၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြုစီမံကိန်းတစ်ခုဖြစ်သည်။

အလားတူ ကျိုင်းတောင်းမြို့၏ တောင်ဘက် ၁၈ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက်ပြီး ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ ဒသမ ၆ သန်းကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက် ဓာတ်အားပို့လွှတ်ပေးလျက်ရှိသည်။

အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပြီးစီးရန် လျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းမှ ထွက်ရှိလာမည့်လျှပ်စစ် ဓာတ်အားများနှင့် လက်ရှိကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို နမ့်စန်ပင်မဓာတ်အားခွဲရုံသို့၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ဖြန့်ဖြူးပေးသွားမည့်အပြင် နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသည့် ကျိုင်းတုံမြို့အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ဓာတ်အားလိုင်းသစ် ၁၅၅ မိုင် တည်ဆောက်ရေးစီမံကိန်းနှင့် ထွက်ရှိလာမည့် ဓာတ်အားများကို လက်ခံဖြန့်ဖြူးပေးနိုင်ရန် နမ့်စန်ခွဲရုံအတွင်း ၂၃၀ကေဗွီ Switch Yard တိုးချဲ့ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးသွားရန် လျာထား ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ကျိုင်းတုံမြို့နှင့် မိုင်းပျဉ်းမြို့များတွင်လည်း ၂၃၀ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ဓာတ်အားလိုင်းစီမံကိန်းနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံမြေဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ ကျောက်သားနံရံခိုင်ခန့်မှုလုပ်ငန်း၊ ရေထိန်းတံခါးပြွန်မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ နမ့်စန် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဓာတ်အားခွဲရုံမှူးက ဓာတ်အားလက်ခံ၊ ပို့လွှတ်၊ ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ မဟာဓာတ်အားလိုင်းမှူး(နမ့်စန်)က ဓာတ်အားလိုင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန(မြောက်ပိုင်း) ညွှန်ကြားရေးမှူးက ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ဓာတ်အားလိုင်းသစ် ၁၅၅ မိုင် တည်ဆောက်ခြင်းနှင့် နမ့်စန်ဓာတ်အားခွဲရုံအတွင်း Switch Yard တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား မှာကြားခဲ့ပြီး Switch Yard တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲကို စော၍ကျင်းပရန် အကြောင်းမရှိဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုပြော


© ZUMA/REX

**ဂျေရုဆလင် မတ် ၄**
အစ္စရေးနိုင်ငံ၌ ရွေးကောက်ပွဲကိုစော၍ကျင်းပရန် အကြောင်းမရှိကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက မတ် ၄ ရက်တွင် ပြောကြားလိုက်သည်။

စစ်မှုမထမ်းမနေရ ဥပဒေအရ အစ္စရေးတပ်မတော်အတွင်း ရဟူဒီအာထရာ-အော်သိုဒေါ့များ စစ်မှုထမ်းဆောင်ရန် သင့်၊ မသင့် နိုင်ငံရေးအရ အငြင်းပွားမှုဖြစ်ပေါ်နေခြင်းကြောင့် ရွေးကောက်ပွဲကို စော၍ကျင်းပရန် အစီအစဉ်ရှိ၊ မရှိ သတင်းထောက်များက မေးမြန်းရာတွင် ဝန်ကြီးချုပ် နေတန်ယာဟုက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

အစိုးရအဖွဲ့အတွင်းရှိ မိမိ၏လုပ်ဖော်ကိုင်ဖက်များသည် နိုင်ငံရေးအငြင်းပွားမှုကိစ္စတွင် အပြေသဘောတုံ့ပြန်ကြမည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားသည်။

ရဟူဒီ အာထရာ-အော်သိုဒေါ့များ စစ်မှုထမ်းခွင့်နှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ်ရရှိနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြရာတွင် မပြေမလည်မှုဖြစ်ပေါ်ခဲ့ရပြီးနောက် အစိုးရအဖွဲ့ကို ဖျက်သိမ်းကောင်း ဖျက်သိမ်းရလိမ့်မည်ဟု ညွန့်ပေါင်းအဖွဲ့မှ အထက်တန်းတာဝန်ရှိသူများက မတ် ၃ ရက် ညတွင် သတိပေးပြောကြားခဲ့ကြသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် အိမ်ဖြူတော်တွင် သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုသို့ လေယာဉ်ဖြင့် ထွက်ခွာလုဆဲဆဲတွင် သတင်းထောက်များ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် သမ္မတထရန့်နှင့် တွေ့ဆုံသည့်အခါ အီရန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်ရရှိခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်း၏ကန့်ကွက်မှုကို ထပ်လောင်းပြောဆိုရန် စီစဉ်ထားသည်ဆို၏။

အစ္စရေးနှင့် အမေရိကန်ခေါင်းဆောင်တို့သည် တဲလ်အဗစ်မြို့မှ မြို့တော်ဂျေရုဆလင်သို့ အမေရိကန်သံရုံးနေရာ ရွှေ့ပြောင်းရေးကိစ္စရပ်နှင့် ပတ်သက်၍လည်း ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ**




# နှစ်နိုင်ငံဆွေးနွေးမှုမစတင်မီ အမေရိကန်၏ တောင်းဆိုချက်ကို ပြုံယမ်းပယ်ချ

**ပြုံယမ်း မတ် ၄**
မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိပါက ကနဦးအနေဖြင့် နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် ဦးစွာပထမ လုပ်ဆောင်ရန် လိုအပ်သည်ဆိုသည့် အမေရိကန်၏တောင်းဆိုချက်ကို မြောက်ကိုရီးယား အစိုးရက ပယ်ချခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြုံယမ်းသည် အမေရိကန်ပြည်ထောင်စုနှင့် နျူကလီးယားအရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံဆွေးနွေးရန် ဆန္ဒရှိသော်လည်း ကြိုတင်သတ်မှတ်ချက်အနေဖြင့် မည်သည့်ကိစ္စရပ်ကိုမျှ လုပ်ဆောင်ရန် မလိုအပ်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကားပြီး မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြသည်။

လွန်ခဲ့သောလက တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမြို့၌ ကျင်းပသည့် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် မြောက်ကိုရီးယားအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ပြုံယမ်းအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိပါကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်အား ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်းအစီအစဉ် နိုင်ငံအချင်းချင်း အပြန်အလှန် အကျိုးရရှိနိုင်ဟုဆို

**ပေကျင်း မတ် ၄**
ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်သည် ခေတ်သစ်ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့်ကြည်းကြောင်း ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများနှင့် ဒေသများအား အပြန်အလှန် အကျိုးကျေးဇူးရရှိနိုင်ရန် ရည်ရွယ်ပြီး ယင်းအစီအစဉ်ကို နယ်ချဲ့ဝါဒသစ်နှင့် နှိုင်းယှဉ်ခြင်းမပြုအပ်ကြောင်း တရုတ်အမျိုးသား နိုင်ငံရေးအတိုင်ပင်ခံပုဂ္ဂိုလ် ကျန်ယုယန်က မတ် ၄ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံက ပင်လယ်ရပ်ခြားနိုင်ငံများနှင့်အတူ အခြေခံအဆောက်အအုံ တည်ဆောက်ရေးသဘောတူညီချက်များ ရယူခြင်း၊ စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းတို့နှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံအချို့က တရုတ်နိုင်ငံ၏ နယ်ချဲ့ဝါဒသစ်လုပ်ရပ်အဖြစ် ဝေဖန်ရေးသားဖော်ပြနေမှုများကို တုံ့ပြန်လျက် ကျန်ယုယန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ဒေသဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိကြပြီး ၎င်းတို့၏လူမှုရေးတာဝန်ယူမှုများအတွက် ကျေပွန်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်နေကြကြောင်း တရုတ်လူမှုရေး သိပ္ပံပညာရပ်များ တက္ကသိုလ်အောက်ရှိ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံ၏ ညွှန်ကြားရေးမှူးလည်းဖြစ်သူ ကျန်က ပြောကြားသည်။

အာဖရိကနိုင်ငံတစ်နိုင်ငံ၌ ရေနံချက်စက်ရုံထူထောင်ရေးအတွက် ဖက်စပ်လုပ်ငန်းတစ်ရပ် ဆောင်ရွက်နေခြင်းသည် ဒေသတွင်းနိုင်ငံများအနေဖြင့် ရေနံသွင်းကုန်များအပေါ် မှီခိုအားထားနေရမှုကို လျှော့ချရန် ရည်ရွယ်ကြောင်း၊ မိမိတို့သည် ရေနံစူးစမ်းရှာဖွေရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလျက်ရှိသည်သာမက ဒေသဆိုင်ရာ ကုမ္ပဏီများအနေဖြင့် ရေနံချက်စက်ရုံတစ်ရုံ ထူထောင်နိုင်စေရန်အတွက်လည်း မိမိတို့က အကူအညီပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# ဂြိုဟ်များအား လေ့လာရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရန် သဘောတူ

**တိုကျို မတ် ၄**
လကမ္ဘာ၊ အင်္ဂါဂြိုဟ်နှင့် နေစကြဝဠာအတွင်းရှိ အခြားသော ဂြိုဟ်များအား လေ့လာရာတွင် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံပေါင်း ၄၅ နိုင်ငံနှင့် အာကာသအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးများက မတ် ၃ ရက်တွင် သဘောတူညီလိုက်ကြကြောင်း ကျိုဒိုသတင်းဌာနက မတ် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ ကျင်းပသော နိုင်ငံတကာ အာကာသစူးစမ်းလေ့လာရေးဖိုရမ်ဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်တစ်ရပ်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

အာကာသရေးရာ စူးစမ်းလေ့လာမှုများပြုလုပ်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေး အရေးကြီးပုံကို ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ သဘောတူညီကြပြီး အနာဂတ်မျိုးဆက်သစ်များအတွက် အာကာသဆိုင်ရာ ပတ်ဝန်းကျင်ကောင်းကို ထိန်းသိမ်းစောင့်ရှောက်ကြရန် ကတိကဝတ်ပြုကြသည်။



ကမ္ဘာ့ထွန်းသစ်စနိုင်ငံများသည် အာကာသရေးရာ စူးစမ်းလေ့လာမှုများပြုလုပ်ရာတွင် တိုးတက်အောင်မြင်မှုများ ရရှိနေကြောင်း ဆွေးနွေးပွဲတွင် ကိုယ်စားလှယ်များက ပြောကြားကြသည်။

လူလိုက်ပါသော အာကာသယာဉ်ကို အသုံးပြု၍ ဖြစ်စေ၊ လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်ကို အသုံးပြု၍ ဖြစ်စေ အာကာသရေးရာ စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ်ပြုလုပ်သွားကြရန် လိုအပ်ပုံကို ကိုယ်စားလှယ်များက ဆွေးနွေးပြောဆိုခဲ့ကြသည်။

အာကာသရေးရာ စူးစမ်းလေ့လာမှုများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် အာကာသနည်းပညာသစ်များကို ဖော်ထုတ်နိုင်ကြမည်ဖြစ်ပြီး စီးပွားရေးအခွင့်အလမ်းများလည်း ပွင့်လန်းလာမည်ဖြစ်ကြောင်း၊ အာကာသဟင်းလင်းပြင်ကို ကမ္ဘာ့နိုင်ငံများက ငြိမ်းချမ်းသော ရည်ရွယ်ချက်များအရသာလျှင် လေ့လာစူးစမ်းမှုပြုလုပ်ကြရန် သဘောတူညီကြကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

**ကျိုဒို**

# ပန်းတောင်းမြို့နယ်ရှိ ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးအား ထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**ပြည် မတ် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ သမိုင်းဝင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ဆန္ဒနှင့်အညီ ၅၀၁ ဆူပြည့် ရွှေထီးတော်သစ် တင်လှူပွဲ အခမ်းအနားကို ပြည်မြို့ တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ်ရှိ ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ယနေ့ နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက ဆရာတော်များ၊ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တ နာဂဒီပ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ကျိုက်ထီးဆောင်းငါးသုံးလီမိသားစု၊ ပြည်ပနိုင်ငံများမှ ဆရာတော်များ၊ ရွှေဘုံသာမုနိ ဂေါပကအဖွဲ့နှင့် ပန်းတောင်းမြို့နယ်မှ ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား တင်လှူပူဇော်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏



ခွင့်ပြုချက်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုး ကူညီမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနေ့အခမ်းအနားကတော့ ကျိုက်ထီးဆောင်း ဆရာတော်ရဲ့ ဆန္ဒနဲ့အညီ ၅၀၁ ဆူမြောက် ရွှေဘုံသာမုနိ ထီးတင်ပွဲအခမ်းအနားပဲဖြစ်ပါတယ်၊ မနေ့ကဆိုရင် ရှင် ၁၂၀၀ ရှင်ပြုပွဲအခမ်းအနား လုပ်တယ်၊ ရွှေထီးတော်က ဘုံသုံးဆင့်ပါ၊ မနေ့ညနေကပဲ မွန်ထီးနဲ့ ရှမ်းထီးတင်တယ်၊ ဒီဘုရားက မော်တင်စွန်းထက် နှစ်ဆမြင့်တယ်၊ ထီးတော်တွေဆိုလည်း ကြီးတယ်၊ ခဲရာခဲဆစ်တင်ရတဲ့ အနေအထားဖြစ်တယ်၊ နောက်ထပ်လည်း ဒီထက်ကြီးတဲ့ဘုရားတွေ တည်ဖို့ ပဲခူးတိုင်းနဲ့လည်းညှိထားတယ်၊ ဧရာဝတီတိုင်းနဲ့လည်း ညှိထားတယ်၊ ပဲခူးတိုင်းမှာမကြာခင်လုပ်မယ့် သံဃာအပါး တစ်ထောင့်ရှစ်ရာပွဲကိုလည်း ဦးဆောင်ပြီး လုပ်ဖို့ရှိပါတယ်”ဟု အလှူရှင် ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ပြောသည်။

ထီးတော်တင်လှူပွဲနှင့်အတူ မတ် ၃ ရက်ကလည်း ရွှေဘုံသာမုနိ ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ရဟန်းသာမဏေ၊ သီလရှင် အပါး ၁၂၀၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းနှင့် ညနေပိုင်းတွင် ထီးတော်၏ ပထမဘုံအဆင့်နှင့် ဒုတိယဘုံအဆင့်အား တင်လှူပူဇော်ခဲ့ကြသည်။

ထို့ပြင် မတ် ၃ ရက်နှင့် ၄ ရက် ညပိုင်းတွင် နိုင်ငံကျော်တေးသံရှင်များက သီဆိုဖျော်ဖြေခဲ့ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအလှများ၊ ပဒေသာ အငြိမ့်ဇာတ်သဘင်တို့ဖြင့် ဖျော်ဖြေကြကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာမိသားစု)က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သီသီမင်း**

# (၃၁)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၄**

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ (ရန်ကုန်)က ကြီးမှူးကျင်းပသော (၃၁)ကြိမ်မြောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်ဆရာတော် အရှင်သူမြတ် ၁၈ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် သာသနာနုဂ္ဂဟ လူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ရခိုင်မင်္ဂလာ စည်တော်ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် အခမ်းအနားဖွင့်လှစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပုသိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာပို့သပေးကြသည်။

ယင်းနောက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်များ၏ နာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ ကိုယ်တိုင် ရေးသားသီကုံး ပူဇော်သော သဒ္ဓမ္မဋ္ဌိတိဝေဒလ္လဂါထာများဖြင့် ပူဇော်ပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ ဦးဆောင်နာယက ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး



ဦးဇော်အေးမောင် က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မင်းပြားမြို့မကျောင်း ဆရာတော် ဘဒ္ဒန္တဃောသိတာရမ္ဘ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဓမ္မသုခ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ယပ်လှဲကျောင်း ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒတို့ထံမှ ပရိသတ်က ဩဝါဒကထာများ နာယူကြသည်။

ဆက်လက်၍ ဓမ္မာရုံဂေါပကအဖွဲ့ဝင်တစ်ဦးက ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် သာသနာနုဂ္ဂဟလူပုဂ္ဂိုလ် တစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ မြောက်ဦး ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒထံမှ ပရိသတ်က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဝင် ဦးဆောင်နာယက ဦးတင်ညွန့်က နိဂုံးချုပ်စကား လျှောက်ထားကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစောသိန်းက “ဒီအခမ်းအနားက လွတ်လပ်ရေးနေ့မှာ နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့ရ ဂုဏ်ထူးဆောင် ရခိုင်ဆရာတော်ကြီးများကို ရန်ကုန်မှာရှိတဲ့ ရခိုင်သူ၊ရခိုင်သားများက အားလုံးစုပေါင်းပြီး ထပ်ဆင့်ချီးကျူးပူဇော်တဲ့ပွဲ ဖြစ်ပါတယ်၊ (၃၁)ကြိမ်ရှိပါပြီ၊ ဒီနှစ်မှာတော့ ထူးထူးခြားခြား ပုသိမ်ကျောင်းတိုက် ဆရာတော်က အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိပါတယ်၊ ရခိုင်ဆရာတော်တွေထဲမှာ သာသနာရေးဆိုင်ရာ အဆင့်မြင့်ဆုံးဘွဲ့ထူးဂုဏ်ထူးကို ပထမဆုံးရခဲ့တာဖြစ်ပါတယ်၊ အဲဒီအတွက် ရခိုင်သူ၊ ရခိုင်သား ဒကာ၊ ဒကာမတွေက အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်၊ ရခိုင်ဓမ္မာရုံကြီးစပေါ်ကတည်းက ဆရာတော်ကြီးတွေ ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် ကျင်းပလာတာပါ၊ နှစ်စဉ်နှစ်တိုင်းလည်း သာသနာတော်ကို ချီးမြှင့်ခြင်းအားဖြင့် စုစုစည်းစည်း လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်”ဟု ပြောသည်။

**သတင်းစဉ်**

# ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ညောင်တုန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၃၀၃၇ ဦး ဖြေဆိုမည်


**ညောင်တုန်း မတ် ၄**

မတ် ၇ ရက်၌ စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ညောင်တုန်းမြို့နယ်စာစစ်ဌာနများ၌ ကျောင်းတွင်းဖြေနှင့် ပြင်ပဖြေ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၃၇ ဦး ဝင်ရောက်ဖြေဆိုမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ညောင်တုန်းမြို့နယ်တွင် စာစစ်ဌာန ခုနစ်ခု ဖွင့်လှစ်ထားပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာရပ်အတွဲ(၁)တွင် ၉၀၇ ဦး၊ အတွဲ(၂)တွင် ၁၃၃၁ ဦးနှင့် အတွဲ(၇)တွင် ၁၁၅ ဦး စုစုပေါင်း၂၃၅၃ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ ပြင်ပဖြေ ကျောင်းသား ကျောင်းသူပေါင်း ၆၈၄ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ ထို့ပြင် ယခုနှစ်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အထက(သပြေချောင်း)စာစစ်ဌာနနှင့် အထက(၂)စာစစ်ဌာနတို့ကို စာစစ်ဌာနအသစ်ဖွင့်လှစ်ကာ ရပ်ဝေးကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေစေရန်အတွက် ဖြေဆိုခွင့်ပြုထားကြောင်း လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသန်းမင်းထံမှ သိရသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သတ်မှတ်ရက်များမှစ၍ ကျောင်းသား ကျောင်းသူများအား စာဖြေဆိုခွင့် ဝင်ခွင့်ကတ်ပြားများလည်း ထုတ်ယူကြရန် အသိပေးကြေညာထားသည်။ ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအတွက် ကြီးကြပ်ရေးမှူး၊ လ/ထကြီးကြပ်ရေးမှူး ဆရာ ဆရာမများ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးခြင်းနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ငွေးနှင့် ဦးမျိုးထိန်လင်း(ဒုတိယမြို့နယ်ပညာရေးမှူး)တို့ ဦးဆောင်ကာ ကျောင်းဝင်းလုံခြုံရေး၊ မီးဘေးစီမံချက်များရေးဆွဲပြီး ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ တက္ကသိုလ်ဝင်စာမေးပွဲအား ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



# ၁၉၈၀ သဘောတူညီချက်နှင့် မြန်မာ့အနောက်တံခါးမှ နယ်နိမိတ်များ

**ရှင်မင်း**

"ယခု နယ်နိမိတ်မျဉ်းတွင် ကပ်လျက်ဝင်ရောက်နေထိုင်သူများအကြား အကြမ်းဖက်သမားများ ပါဝင်နေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံဘက်မှ ဖယ်ရှားရှင်းလင်းမှုများဆောင်ရွက်လာလျှင် နေရာကမစွန့်ခွာဘဲ ဆက်လက်နေထိုင်ရန် အကြမ်းဖက်အဖွဲ့အစည်းဝင်များက ညွှန်ကြားနေကြောင်း သတင်းစကားများက ပို၍ သတိထားရှိရမည့် အခြေအနေပင်ဖြစ်သည်။

ထို့အတူ နိုင်ငံရေးအမြတ်ထုတ်နိုင်ရန် သတင်းမှား၊ သတင်းတုများကို ဖြန့်ဝေနေသည်မှာ လန့်စရာဟုပင် ဆိုရမလိုပင်။ မြန်မာနိုင်ငံဘက်တွင် အသက်အန္တရာယ် စိုးရိမ်ဖွယ်အခြေအနေရှိသယောင်၊ စားသောက်ရန် ပြတ်လပ်ခက်ခဲနေသယောင် စသည်ဖြင့် အမှန်မဟုတ် ဖန်တီးထားသည့် အခြေအနေကို နိုင်ငံတကာက ပုံမှားမြင်လာအောင်၊ လူ့အခွင့်အရေးသမားများ လှုပ်ရှားပါဝင်လာအောင် ချပြဆောင်ရွက်နေသည်ကို သတိပြုရမည်။"

မြန်မာနိုင်ငံ၏ အနောက်တံခါးဟု ခေါ်ဆိုကြသည့် ရခိုင်ပြည်နယ် အရေးကိစ္စများသည် တစ်နေ့တစ်မျိုး မရိုးဟုပင် ဆိုနိုင်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များ တည်ငြိမ်မှုရရှိအောင် ကြိုးပမ်းပြီး ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ အားလုံး စီစဉ်ပြီးချိန်၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်နေချိန် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး မြန်မာပိုင်နယ်မြေတွင် လူ ၆၀၀၀ ကျော် ဝင်ရောက်နေထိုင်မှုအရေးကိစ္စ ဖြေရှင်းဆောင်ရွက် ရန် ပေါ်ပေါက်လာပြန်သည်။

**နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား နယ်နိမိတ်ကျောက်တိုင် ၃၄ နှင့် ၃၅ အကြားတွင် လူနည်းစုမှသည် တစ်စတစ်စ များပြားလာကာ ခြောက်ထောင်ကျော်အထိ နေထိုင်လာခြင်းသည် စိုးရိမ်ဖွယ်အခြေအနေကို ဖိတ်ခေါ်ဖန်တီးနေသကဲ့သို့ပင်။ သို့အတွက် နှစ်နိုင်ငံတွေ့ဆုံညှိနှိုင်းခဲ့ရသည်။ ထိုသို့ ညှိနှိုင်းခဲ့မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကူတူပါလောင်ကျေးရွာနှင့် ဘာလူခါလီကျေးရွာများမှ ဒုက္ခသည်စခန်းများသို့ ပြောင်းရွှေ့သွားခဲ့သည့်အတွက် လက်ရှိတွင် ၁၀၀၀ ကျော်သာ ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါအရေးကိစ္စနှင့်အတူ အခေါ်အဝေါ် အသုံးအနှုန်းနှင့် ပတ်သက်၍ ပြောဆိုစရာ ကိစ္စတစ်ရပ် ပေါ်ပေါက်လာ ပြန်သည်။ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအတွင်း နေထိုင်သူများကိုညွှန်းဆိုကြရာတွင် မည်သူမျှမနေရ (No Man's Land) ဟူသည့် အသုံးအနှုန်းကို လည်းကောင်း၊ Zero Line ဟူသည့်အသုံးအနှုန်းကိုလည်းကောင်း သုံးစွဲလာကြခြင်းဖြစ်သည်။

**အချုပ်အခြာအာဏာပိုင်နိုင်ငံ**

အသုံးအနှုန်း အရေးကြီးသလားဟု ဆိုရလျှင် လွန်စွာအရေးကြီးပါသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံတွင် နိုင်ငံနယ်နိမိတ်၊ အဆိုပါနယ်နိမိတ်အတွင်း နေထိုင်သည့် ပြည်သူနှင့် အုပ်ချုပ်သော အစိုးရဟူသည့် ဝိသေသလက္ခဏာများ ရှိပြီးဖြစ်သည်။ နိုင်ငံ၏အချုပ်အခြာ ပိုင်ဆိုင်မှုအတွက် နယ်နိမိတ်မျဉ်းသည် အဓိကကျသည့် သတ်မှတ်ချက်ဖြစ်သည်။ ထို့ကြောင့် တိကျစွာ သုံးနှုန်းရန် လိုအပ်ပါသည်။ နိုင်ငံတကာရေးရာ ကိစ္စများအတွက် သံတမန်နည်းအားဖြင့် ဆက်သွယ်ရာတွင် အထူးသဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်သွယ်ညှိနှိုင်းနေရသည့် ယခုအချိန်အခါမျိုးတွင် ပို၍ သတိထားဖွယ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ လွယ်လွယ်ကူကူ မသုံးသင့်ပါ။

စင်စစ်အားဖြင့် No Man's Land ဟူသော စကားရပ်သည် နှစ်နိုင်ငံ နယ်နိမိတ် အငြင်းပွားမှုများကြောင့် ညှိနှိုင်းအဖြေရှာမရ၍ မည်သည့်နိုင်ငံကမှ ဝင်ရောက်ခြင်းမပြုရန် နှစ်ဖက်သဘောတူထားရှိသည့် နေရာမျိုးကို ဆိုလိုခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်း၏ ဟိုဘက်ဒီဘက် သဘောတူသတ်မှတ်ထားသည့် အကွာအဝေးအတွင်း လူပုဂ္ဂိုလ်များ ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည့် သဘောတူညီချက်များရှိသည်။ ထိုသို့ အဆောက်အအုံမဆောက်လုပ်ရ ဇုန် (Non-Construction Zone) သဘောတူ သတ်မှတ်ချက်သည် နယ်နိမိတ်မျဉ်းကြောင်း သွယ်တန်းမှုအပေါ် ထိခိုက်မှုများ မဖြစ်ပေါ်စေရန်နှင့် နှစ်နိုင်ငံအငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ပါက နယ်နိမိတ်မျဉ်းကြောင်းကို လွယ်လင့်တကူ ပြန်လည်ရှာဖွေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်မျဉ်း၏ ပေ ၁၅၀ အကွာအဝေးတွင် အဆောက်အအုံ မဆောက်လုပ်ရ သဘောတူညီချက်ကို ထားရှိပြီးဖြစ်သည်။ ထို့ကြောင့် နှစ်နိုင်ငံ သဘောတူညီချက်များအရ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာ ဇုန်အတွင်း မည်သည့် အဆောက်အအုံမျှ

"မြန်မာနိုင်ငံ၏ အနောက်တံခါးဟု ခေါ်ဆိုကြသည့် ရခိုင်ပြည်နယ် အရေးကိစ္စများသည် တစ်နေ့တစ်မျိုး မရိုးဟုပင် ဆိုနိုင်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များ တည်ငြိမ်မှုရရှိအောင် ကြိုးပမ်းပြီး ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ အားလုံးစီစဉ်ပြီးချိန်၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်နေချိန် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး မြန်မာပိုင်နယ်မြေတွင် လူခြောက်ထောင်ကျော် ဝင်ရောက်နေထိုင်မှုအရေးကိစ္စ ဖြေရှင်းဆောင်ရွက်ရန် ပေါ်ပေါက်လာပြန်သည်။"

ဆောက်လုပ်ခွင့်မရှိပါ။ ထိုအကြောင်းကို ၁၉၈၀ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် မြန်မာ - ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ အစိုးရချုပ်ဆိုသည့် နယ်ခြား၊ အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားပြီးဖြစ်သည်။

**ညှိနှိုင်းအဖြေရှာ**

ယခု မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား၊ နယ်နိမိတ်ကျောက်တိုင် ၃၄ နှင့် ၃၅ အကြား နေထိုင်သူများရှိရာနေရာသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် နေရာဖြစ်ပါသည်။ No Man's Land ဟူသည့် ညှိနှိုင်းအဖြေရှာမရ၍ ဝင်ရောက်ခြင်းမပြုရန် နှစ်ဖက်သဘောတူထားရှိသည့် နေရာမျိုးမဟုတ်ပါ။ ထို့ကြောင့် နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် "အဆောက်အအုံ မဆောက်လုပ်ရဇုန် (Non-Construction Zone)" အား "No Man's Land" အဖြစ် မသုံးစွဲစေလိုပါ။ ဝိဝါဒကွဲပြားမှုမဖြစ်ပေါ်စေရန် အဆောက်အအုံ မဆောက်လုပ်ရဇုန်၊ နယ်နိမိတ်မျဉ်း အစရှိသဖြင့် သုံးစွဲစေလိုပါသည်။

ဤနေရာတွင် နယ်နိမိတ်မျဉ်းကို အင်္ဂလိပ်ဘာသာအားဖြင့် Boundary Line ဟု သဘောတူစာချုပ်၌ သုံးနှုန်းထားပါသည်။ နိုင်ငံတကာတွင် Zero Line ဟုလည်း သုံးကြသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ စာချုပ်စာတမ်းအပါအဝင် သဘောတူညီချက်ပါအတိုင်း တူညီမှုရှိစေရန် နယ်နိမိတ်မျဉ်းကို Boundary Line ဟုသာ ထည့်သွင်းရန် သတိချပ်သင့်သည်။

နှစ်နိုင်ငံအကြား တွေ့တွေ့ဆိုင်ဆိုင် ပြောဆိုဖြေရှင်းရမည့် အခြေအနေဖြစ်ပေါ်လာလျှင် ကိုယ့်နိုင်ငံဘက်မှ ပြီးပြည့်စုံသည့် အခြေအနေ ဖြစ်နေစေလိုသည်မှာ နိုင်ငံသားတိုင်း၏ ဆန္ဒပင်ဖြစ်သည်။ ဤနေရာတွင် နှစ်နိုင်ငံအရေးကိစ္စကို နှစ်နိုင်ငံချင်း ဆက်သွယ်ညှိနှိုင်းနေသော်လည်း နိုင်ငံတကာကပါ သေချာလေ့လာစောင့်ကြည့်နေသည့်အတွက် မြန်မာနိုင်ငံအတွက် ပြည်သူနှင့် အစိုးရသည် တစ်သားတည်းကျနေရမည်ဖြစ်သည်ကို အလေးထား စေလိုပါသည်။

**သတိထားရမည်**

ယခု နယ်နိမိတ်မျဉ်းတွင် ကပ်လျက်ဝင်ရောက်နေထိုင်သူများအကြား အကြမ်းဖက်သမားများ ပါဝင်နေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံဘက်မှ ဖယ်ရှားရှင်းလင်းမှုများ ဆောင်ရွက်လာလျှင် နေရာကမစွန့်ခွာဘဲ ဆက်လက်နေထိုင်ရန် အကြမ်းဖက်အဖွဲ့အစည်းဝင်များက ညွှန်ကြားနေကြောင်း သတင်းစကားများက ပို၍ သတိထားရှိရမည့် အခြေအနေပင်ဖြစ်သည်။

ထို့အတူ နိုင်ငံရေး အမြတ်ထုတ်နိုင်ရန် သတင်းမှား၊ သတင်းတုများကို ဖြန့်ဝေနေသည်မှာ လန့်စရာဟုပင် ဆိုရမလိုပင်။ မြန်မာနိုင်ငံဘက်တွင် အသက်အန္တရာယ် စိုးရိမ်ဖွယ်အခြေအနေရှိသယောင်၊ စားသောက်ရန် ပြတ်လပ်ခက်ခဲနေသယောင် စသည်ဖြင့် အမှန် မဟုတ် ဖန်တီးထားသည့် အခြေအနေကို နိုင်ငံတကာက ပုံမှားမြင်လာအောင်၊ လူ့အခွင့်အရေးသမားများ လှုပ်ရှားပါဝင်လာအောင် ချပြဆောင်ရွက်နေသည်ကို သတိပြုရမည်။

**ကောင်းမွန်သည့် အကျိုးရလဒ်**

သို့အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရချင်း အမြဲပူးပေါင်းဖြေရှင်းမှုသာ ကောင်းမွန်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ ထွက်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်တွင် စတင်ကျင်းပပြီး ဇန်နဝါရီ ၁၆ ရက်တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်ဖက် ဝန်ကြီးများ အဆင့် လက်မှတ်ရေးထိုးခဲ့သည့် Arrangement နှင့်အညီ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသွား သူများအား ပြန်လည်လက်ခံနိုင်ရန်ပုံစံများကို ဖြည့်စွက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ ကနဦးစတင်ဆောင်ရွက်သွားနိုင်ရန် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် စိစစ်ပြီး မူဆလင် ၇၅၀ တို့၏ အချက်အလက် အပြည့်အစုံကိုလည်း မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန်သို့ ပေးအပ်ခဲ့ကြောင်း နှစ်နိုင်ငံ အစည်းအဝေးအပြီး ထုတ်ပြန်သော သတင်းများအရ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ARSA အကြမ်းဖက်သမား ၁၀၀၀ ကျော် စာရင်းကို ပေးအပ်ခဲ့ကြောင်းလည်း သိရပါသည်။

**ပြန်လည်ပြင်ဆင်နေရ**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးစီးသည့် ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စဉ် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ပထမအသုတ်အဖြစ် လူဦးရေ ၈၀၀၀ ကျော် လွှဲပြောင်းပေးမည့် စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးအပ်ခဲ့ကြောင်း၊ ပုံစံစာရင်းကို မြန်မာနိုင်ငံဘက်မှ ပေးပို့ထားသည့်ပုံစံအတိုင်း ဖြည့်စွက်ထားခြင်းမရှိသည့်အတွက် ပုံစံအတိုင်းဝင်အောင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ပြန်လည်ပြင်ဆင်နေရကြောင်း သိရပါသည်။

မတ်လ ၂ ရက်ကလည်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံညှိနှိုင်းကာ လုပ်ကိုင်းဆောင်ရွက်မည့် အစီအမံများနှင့် သတင်းအချက်အလက်ဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်၌ ဇန်နဝါရီလ ၂၃ ရက်က စတင်သည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လုပ်ငန်းစဉ်စတင်သည့်နေ့မှာပင် သက်ဆိုင်ရာ တာဝန်ရှိသူများက မီဒီယာများသို့ ရှင်းလင်းပြောကြားပြီး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံဘက်က နှစ်နိုင်ငံညှိနှိုင်းထားသည့်အတိုင်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အသိပေးခဲ့ခြင်းဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်း ဆက်စပ်တင်ပြလိုပါသည်။ ရခိုင်ပြည်နယ်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြည်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD) ကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် နိုင်ငံ့ခေါင်းဆောင်များသည် နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာတွင် ရခိုင်အရေးကိစ္စ အခြေအနေ မှန်များကို အသိပေးဆွေးနွေးပြောကြားခဲ့ကြသည့်အပြင် နိုင်ငံတကာမှ အမှန်အတိုင်း သိရှိနားလည်စေရန် သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများကို ပြန်လည်လက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်းတို့သို့ သွားရောက်လေ့လာစေခဲ့ပြီးလည်း ဖြစ်ပါသည်။

ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား ရခိုင်ပြည်နယ်အတွင်း မောင်တောဒေသနှင့် IDP စခန်းများသို့ သွားရောက်သတင်းရယူနိုင်ရန် ၂၀၁၆ ခုနှစ် အောက်တိုဘာလဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်းမှ ယနေ့အထိ ရှစ်ကြိမ် စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါသည်။

မောင်တောခရိုင်အတွင်း အလွယ်တကူဖမ်းယူနားဆင်နိုင်သည့် ဗမာ၊ ရခိုင်၊ ဘင်္ဂါလီ ဘာသာစကားတို့ဖြင့် ထုတ်လွှင့်သည့် မေယု FM အစီအစဉ်ကိုလည်း တစ်နေ့ခြောက်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

**သတိကြီးကြီးဖြင့် ဖြေရှင်းဆောင်ရွက်နေ**

အချုပ်အားဖြင့်ဆိုရသော် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း တစ်ဖက်ကဆောင်ရွက်နေပြီး တစ်ဖက်ကလည်း တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို သတိကြီးကြီးဖြင့် ဖြေရှင်းဆောင်ရွက်နေရသည့် အခြေအနေကို နားလည်ပေါ်လွင်စေလိုရင်း ဖြစ်ပါသည်။

ထိုသို့ ဖြေရှင်းဆောင်ရွက်ရာတွင်လည်း ပြောစကားများမှအစ ဝေါဟာရ အသုံးအနှုန်းများအထိ မမှားစေရန် ရွေးချယ်သုံးနှုန်းနေရပါသည်။ ထို့ကြောင့် သတိကြီးစွာဖြင့် ဆောင်ရွက်နေရသည့် ရခိုင်အရေးတွင် မိမိနိုင်ငံဘက်မှ ခြွင်းချက်မရှိ ပြီးပြည့်စုံကာ နိုင်ငံ၏ အနောက်တံခါး လုံခြုံစေရေးအတွက် ဖတ်ရှုမှတ်သားလေ့လာထားသမျှကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ကြေးမုံ



# စွမ်းအင်ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကမောင်းနှင်အားပါ၊ မြန်မာပြည်မှာ စွမ်းအင်က အဓိကလိုအပ်တယ်

***တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြင်သစ်နိုင်ငံမှ Total ရေနံကုမ္ပဏီနှင့် ဂျာမနီနိုင်ငံမှ လျှပ်စစ်ကုမ္ပဏီကြီးဖြစ်သည့် Siemens ကုမ္ပဏီတို့ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကံပေါက်တွင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံတွင် အကြီးဆုံး ၅၀၀ ကေဗွီမဟာဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းစီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။***

အဆိုပါ လျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုအပြင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ်လျဉ်းပြီး Siemens ကုမ္ပဏီ ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာ Mr.Peter Bruder နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး။ ။ SIEMENS အနေနဲ့ မြန်မာနိုင်ငံမှာ ဘယ်အချိန်လောက်ကတည်းက ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး လုပ်ငန်းတွေ ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ SIEMENS က လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၇၀ လောက်ကတည်းက ဂျာမနီမှာ အခြေစိုက်ပြီး နိုင်ငံပေါင်း ၁၆၀ လောက်မှာ ရုံးတွေရှိပါတယ်။ ထိုင်းမှာရှိတဲ့ SIEMENS ရုံးရဲ့ ရုံးခွဲအနေနဲ့ ရန်ကုန်မှာ ရုံးဖွင့်ထားပါတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်ခန့်ကတည်းကပါ။ ဒီကြားထဲမှာတော့ နိမ့်လိုက်မြင့်လိုက် တော့ရှိတာပေါ့။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ကနေစပြီးတော့ SIEMENS အနေနဲ့ မြန်မာနိုင်ငံမှာ လုပ်ငန်းတွေ တိုးချဲ့လာခဲ့တယ်။ မြန်မာပြည်ဖွံ့ဖြိုးတိုးတက်လာမှာကို ယုံကြည်တဲ့အတွက် လုပ်ငန်းတွေတိုးချဲ့ဖို့၊ ဝန်ထမ်းတွေတိုးချဲ့ဖို့ လုပ်လာခဲ့တာပါ။ စွမ်းအင်နဲ့ပတ်သက်တာ၊ အခြေခံအဆောက်အအုံဆိုင်ရာတွေ၊ စက်မှုလုပ်ငန်းတွေ ဒီလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ဖို့အတွက်ပါ။

**မေး ။ ။ SIEMENS အနေနဲ့ မြန်မာနိုင်ငံမှာ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး ဘယ်နေရာတွေမှာ လုပ်ငန်းတွေ ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် စွမ်းအင်ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကမောင်းနှင်အားပါ။ မြန်မာပြည်မှာ စွမ်းအင်က အဓိကလိုအပ်တယ်။ ဒါကြောင့်မို့ စွမ်းအင်ကို အဓိကအလေးထားပြီး လုပ်ဖြစ်တာပါ။ ပြန်ကြည့်ကြရင် မြန်မာပြည်က ၂၀၁၄- ၂၀၁၅ လောက်ကတည်းက ကမ္ဘာကို ဖွင့်ပေးလိုက်တယ်။ အဲဒီကတည်းကစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာဖို့ မျှော်လင့်ကြတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်စွမ်းအင်က အဓိကလိုအပ်တယ်။ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်လို့ရှိရင် SIEMENS က နှစ်ပေါင်း ၁၇၀ ကတည်းက လျှပ်စစ်ကုမ္ပဏီအနေနဲ့ စပြီးလုပ်ခဲ့တာဆိုတော့ လျှပ်စစ်ထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး၊ ဖြန့်ဖြူးရေး အကုန်လုံးလုပ်နိုင်တယ်။ ဒီနိုင်ငံအနေနဲ့ဆိုရင်တော့ ကျွန်တော်တို့က လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးမှာ သုံးစွဲတဲ့ ပစ္စည်းတွေကို Local မှာ ပြည်တွင်းကုမ္ပဏီတွေကနေတစ်ဆင့် Supply လုပ်ပြီး ရောင်းချပေးတာ တောက်လျှောက်လုပ်လာတာကြာပါပြီ။ ဒီမှာအဆင်ပြေပါတယ်၊ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်က အတော့်ကိုကြီးမားလာတဲ့အတွက် ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်ကစပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိုပါ ကျွန်တော်တို့ အားစိုက်ပြီးလုပ်ဖို့လိုတယ်လို့ နားလည်လာတယ်။ ဒါကြောင့်မို့လို့ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရေးအတွက် ကျွန်တော်တို့ ထားဝယ်မှာရှိတဲ့ ကံပေါက်စီမံကိန်းကို လုပ်ခဲ့တယ်။ အဲဒီစီမံကိန်းကို ကျွန်တော်တို့ Total ကုမ္ပဏီနဲ့ပေါင်းပြီး လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရေးအတွက်စပြီး ဒီစီမံကိန်းကို develope ဖြစ်လာအောင် လုပ်ဖြစ်တာပါ။ ၂၀၁၅- ၂၀၁၆ ကစပြီး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ပြီး တိုးတက်လာအောင် ဆောင်ရွက်ခဲ့တာပါ။

**မေး။ ။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ် ကံပေါက်ဒေသမှာ လျှပ်စစ်ကဏ္ဍနဲ့ပတ်သက်ပြီး Total ကုမ္ပဏီနဲ့ ပူးပေါင်းလုပ်ကိုင်ဖြစ်ခဲ့ပုံကို သိပါရစေ။**

ဖြေ ။ ။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နဲ့ ပတ်သက်လို့ အားလုံးသိကြတဲ့အတိုင်း မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ရရှိမှုက ၃၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်ဆိုတော့ လျှပ်စစ်လိုအပ်ချက်က အလွန်ကြီးမားတယ်။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာရင်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာရင် လျှပ်စစ်က ပိုလိုလာမယ်။ စီးပွားရေးဖွံ့ဖြိုးလာတာနဲ့အမျှ လျှပ်စစ်က ပိုပြီးလိုအပ်နေမှာပါ။ လျှပ်စစ်ထုတ်ဖို့ဆိုရင် လောင်စာလိုတယ်။ လျှပ်စစ်ထုတ်လို့ရတဲ့ လောင်စာမျိုးစုံရှိတဲ့အထဲမှာ ရေအားလျှပ်စစ်ကျတော့လည်း အချိန်အများကြီးကြာတယ်။ လျှပ်စစ်က ခုလိုနေပြီဆိုတော့လည်း ရေအားလျှပ်စစ်ပြီးအောင်မစောင့်နိုင်ဘူး။ သဘာဝဓာတ်ငွေ့ စဉ်းစားပြန်တော့ သဘာဝဓာတ်ငွေ့က သိတဲ့အတိုင်း တရုတ်နဲ့ထိုင်းကိုပဲ ရောင်းထားတာ။ သဘာဝဓာတ်ငွေ့ကလည်း မရှိဘူး။ ဒီတော့ သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖို့ဆိုရင် ကျောက်မီးသွေးကျတော့လည်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းတဲ့အတွက် ဘယ်သူမှမလုပ်စေချင်ဘူး၊ မကြိုက်ကြဘူးဆိုတဲ့အခါကျတော့ သဘာဝဓာတ်ငွေ့နဲ့ပဲ လုပ်ရတော့မယ်။ သဘာဝဓာတ်ငွေ့ကလည်း မရှိဘူးဆိုတော့ သဘာဝဓာတ်ငွေ့တင်သွင်းဖို့ဆိုရင် သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့ နားလည်တဲ့သူ ကြည့်လိုက်ရင် မြန်မာနိုင်ငံမှာ Total က လွန်ခဲ့တဲ့ ၂၅ နှစ်လောက်ကတည်းက မြန်မာနိုင်ငံမှာ ဝင်ရောက်ပြီး လုပ်နေတာဆိုတဲ့အတွက်ကြောင့် သဘာဝဓာတ်ငွေ့နဲ့ပတ်သက်လို့ရှိရင် Totalက တစ်ကမ္ဘာလုံးမှာ လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးပါ။ အဲဒီအတွက် ကျွန်တော်တို့က လျှပ်စစ်နဲ့ပတ်သက်ရင် အားလုံးသိတယ်။ Totalက သဘာဝဓာတ်ငွေ့နဲ့ပတ်သက်ရင် အားလုံးသိတယ်။ ဒီနှစ်ခုပေါင်းပြီး လုပ်တာဆိုရင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ဖို့ပဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်ဖွဲ့ပေါင်းပြီး သဘာဝဓာတ်ငွေ့ကို တင်သွင်းမယ်။ သဘာဝဓာတ်ငွေ့ကို အလွယ်ကူဆုံးက အရည်အဖြစ်ပြောင်းပြီးတော့ LNG အနေနဲ့ တင်သွင်းပြီး ဓာတ်ငွေ့အဖြစ်ပြောင်းပြီးတော့မှ လျှပ်စစ်ဓာတ်ထုတ်တာ အကောင်းဆုံးပဲဆိုပြီး ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်တာပါ။

**မေး ။ ။ ထားဝယ် ကံပေါက်မှာ စမယ့် လျှပ်စစ်စီမံကိန်းရဲ့ လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေကိုလဲ သိချင်ပါတယ်။**

ဖြေ ။ ။ ဒီပရောဂျက်နဲ့ ပတ်သက်ပြီးတော့ ပြောရရင် ပထမဦးဆုံးအနေနဲ့ ဒီပရောဂျက်နဲ့ ပတ်သက်တဲ့ အကြမ်းအဆိုပြုချက်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို တင်ပေးလိုက်တယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဒီအဆိုပြုချက်ကိုကြည့်ပြီး စိတ်ဝင်စားတယ်။ ကျွန်တော်တို့ကလည်း ငွေစိုက်ထုတ်ရင်းနှီးပြီး ဖြစ်နိုင်စွမ်းကိုလေ့လာတယ်။ ဥပမာဆိုရင် LNG ကို ဘယ်လိုလုပ်မယ်။ လျှပ်စစ်ထွက်လာရင် ရန်ကုန်ထိရောက်အောင် ဘယ်လိုလုပ်မယ်။ ဘယ်နေရာမှာ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေ တည်ဆောက်မယ် စသဖြင့် ဖြစ်မြောက်နိုင်စွမ်းတွေကို လေ့လာတယ်၊ လေ့လာပြီးတော့မှ ကျွန်တော်တို့က လျှပ်စစ်ဝန်ကြီးဌာနကို ပြန်တင်ပေးတော့ လျှပ်စစ်ဝန်ကြီးဌာနက ကောင်းတယ်၊ အားလုံးအတွက် အကျိုးရှိတဲ့ ပရောဂျက်ဖြစ်တယ်ဆိုပြီး သူတို့လက်ခံတဲ့အတွက် အားလုံးသိတဲ့အတိုင်း Project လေးခုကို NTP ထုံးဖို့ဖြစ်လာတယ်။ NTP က ဒီပရောဂျက်အတွက်တော့ ဒါဟာ အရေးကြီးတဲ့ မှတ်တိုင်တစ်ခုပေါ့။ ဒီ NTP ရမှ ဒီပရောဂျက် နောက်တစ်ဆင့် ဆက်သွားဖို့အတွက် ဆက်လုပ်ဖို့အတွက် ကုမ္ပဏီကို ဝန်ကြီးဌာနကနေ ဒါဆက်လုပ်ပါလို့ အသိပေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ထပ်လုပ်ပြီး ဖြစ်မြောက်နိုင်စွမ်းတွေကို အသေးစိတ်လေ့လာတဲ့ အလုပ်တွေရှိမယ်။ နောက်ပြီးတော့ လုပ်ငန်းအကြီးတွေလုပ်ပြီဆိုရင် ဌာနဆိုင်ရာ ဝန်ကြီးဌာနတွေ အားလုံးရဲ့ ခွင့်ပြုမိန့်တွေလိုမယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ခွင့်ပြုမိန့်တွေလိုမယ်။ နောက်ထပ်ထပ်ပြီးအရေးကြီးတာက ငွေရေးကြေးရေး နောက်ကနေ ငွေချေးပေးမယ့် ဘဏ်တွေ၊ ကုမ္ပဏီတွေဆီကနေ ပရောဂျက်နဲ့ဆိုင်တဲ့ ငွေကြေးတွေရအောင်လုပ်ဆောင်တဲ့ လုပ်ငန်းတွေ ဆက်လုပ်ဆောင်ရဦးမယ်။ PPA ဆိုတဲ့ ဓာတ်အားဝယ်ယူရေး သဘောတူညီချက် ဓာတ်အားထုတ်တဲ့ ပရောဂျက်၊ အခုက လျှပ်စစ်နဲ့စွမ်းအင်ဝန်ကြီးဌာနက ဝယ်မယ်ပေါ့၊ ဘယ်လိုဈေးနဲ့ ဘယ်အချိန်မှာ ဘယ်လိုဝယ်မယ်ဆိုတာမျိုးကို အသေးစိတ်ညှိနှိုင်းပြီးတော့ စာချုပ်ချုပ်မယ်။ လျှပ်စစ်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းမှုတွေ လုပ်ရမယ်။ တစ်နှစ်အတွင်းမှာ အားလုံးပြီးအောင် လုပ်နိုင်မယ်လို့တော့ မျှော်လင့်ပါတယ်၊ ပရောဂျက်ရဲ့ လက်ရှိအခြေအနေကတော့ အဲဒါပါပဲ။

**မေး ။ ။ ထားဝယ်မှာရှိတဲ့ ကံပေါက်စီမံကိန်းက မြန်မာနိုင်ငံအတွက် ဘယ်လို အကျိုးအမြတ်ရရှိလာမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ကံပေါက်ပရောဂျက်မှာ တိုင်းပြည်နဲ့ ကုမ္ပဏီအတွက် ဘာတွေအကျိုးအမြတ်တွေ ဖြစ်လာမလဲဆိုတော့ ဒီပရောဂျက်ကထုတ်မယ့် လျှပ်စစ်ဓာတ်အားက ၁၂၃၀ မဂ္ဂါဝပ်။ ဓာတ်အား ဘယ်လောက်ကြီးမားတယ်ဆိုတာ နှိုင်းယှဉ်ပြရရင် သဘာဝဓာတ်ငွေ့သုံးပြီးတော့ ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံဆိုတာ မြန်မာပြည်မှာအကြီးဆုံး တည်ဆောက်နေတဲ့ မြင်းခြံမှာ စင်ကာပူက လာလုပ်တဲ့စက်ရုံထက် ကျွန်တော်တို့က ငါးဆမကကြီးတယ်။ အဲဒီလောက်ကြီးမားတဲ့အတွက် ဓာတ်အားတွေ အများကြီးရမယ်။ အဲဒါကတစ်ခု။ အဲဒီလောက်အကြီးကြီး လုပ်တဲ့အတွက် အကောင်းဆုံးလုပ်နိုင်တဲ့ နောက်ဆုံးအဆင့် နည်းပညာသုံးပြီး ဓာတ်အားပေးစက်ရုံကို SIEMENS က တည်ဆောက်မှာပါ။ အဲဒီလိုလုပ်တဲ့အတွက် တစ်ယူနစ်ထုတ်လုပ်တဲ့ ကုန်ကျစရိတ်ကို ယှဉ်ကြည့်ရင် အများကြီး သက်သာသွားမယ်။ ဒါတိုင်းပြည်အတွက် အကျိုးရှိတာပေါ့။ ဓာတ်အားခ ယှဉ်ကြည့်ရင် အများကြီးသက်သာတယ်။ ဓာတ်အားတွေလည်းအများကြီးရတယ်။ နောက်တစ်ခုက ကံပေါက်ကနေပြီးတော့ ရေး-မော်လမြိုင်ကိုဖြတ်ပြီး ရန်ကုန်ထိ ဓာတ်အားပို့လွှတ်ရေး လုပ်မယ်ဆိုတော့ မြန်မာပြည်မှာက အခုထိကို 230KV ဓာတ်အားလိုင်းကအမြင့်ဆုံးရှိတာ။ ဒီတိုင်းဒေသကြီး တစ်လျှောက်လုံးမှာဆိုရင် 230 KV မပြောနဲ့ ဘာမှကိုမရှိဘူး။ မဟာဓာတ်အားလိုင်းက မော်လမြိုင်အောက်ပိုင်းတစ်လျှောက်လုံး ကံပေါက်၊ ထားဝယ်ကနေ ကော့သောင်းထိအောင်ကို မရှိတာ။ ဘာမှမရှိတဲ့နေရာမှာ ကံပေါက်ကနေပြီးတော့ မြန်မာနိုင်ငံမှာ မလုပ်ဖူးသေးတဲ့ 500 KV မဟာဓာတ်အားလိုင်းကြီးကို လာဆောက်မယ်။ ဘယ်လောက်ရှည်မလဲဆိုရင် အကြမ်းဖျင်းအားဖြင့် ၄၅၀ ကီလိုမီတာရှိမယ်။ ကံပေါက်ကနေ ပဲခူး-ဘုရားကြီးနားထိ ၄၅၀ ကီလိုမီတာလောက်ထိရှိမယ်။ အသစ်ဆောက်မယ်။ မြန်မာနိုင်ငံမှာတောင် တစ်ခါမှ မရှိခဲ့ဖူးသေးတဲ့ မဟာဓာတ်အားလိုင်းကြီး ဒီဒေသမှာ ရောက်လာမယ်။ မဟာဓာတ်အားလိုင်းကြီး ရောက်လာတဲ့အတွက် အဲဒီဒေသတစ်လျှောက်မှာရှိတဲ့ ပြည်သူတွေအနေနဲ့ မဟာဓာတ်အားလိုင်းရောက်လာပြီဆိုရင် ဓာတ်အားစနစ်ချိတ်လိုက်ပြီဆိုတာနဲ့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှု အတူတူဖြစ်သွားမယ်။ ရန်ကုန်မှာ တစ်ယူနစ် ၃၅ ကျပ်ဆို အားလုံးလည်း ၃၅ ကျပ်ပဲ။ အခုဆို မဟာဓာတ်အားလိုင်း မရှိတဲ့နေရာမှာ ကိုယ်ပိုင်မီးစက်တွေနဲ့ဆို ဥပမာ မြိတ်ဆို တစ်ယူနစ် ၃၅၀ ကျပ် ပေးရတယ်။ မီတာတစ်ယူနစ်က ၁၀ ဆ လောက်ဈေးကြီးနေတယ်။ ပထမဆုံး လျှပ်စစ်မီးရဖို့ လုပ်ပေးနိုင်တယ်။ မီးရတယ်ဆိုတာနဲ့ တစ်နိုင်ငံလုံး တကယ့်ကို သက်သက်သာသာနဲ့ ရသွားမယ်။ ဒီပရောဂျက်နဲ့ ပတ်သက်လို့ ရနိုင်တဲ့အကျိုးကျေးဇူးတွေပါ။ မဟာဓာတ်အားလိုင်းဖြတ်သွားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လျှပ်စစ်ဓာတ်အားရနိုင်တဲ့ အခြေအနေတွေရှိတယ်။ ကံပေါက်တို့ ထားဝယ်မှာဆို တစ်နိုင်တစ်ပိုင်မီးစက်တွေနဲ့ ပေးနေတဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေက ရှိပြီးသား မဟာဓာတ်အားလိုင်းနဲ့ ချိတ်မိသွားဖို့ပဲလိုတယ်။ ကံပေါက်မှာရှိတဲ့ ဒေသခံတွေ၊ ထားဝယ်မှာရှိတဲ့ ဒေသခံတွေအနေနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲရာမှာ ဈေးနှုန်းကအစ တည်ငြိမ်သွားမှာဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေအရ မဟာဓာတ်အားလိုင်းဆောက်ဖို့က အလွန်ခက်ခဲတယ်။ ကျေးလက်မီးလင်းရေးလုပ်နေတဲ့ ကုမ္ပဏီတွေလည်း အများကြီး ကိုယ့်အစီအစဉ်နဲ့ ကိုယ်လုပ်နေတာများတယ်။ အဲဒီတစ်လျှောက်မှာလည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်လုပ်နေတာတွေ ရှိနေပြီသား။ မဟာဓာတ်အားလိုင်း ရှိသွားတယ်ဆိုရင် မော်လမြိုင်မှာ ခွဲရုံကြီးရှိမယ်၊ အဲဒီကနေ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အဲဒါတွေအကုန်လုံးက သူ့ရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ခွဲရုံတွေနဲ့ ချိတ်ပေးလိုက်ရင် လျှပ်စစ်ရလာမယ်။ ထပ်ချဲ့ဖို့ကျတော့လည်း နိုင်ငံတော်အနေနဲ့ပဲဖြစ်ဖြစ်၊ ကိုယ်ထူကိုယ်ထပဲဖြစ်ဖြစ်၊ ပြည်တွင်းကုမ္ပဏီတွေကပဲ ဖြစ်ဖြစ် လုပ်ဖို့ရာကမခက်ဘူး။ ခက်နေတာက မဟာဓာတ်အားလိုင်းရောက်ဖို့။ လွတ်လပ်ရေးရပြီးကတည်းက ဒီတစ်လျှောက်မှာ မဟာဓာတ်အားလိုင်းက မရှိခဲ့ဘူး။ ဒီစီမံကိန်းသာ အကောင်အထည်ပေါ်မယ်ဆို လျှပ်စစ်အတွက် အဆင်ပြေသွားမယ်။ သေချာပေါက်က ထားဝယ်-ကံပေါက်အပါအဝင် မော်လမြိုင်မှာလည်း ခွဲရုံအကြီးကြီး ဆောက်မယ်၊ မော်လမြိုင်ခွဲရုံကနေ ကရင်ပြည်နယ် မြဝတီထိအောင်ချဲ့မယ်၊ ကရင်ပြည်နယ် ကြီးတစ်ခုလုံးလည်း လျှပ်စစ်ရသွားမယ်။

**မေး ။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံကို ဝင်ရောက်လာဖို့ အဓိကလိုအပ်ချက်တွေက ဘာတွေလို့ ထင်မြင်မိပါသလဲ။**

ဖြေ ။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမယ့် သူတွေအတွက် ပထမဆုံး ဒီနိုင်ငံမှာ စွန့်စားရတာတွေ ရှိတယ်။ နိုင်ငံတော်က အာမခံချက်ပေးနိုင်မယ်ဆိုရင် စိုးရိမ်စရာ မရှိဘူးပေါ့။ ရင်းနှီးမြှုပ်နှံသူတွေကို နောက်ကထောက်ပံ့သူတွေ သိသိသာသာသက်သာစေတယ်။ အဲဒီလို သက်သာတဲ့အတွက်လည်း ရင်းနှီးမြှုပ်နှံသူတွေအတွက် နိုင်ငံတော်က အာမခံပေးတယ်ဆိုရင် စိုးရိမ်စရာမရှိဘဲ လာရောက်ရင်းနှီးမြှုပ်နှံမယ်ပေါ့။

ရင်းနှီးမြှုပ်နှံသူတွေကို သိရသလောက်က ပြန်ရတဲ့ ငွေတွေကို မြန်မာငွေနဲ့ ပြန်ပေးတယ် ဆိုတာမျိုး။ မြန်မာငွေနဲ့ ပြန်ပေးတယ်ဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံတယ်ဆိုကတည်းက နိုင်ငံခြားငွေနဲ့ပဲ ရင်းနှီးမြှုပ်နှံထားတာ။ လာမယ့်နှစ် ၂၅/၃၀ စီမံကိန်းကြီးလုပ်တဲ့အခါမှာ ပြန်ရတဲ့ငွေအကုန်လုံးက မြန်မာငွေနဲ့ ရတယ်ဆိုရင် နောက် ငါးနှစ်၊ ၁၀ နှစ်၊ အနှစ် ၂၀ မှာဆို မြန်မာငွေက ဘယ်လိုဖြစ်မလဲ မသိဘူး။ တခြားနိုင်ငံတွေမှာဆိုရင် ငွေကြေးလဲလှယ်မှုနှုန်းက ဘယ်လောက်ပဲပြောင်းပြောင်း ကြားထဲက အာမခံပေးထားတဲ့သူရှိတယ်။ အာမခံကြေးတော့ ပေးရတာပေါ့။ အာမခံပေးတဲ့သူရှိရင် ဈေးကွက်က စိတ်ချရတယ်။ သူ့ဟာသူ ငွေကြေးက ဘာပဲဖြစ်နေနေ ရင်းနှီးမြှုပ်နှံသူကတော့ ဒီနှုန်းအတိုင်းပြန်ရနေမယ်။ အာမခံယူရင် ယူသလောက်နှစ်အတိုင်း ဒီနှုန်းအတိုင်းပြန်ရနေမယ်။ မြန်မာကျပ်ငွေကျတော့ အဲဒီလိုမျိုးမရဘူး။ အဲဒီအခက်အခဲကလည်း ရှိတယ်။

နောက်တစ်ခုက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ။ အဲဒါတွေက အခုလက်ရှိ လုပ်နေတာရှိတယ်၊ ဒီထက်ပိုပြီးကောင်းအောင် လုပ်ဖို့လိုတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေက အသစ်ထွက်လာတာ ကောင်းပါတယ်။ ဥပဒေဆိုတာများသောအားဖြင့် ယေဘုယျခြုံပြီးပြောတာဖြစ်တဲ့အတွက် ဥပဒေကကောင်းတယ်။ ဥပဒေကို အကောင်အထည်ဖော်ဖို့ နည်းဥပဒေတွေ မရှိသေးဘူး။ နည်းဥပဒေမရှိတဲ့အခါကျတော့ တစ်ခုခုဖြစ်လာရင် ဘယ်ကိုသွားပြီး ဘာလုပ်ရမယ် သေသေချာချာမသိဘူး။ သိချင်ကြတယ်။ ဒါမှ ကိုယ်ဘာဖြစ်ရင် ဘာလုပ်သင့်တယ်ဆိုတာ သိပြီး စိတ်ချရမယ်။ နို့မို့ဆို တစ်ခုခုဖြစ်လာရင် ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဥပဒေထဲမှာသာ ဟိုဟာလုပ်ရတယ်၊ ဒီဟာလုပ်ရတယ်ဆိုပေမယ့် တကယ်တမ်းကျတော့ ဘာလုပ်ရမှန်း သေချာမသိသေးဘူး။ အဲဒါက လိုနေသေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ပိုပြီးယုံကြည်လာစေမယ့် အချက်ထဲမှာပါပါတယ်။ ဒါကလည်း အဟန့်အတားတစ်ခုပေါ့။ အဓိကဒီသုံးချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပိုတိုးတက်လာဖို့အတွက် ဒီသုံးချက်ကို အဆင်ပြေအောင်လုပ်ရင်တော့ ရင်းနှီးမြှုပ်နှံသူတွေပိုများမှာပါ။

**မေး ။ ။ ဖြည့်စွက်ပြောလိုတာရှိရင်လည်း ပြောပေးပါဦး။**

ဖြေ ။ ။ နောက်ဆုံးပြောချင်တာက ကျွန်တော်တို့က စွမ်းအင်၊ စက်မှုလုပ်ငန်းတွေ တင်မဟုတ်ဘူး။ Digitalization မှာ တစ်ကမ္ဘာလုံးမှာ ဦးဆောင်လုပ်ကိုင်နေတဲ့ ထိပ်တန်းကုမ္ပဏီကြီး တစ်ခုလည်း ဖြစ်ပါတယ်။ Digitalization က မြန်မာနိုင်ငံမှာနည်းနေသေးတယ်။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုတာနည်းတယ်။ ကျွန်တော်တို့ ကျွမ်းကျင်မှုတွေကို ဒစ်ဂျစ်တယ် နည်းပညာတိုးတက်ဖို့အတွက် မြန်မာပြည်မှာ ပြန်ဝေမျှချင်ပါတယ်။ ဒီဟာက ဂျာမနီတင်မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာပြောင်းလဲလာတာဖြစ်တဲ့အတွက် အဲဒီကြီးမားတဲ့ ပြောင်းလဲမှုကို ဘယ်သူကမှ မလိုချင်လို့ မရပါဘူး၊ မြန်မာပြည်ကို အနေးနဲ့ အမြန်ရောက်လာမှာ ကိုယ်ကအနေးနဲ့အမြန် နောက်မကျဘဲ လုပ်နိုင်လို့ရှိရင် မြန်မာပြည်က ခုန်ကျော်ပြီးတိုးတက်သွားမှာပါ။ အစိုးရ ဌာနပဲဖြစ်ဖြစ်၊ ကုမ္ပဏီတွေကိုပဲဖြစ်ဖြစ်၊ လူမှုစီးပွားဘဝကို နေရာတိုင်းမှာ လုပ်နိုင်စွမ်းကို တိုးတက်အောင်လုပ်လို့ရပါတယ်၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ မြန်ဆန်ပြီးမြောက်အောင် ဆောင်ရွက်ပြီး လူမှုစီးပွားတွေကို တိုးတက်အောင် လုပ်နိုင်စွမ်းရှိပါတယ်။

ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။



Mr.Peter Bruder

တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ - နေလင်း

# ထားဝယ်မြို့ သမိုင်းဝင်ရွှေတောင်စား စေတီတော်မြတ်ကြီး ဒုတိယအကြိမ် ရွှေသက်န်းကပ်လှူပူဇော်ပွဲနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေတောင်စား စေတီတော်မြတ်ကြီး ဒုတိယအကြိမ် လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီးတို့က ရတနာငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးက ဆည်းလည်း ပဒေသာနှင့် လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သာသနာ့အောင်လံတော်နှင့် လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား လည်းကောင်း ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များက ရတနာစိန်ဖူးတော် အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ငှက်မြတ်နားတော်တို့အား လည်းကောင်း ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ပင့်ဆောင် တင်လှူပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာသူများက ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**



**❂ ကျောဖုံးမှ**

ကျွန်တော့်အနေနဲ့ အခုမှစပြီးကွင်းဆင်းတာဖြစ်လို့ အခက်အခဲတွေတော့ အများကြီးရှိခဲ့ပါတယ်၊ ဒါပေမယ့် တစ်ရွာပြီး တစ်ရွာ သွားလာရတဲ့အတွက် အတွေ့အကြုံတွေပိုရပြီး ပိုပြီးအဆင်ပြေလာပါတယ်၊ အဲဒီအတွေ့အကြုံတွေကို မှတ်သားပြီး နောက်ရက်တွေမှာ ဒီထက်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားမှာပါ၊ စေတနာ့ဝန်ထမ်းဖြစ်တဲ့အလျောက် လူမျိုးမရွေး၊ ဘာသာမရွေး ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်သွားမှာပါ၊ အခုလို တစ်တပ်တစ်အား ကူညီခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းမြောက်မိပါတယ်”ဟု ကူညီထောက်ပံ့မှု အတွေ့အကြုံနှင့် ပတ်သက်၍ အဆိုပါလူငယ်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ ကိုနောင်ထက်က ပြောသည်။

အဆိုပါစေတနာ့ဝန်ထမ်းလူငယ်အဖွဲ့တွင် အဖွဲ့ဝင် ၄၇ ဦးပါဝင်ပြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကျေးရွာများတွင် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်နေခြင်းဖြစ်ပြီး မတ် ၁၂ ရက်အထိ ကူညီထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ် အတွင်းရှိကျေးရွာများတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ စတင်၍ လူသားချင်း စာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိရာ ယခုအကြိမ်မှာ ပဉ္စမအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ ဓာတ်ပုံ-ရာမည**

**✻ MNL မှ**

၃၁ မိနစ်တွင် စိုင်းမင်းထွန်းက ပင်နယ်တီမှတ်ဆင့် ဖွဲကပင်အတွက် ချေပဂိုး ပြန်သွင်းခဲ့ပြီး နှစ်မိနစ်အကြာတွင် ဇင်မင်းထွန်းက ဦးဆောင်ဂိုးထပ်သွင်းခဲ့သည်။ နှစ်ဂိုးဆက်ရခဲ့သည့် ဖွဲကပင်အသင်းသည် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၄၂ မိနစ်တွင် ပေါ်လိုက တတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်း ချေပဂိုးရရန် အားထည့်လာခဲ့ပြီး ဖွဲကပင်အသင်းက ဂိုးပြန်မပေးရရန် ထိန်းကစားခဲ့သောကြောင့် အခွင့်အရေးများပြန်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးရနိုင်သည့်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ တစ်ဂိုးသာရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် ချေပဂိုးကို ၇၆ မိနစ်တွင် ဖရိုင်းဒေးက သွင်းယူခဲ့သည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် အိမ်ကွင်းနှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး သုံးပွဲဆက်အနိုင်ရထားသည့် ဟံသာဝတီအသင်း၏ နိုင်ပွဲဆက်မှုမှာ ဝေသာလီကွင်း၌ ရပ်တန့်ခဲ့ရသည်။ ခြေစွမ်းမကွာသည့် နှစ်သင်းတွေ့ဆုံသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် အိမ်ရှင် ရခိုင်အသင်းက အနိုင်ရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အနိုင်ဂိုးများကို ၄၇ မိနစ်တွင် အာဂါဝါသာ၊ ၆၅ မိနစ်တွင် စည်သူသန်းစိုးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၈) တတိယနေ့ကို မတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောစိုက်ခင်းတည်ထောင်ရန် ပျိုးပင်များပြုစုပျိုးထောင်နေသည့် ပျိုးဥယျာဉ်နှင့် ပညာပေးပြခန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မတ် ၂ ရက် မွန်းလွဲပိုင်းတွင် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင် (၅၀)အနီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာန ပင်လယ်ကြီးစခန်းနှင့် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင် (၇၀)အနီး သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန ဆင်မွေးစခန်းများရှိ မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေး စီမံကိန်းအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ရန် လိုအပ်သော ပျိုးပင်များ ပြုစုပျိုးထောင်နေသည့် ပျိုးဥယျာဉ်နှင့် ပညာပေးပြခန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် တကောင်းတောင် ကြိုးဝိုင်းအတွင်းရှိ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် Myanmar CNMC Nickel Company တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တကောင်း နီကယ်စီမံကိန်း နီကယ်တူးဖော်ထုတ်လုပ်နေသည့် လုပ်ကွက်အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တကောင်းတောင်ကြိုးဝိုင်းအတွင်း ဒေသခံပြည်သူများမှ ရောင်စုံကျောက်များ တူးဖော်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ကသာခရိုင် ထီးချိုင့်မြို့နယ် ထီးချိုင့်-ကသာ ခရိုင်ချင်းဆက် ကားလမ်းဘေးရှိ ထီးချိုင့်ကြိုးပြင် ကာကွယ်တော (၁/၂၀၀၉) စီးပွားရေး ကျွန်းစိုက်ခင်း ၁၉၉ ဧက ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကသာမြို့နယ် အောင်ပုံ-နတ်တံခါး ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးတည်ထောင်ထားသည့် (၁/၂၀၁၆) စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း ဧက ၁၀၀ ရှင်သန်အောင်မြင်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကသာခရိုင် ကသာမြို့နယ်အတွင်းရှိ သစ်တောသုတေသနဌာန၏ စခန်းခွဲတစ်ခုဖြစ်သည့် ဖတ်ဆွတ် သုတေသနစခန်းသို့ ရောက်ရှိစစ်ဆေးခဲ့ရာ သုတေသနစခန်းဝင်းအတွင်းရှိ ပျဉ်းကတိုး စမ်းသပ်စိုက်ကွက်၊ ကျွန်းနှင့် ပိတောက်သစ်မျိုး ရောနှော စိုက်ပျိုးစမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စခန်းတာဝန်ခံအား စမ်းသပ်ကွက်များနှင့်စပ်လျဉ်း၍ မူလရည်ရွယ်ချက်များအတိုင်း သုတေသနပြု ဆန်းစစ်လေ့လာခြင်း၊ သုတေသနစာတမ်းပြုစုခြင်းများအတွက် မှာကြားသည်။

မတ် ၃ ရက် နံနက်ပိုင်းတွင် ကသာမြို့မှ ၁၂ မိုင်ခန့်အကွာ ကသာ-အင်းတော် ကားလမ်းဘေး မြန်မာ့သစ်လုပ်ငန်း ကသာ(အနောက်) သစ်ထုတ်ရေးဒေသ နတ်ပေါက်ဆင်စခန်းသို့ ရောက်ရှိစစ်ဆေးခဲ့ရာ ဆင်စခန်းတာဝန်ရှိသူများက ဆွဲသည်များ လာရောက်လည်ပတ်လေ့လာမှု၊ ဆင်များပြုစုထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင် သဘာဝထိန်းသိမ်းရေးနယ်မြေအား ကြည့်ရှုစစ်ဆေးခဲ့ရာ ဇလုံတောင်ဘုရားသို့ အများပြည်သူများ လာရောက်လည်ပတ်အပန်းဖြေရာတွင် ဘုရားရင်ပြင်အနီး ပတ်ဝန်းကျင်တွင် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများ မဖြစ်စေရန်၊ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ထားရန်၊ တောင်တက်ကားလမ်းတစ်လျှောက် မြေပြိုတိုက်စားမှု မဖြစ်စေရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် အင်းတော်မြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာနရိပ်သာတွင် တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်း အကွက်အမှတ်(၃၂) အတွင်း မြန်မာ့သစ်လုပ်ငန်းမှ ၂၀၁၇-၂၀၁၈ သစ်မာတန် ၃၅၀၀ ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ကန့်ဘလူမြို့နယ် ဂုံဂါးကြိုးဝိုင်း၊ ဇင်းကြိုးဝိုင်း၊ ဘောကြိုးဝိုင်းအတွင်းရှိ လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပညာပေးစခန်း ဆောက်လုပ်မည့်နေရာအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ခရမ်းမြို့၌ အခမဲ့ ကွင်းဆင်းကုသမည်

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကမ္ဘာ့သွားနှင့် ခံတွင်းနေ့ အထိမ်းအမှတ်အဖြစ် ဦးဆောင်ပြုလုပ်မည့် အခမဲ့ကွင်းဆင်းကုသရေး အစီအစဉ်ကို မတ် ၁၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခရမ်းမြို့နယ် (၄)ရပ်ကွက် ဗုဒ္ဓဟူးလမ်းရှိ ပုညကုသလအသင်း မြို့လယ်ဓမ္မာရုံ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သွားနှင့်ခံတွင်း ဆရာဝန်ပေါင်း မြောက်မြားစွာဖြင့် သွားနှင့် ခံတွင်းရောဂါများဖြစ်သော သွားဖာခြင်း၊ သွားနုတ်ခြင်း၊ သွားသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ခရမ်းမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၊ အနီးပတ်ဝန်းကျင် မြို့၊ ရွာများမှ သွားရောဂါဝေဒနာရှင်များ အခမဲ့လာရောက်ပြသနိုင်ကြောင်း၊ သွားနှင့် ခံတွင်းရောဂါများ လာရောက်ပြသသူတိုင်းကို သွားပွတ်တံနှင့် သွားတိုက်ဆေးများ လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကုသလိုသူများအနေဖြင့် ခရမ်းမြို့ ပုညကုသလအသင်း ဖုန်း-၀၅၆- ၁၀၉၄၆ (၃)ရပ်ကွက် ဘုရားလမ်းရှိ ယွန်းနဒီဆေးမျိုးစုံဆိုင်တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# ရုံးပိတ်ရက်ရှည်ကာလအတွင်း အင်းလေးဒေသသို့ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်မှုများပြား



**ညောင်ရွှေ မတ် ၄**

ယခု ရုံးပိတ်ရက်ရှည်ကာလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်အတွင်းသို့ ပြည်တွင်းခရီးသွား ဧည့်သည်များ လာရောက်မှုများပြားကြောင်း သိရသည်။

"ရုံးပိတ်ရက် လေးရက်အတွင်းမှာ ရှမ်းပြည်နယ်ကို မိသားစုနဲ့ ဘုရားဖူးလာရောက်ခဲ့တာဖြစ်ပါတယ်၊ ကလော၊ ပင်းတယ၊ တောင်ကြီး၊ ထမ့်ဆန်းဂူ၊ မွေတော်ကက္ကူတို့ကို သွားရောက်ဖူးမြော်ခဲ့ပြီးဖြစ်ပါတယ်၊ ဒီအင်းလေးခရီးစဉ်က နောက်ဆုံးဖြစ်ပါတယ်၊ သွားတဲ့ခရီးစဉ်တွေထဲမှာ ထူးထူးခြားခြား စက်လှေစီးပြီးသွားရတဲ့အတွက် ပျော်စရာကောင်းပါတယ်၊ တန်ခိုးကြီးဘုရားတွေလဲ ဖူးခဲ့ရတယ်၊ အင်းသား အင်းသူတွေရဲ့ ရိုးရာဓလေ့တွေ၊ အသက်မွေးဝမ်းကျောင်းပြုမှုတွေ၊ ရေပေါ်မှာ သွားလာနေထိုင်မှုတွေကို စိတ်ဝင်စားဖွယ် တွေ့ခဲ့ရပါတယ်"ဟု နေပြည်တော်မှ လာရောက်လည်ပတ်သူ မအေးဆုမွန်က ပြောသည်။

အင်းလေးကန်အတွင်း အင်းလေးဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ အင်းတိန်မွေတော်ဘုရား၊ ငါးဖယ်ချောင်းကျေးရွာရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း၊ ဟဲယာရွာမကျေးရွာရှိ ငွေထည်လုပ်ငန်း၊ အင်းပေါခုန် ကျေးရွာရှိ ရက်ကန်းလုပ်ငန်း၊ ကြာချည်လုပ်ငန်း၊ ကေလာကျေးရွာရှိ ရေခြံလုပ်ငန်းများသို့ ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များ အများဆုံးသွားရောက်လေ့လာကြကြောင်း သိရသည်။

**နေမျိုးသူရိန်**

# နေပြည်တော်ရှိ အထင်ကရ ဘုရားများ၊ အပန်းဖြေစရာနေရာများနှင့် လေ့လာစရာနေရာများသို့ လာရောက်လေ့လာကြသူများ၏ စကားသံများ

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ

ကျော်သူထက်

ကျော်ရဲဆွေ

**မတ် ၁ ရက်မှ ၄ ရက်အထိ ရုံးပိတ်ရက်အတွင်း နေပြည်တော်ရှိ အထင်ကရဘုရားများ၊ အပန်းဖြေစရာနေရာများနှင့် လေ့လာစရာနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာကြသူများ၏စကားသံများကို ပြန်လည်မျှဝေလိုက်ပါသည်-**



မမြင့်မြင့်သန်း



ဦးဇော်မျိုးမြတ်



စောဖော့အဲချန်



ကိုသီဟ



မစိုးသန္တာနွယ်



ကိုမောင်သူ

**မမြင့်မြင့်သန်း (ရခိုင်ပြည်နယ်၊ မာန်အောင်မြို့)**

နေပြည်တော်ကို တစ်ခါမှ မရောက်ဖူးလို့ လာလည်တာပါ။ အစ်ကိုက နေပြည်တော်မှာ တာဝန်ကျနေပါတယ်။ ရုံးက လေးရက်ပိတ်ထားတော့ အစ်ကိုက လိုက်ပို့ပေးပါတယ်။ အခု နေပြည်တော်ဗုဒ္ဓဂယာကို အရင်လာဖူးတာပါ။ ဒါပြီးရင် ဆာဖာရီဥယျာဉ်နဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို သွားလေ့လာမှာပါ။ နေပြည်တော်ကိုရောက်တော့ ဒီမှာ တိုးတက်နေတာတွေ မြင်တွေ့ရပါတယ်။ လမ်းတွေတော်တော်ကောင်းပါတယ်။ ကျွန်မတို့ ဒေသကိုလည်း ဒီလိုဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်တာကို မြင်ချင်ပါတယ်။

**ဦးဇော်မျိုးမြတ်(တောင်သူ၊ ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့)**

ကျွန်တော်တို့ မိသားစုလိုက် နေပြည်တော်ကို လာလည်ကြတာပါ။ အခုပဲ နေပြည်တော်က ဗုဒ္ဓဂယာကို ရောက်တာပါ။ ကျန်တဲ့ လေ့လာစရာနေရာတွေကို ဆက်သွားဖို့ရှိပါတယ်။ မြို့ကြီးတွေအတိုင်း ကျွန်တော်တို့ ဒေသတွေလည်း တိုးတက်စေချင်ပါတယ်။ ဒေသလိုအပ်ချက်တွေကို လုပ်ပေးနေတာတွေတော့ တွေ့နေရပါပြီ။ ကျွန်တော်က တောင်သူလုပ်ငန်းလုပ်ပါတယ်။ အာလူး၊ မုန်လာ၊ ကြက်သွန် စတဲ့ သီးနှံတွေ စိုက်ပျိုးပါတယ်။ ဈေးကွက်အတည်တကျမရှိတော့ ရှုံးလိုက်၊ မြတ်လိုက်ပါပဲ။ တောင်သူတွေအနေနဲ့ လိုအပ်ချက်ကတော့ ခိုင်မာတဲ့ ဈေးကွက်ရှိဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့ပါပဲ။

**စောဖော့အဲချန်(ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်)**

ကျွန်တော်တို့ မုဒုံကနေတစ်ဆင့် နေပြည်တော်ကို လာလည်ကြတာပါ။ လူ ၅၀ လောက်ပါပါတယ်။ အခုလို ရုံးပိတ်ရက် လေးရက်မှာ ဘုရားဖူးခရီးစဉ်တွေရှိလို့ လိုက်လာတာပါ။ ရေပန်းဥယျာဉ်နဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ဝင်ရောက်လေ့လာပြီးပါပြီ။ ဒီကနေ ပြင်ဦးလွင်ကို ဆက်သွားမှာပါ။ အခုလို ဘုရားဖူးရင်း ဒေသတစ်ခုနဲ့တစ်ခု မတူညီတဲ့ အခြေအနေတွေ၊ ဖွံ့ဖြိုးမှုတွေကို လေ့လာရလို့ ဒေသန္တရ ဗဟုသုတတွေရပါတယ်။ အခု ကျွန်တော်တို့ ဒေသမှာ ငြိမ်းချမ်းလို့ ပျော်နေရပါပြီ။ ငြိမ်းချမ်းတဲ့ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်နေတာတွေလည်း တွေ့ရပါတယ်။ ကျွန်တော်တို့လည်း ဖွံ့ဖြိုးတိုးတက်ချင်နေပါပြီ။

**ကိုသီဟ**

**(နိုင်ငံ့ဝန်ထမ်း၊ နေပြည်တော်)**

ဒီတစ်ပတ်မှာ ရုံး လေးရက်ပိတ်လို့ သူငယ်ချင်းတွေ စုပေါင်းပြီး ပုဗ္ဗသီရိမြို့နယ်က သီလရှင်ကျောင်းမှာ အလှူလုပ်ခဲ့ပါတယ်။ အဲဒီကနေ ကားနှစ်စီးနဲ့ နေပြည်တော်ဗုဒ္ဓဂယာကို ဘုရားဖူးလိုက်ပို့ပေးတာပါ။ အလုပ်တွေနဲ့ ဆိုတော့ တစ်ခါတလေ စိတ်ဖိစီးမှုလေးတွေရှိတယ်။ ဒါလေးတွေကို ဒီလိုရုံးပိတ်ရက်တွေမှာ စိတ်အပန်းဖြေတယ်။ မိသားစုကိုလည်း အချိန်ပေးတယ်။ ဒီပိတ်ရက်လေးမှာ ကိုယ်လုပ်ချင်တဲ့ အလှူပါလုပ်ဖြစ်တဲ့အတွက် ကုသိုလ်လည်း ရခဲ့ပါတယ်။

**မစိုးသန္တာနွယ်(ရန်ကုန်မြို့)**

အခုလို အားလပ်ရက်မှာ မိသားစုတွေနဲ့အတူ နေပြည်တော်က ဘုရားတွေဖူးချင်လို့ လာခဲ့တာပါ။ နေပြည်တော်ဗုဒ္ဓဂယာကနေ ကျန်တဲ့ လေ့လာစရာ နေရာတွေကို ဆက်သွားမယ်။ နေပြည်တော်ပတ်ဝန်းကျင်က ရှုခင်းတွေကို မြင်တွေ့ခဲ့ရပါတယ်။ ဒီမှာ ကျယ်ကျယ်ဝန်းဝန်းနဲ့ မမွန်းကျပ်ဘူး။ လေကောင်းလေသန့်တွေလည်း ရှူရလို့ သဘောကျပါတယ်။

**ကိုမောင်သူ**

**(ရော်ဘာစိုက်ခင်း၊ အလုပ်သမား၊ မွန်ပြည်နယ်)**

အလုပ်အားရက်မှာ အလုပ်ရှင်က နေပြည်တော်ကို လိုက်ပို့လို့ လိုက်လာတာပါ။ နေပြည်တော်ကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ။ အလုပ်က ရော်ဘာခြစ်တဲ့အလုပ်လုပ်ပါတယ်။ မိသားစုနဲ့အတူ အပန်းဖြေခရီးတွေ လာရတဲ့အတွက် စိတ်အပန်းပြေတယ်ဗျာ။ ပျော်ရပါတယ်။ ဒီလို အလုပ်နားရက်လေးတွေက ကျွန်တော်တို့အတွက်တော့ တန်ဖိုးရှိတယ်။ မိသားစုကို နွေးနွေးထွေးထွေးနဲ့ အချိန်ပေးနိုင်တယ်။ အချိန်ပေးလုပ်ရမယ့် မိသားစုကိစ္စလေးတွေကို ဒီရက်တွေမှာ လုပ်နိုင်တယ်။ ကျန်တဲ့အချိန်တွေမှာ စားဝတ်နေရေးအတွက် အလုပ်ကိုပဲ လုပ်နေရတော့ မိသားစုကို အချိန်မပေးနိုင်ဘူး။

**ကိုသက်မင်းဦး**

**(ရော်ဘာခြံလုပ်ငန်း၊ ကျိုက်ထိုမြို့)**

အားလပ်ရက်မှာ မိသားစုနဲ့ အလုပ်သမားတွေကို နေပြည်တော်ကို လေ့လာရအောင် လိုက်ပို့ပေးတာပါ။ သူတို့လည်း စိတ်အပန်းပြေအောင်နဲ့ နေပြည်တော်က အခြေအနေတွေ၊ ဖွံ့ဖြိုးတာတွေကိုလည်း မြင်စေချင်လို့ပါ။ အလုပ်ကတော့ ဒီအချိန်က နှစ်ရက်လုပ် တစ်ရက်နားနေရပါတယ်။ ကျွန်တော်တို့ ရော်ဘာလုပ်ငန်းတွေ အဆင်ပြေဖို့ နည်းပညာပိုင်း လိုအပ်ပါတယ်။ ကုန်ချောပြန်လုပ်ဖို့ စက်ကြီးတွေလိုအပ်ပါတယ်။

**ဒေါ်ကျော့(ဈေးရောင်း)**

အခုရုံးပိတ်ရက် လေးရက်အတွင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာရောက်ကြတဲ့သူတွေ များပါတယ်။ ဒီ လေးရက်မှာ ပုံမှန်ထက် ကျပ်တစ်သောင်းကျော်၊ နှစ်သောင်း ပိုရောင်းရပါတယ်။ ပုံမှန်နေ့တွေမှာဆို တစ်သောင်း၊ တစ်သောင်းခွဲလောက်ပဲ ရောင်းရပါတယ်။ မိသားစု လေးယောက်ရှိပါတယ်။ ကလေး နှစ်ယောက်က ကျောင်းသားပါ။ အဆင်မပြေပါဘူး။ အိမ်သားက ကုမ္ပဏီဝန်ထမ်းဆိုတော့ ကျွန်မတို့ နှစ်ယောက် ရှန်းကန်ရှာဖွေလို့ ရတာနဲ့ စားသောက်နေရပါတယ်။

**ဦးခိုင်ဇာထွန်း**

**(ကျောင်းဆရာ၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်)**

ရှစ်တန်း၊ ကိုးတန်းစာမေးပွဲက ပြီးတာနဲ့ ကျောင်းသားတွေကို အားလပ်ရက်မှာ လေ့လာရေး လိုက်ပို့ပေးတာပါ။ ကျွန်တော်တို့ နေပြည်တော် ဗုဒ္ဓဂယာ ရောက်ပြီးပါပြီ။ အဲဒီကနေ အခု အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ရောက်တာပါ။ ဒီကို ပထမဆုံးအကြိမ် လာရောက်လေ့လာဖြစ်တာပါ။ ဒီကလမ်းတွေ တော်တော်ကောင်းပါတယ်။ သာယာပါတယ်။ ဒီနေ့က နွေရာသီကျောင်းပိတ်ရက်လည်းဖြစ်၊ ရုံးပိတ်ရက်လည်းဖြစ်ပါတယ်။ ဒီလို အားလပ်ရက်မှာ ကျောင်းသားလေးတွေ အကျိုးရှိအောင် မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူနေမှုပုံစံ၊ ဓလေ့တွေကို လာရောက်လေ့လာခိုင်းတာပါ။

# တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုနေစဉ် ဆင်ခြင်သင့်သောအချက်များ

မောင်သောင်းဝင်း(တမန်ဟောင်း)

လွန်ခဲ့သောသီတင်းပတ်က အဌမတန်းတွင် ပညာသင်ယူနေသော သမီးကြီး စာမေးပွဲဖြေဆိုနေသဖြင့် စိတ်ဓာတ်ခွန်အားဖြစ်အောင် ဘေးမှနေ၍ အားပေးခဲ့ရသည်။ သမီးကြီးသည် နှစ်စကတည်းက သင်ခန်းစာများကို ပုံမှန်လေ့လာဆည်းပူးကျက်မှတ်ခဲ့သဖြင့် ဘာသာရပ်တိုင်းကို အခက်အခဲမရှိ ဖြေဆိုနိုင်သည်။ အဌမတန်းတွင် အစိုးရစစ်မေးခွန်းများဖြင့် ဖြေဆိုရသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကြီးအတွက် များစွာအထောက်အကူဖြစ်စေသည်။ ကျောင်းစစ်မေးခွန်းနှင့် အစိုးရစစ်မေးခွန်းတို့၏ အဆင့်အတန်းသည် ကွာခြားမှုရှိနေသည် မဟုတ်ပါလား။

**စိတ်တည်ငြိမ်နေရန်လို**

မတ်လ ၇ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုရတော့မည် ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကာလသည် နွေဦး တပေါင်းကာလဖြစ်သည်။ တောင်လေ တဖြူးဖြူးတိုက်နေပြီ ဖြစ်သည်။ လက်ပံပင်များကလည်း နီရဲနေအောင်ပွင့်နေပြီ ဖြစ်သည်။ အဖော်မဲ့ဥဩငှက်ကလည်း တွန်သံပေးနေပြီ ဖြစ်သည်။ နွေသရုပ်ပေါ်နေပြီ ဖြစ်သည်။ နွေဦး လေရူးနှင့်အတူ တချို့သော ကျောင်းသား ကျောင်းသူများသည် စိတ်ခံစားမှု ပျံ့လွင့်နေတတ်သည်။ ရထားပြီးသား စာများကိုပင် ပြန်နွှေးရန် စိတ်မပါသလို ဖြစ်နေတတ်သည်။ ထိုအချိန်မျိုးတွင် မိဘအုပ်ထိန်းသူများသည် မိမိ၏ကလေးများကို စိတ်ဓာတ်မြှင့်တင်ပေးရန်လိုသည်။ ဆိုရလျှင် မိဘအုပ်ထိန်းသူများသည် စာမေးပွဲကာလတွင် ကလေးများ၏လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်ထားရန် လိုအပ်သည်။

> “တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေးအားလုံးအတွက် အရေးကြီးဆုံးအချက်သည် ကျန်းမာရေး ဒေါင်ဒေါင်မြည်နေရန်ပင် ဖြစ်သည်။ နာဆေး၊ ချောင်းဆိုးဖြစ်၍ပင် မရပေ။ ကလေးတစ်ဦးသည် စာကို မည်မျှပင် ပိုင်နိုင်နေစေကာမူ စာမေးပွဲကာလတွင် ကျန်းမာရေးတစ်ခုခု ချွတ်ယွင်းနေမည်ဆိုလျှင် ထင်သလောက် ဖြေဆိုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ဖို့ လိုအပ်ပါသည်။ အချိန်မှန် အိပ်၊ အချိန်မှန် စားဖို့ လိုသည်။ ရေချိုးရာတွင်လည်း ဆင်ခြင်ရန်လိုသည်။ နွေးနွေးထွေးထွေး လုံလုံခြုံခြုံနေရန် လိုအပ်သည်။”

**ပြန်လည်လေ့ကျင့်**

အမှန်စင်စစ်မှာမူ စာကြိုးစားသောကလေးများသည် သင်ခန်းစာအားလုံး ရပြီးနေလောက်ပြီ ဖြစ်သည်။ ပြန်လည်နွှေးရမည့်အချိန် ဖြစ်သည်။ ဘာသာရပ်အလိုက် အရေးကြီးသည့်အချက်အလက်များကို ပြန်လည်ဖတ်ခြင်း၊ စဉ်းစားခြင်း၊ လေ့ကျင့်ခြင်းတို့ ဆောင်ရွက်နေရန်သာ ရှိသည်။ ဦးနှောက် ကြည်လင်လန်းဆန်းနေအောင် ပေါ့ပေါ့ပါးပါးနေရမည် ဖြစ်သည်။ ခဏတဖြုတ် တီဗွီကြည့်ခြင်း၊ သီချင်းဆိုခြင်း၊ ဂိမ်းဆော့ခြင်း၊ လမ်းလျှောက်ထွက်ခြင်းတို့ လုပ်ပေးရမည် ဖြစ်သည်။

**ကျန်းမာရေး ဂရုစိုက်**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေးအားလုံးအတွက် အရေးကြီးဆုံးအချက်သည် ကျန်းမာရေး ဒေါင်ဒေါင်မြည်နေရန်ပင် ဖြစ်သည်။ နာဆေး၊ ချောင်းဆိုးဖြစ်၍ပင် မရပေ။ ကလေးတစ်ဦးသည် စာကို မည်မျှပင် ပိုင်နိုင်နေစေကာမူ စာမေးပွဲကာလတွင် ကျန်းမာရေးတစ်ခုခု ချွတ်ယွင်းနေမည်ဆိုလျှင် ထင်သလောက် ဖြေဆိုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်ဖို့ လိုအပ်ပါသည်။ အချိန်မှန်အိပ်၊ အချိန်မှန်စားဖို့ လိုသည်။ ရေချိုးရာတွင်လည်း ဆင်ခြင်ရန် လိုသည်။ နွေးနွေးထွေးထွေး လုံလုံခြုံခြုံနေရန် လိုအပ်သည်။

**ဖိအားမပေးမိဖို့လို**

တချို့သော မိဘများသည် ကလေးများကို စာမေးပွဲနီးမှသာ ညဉ့်နက်သန်းခေါင် စာကျက်ခိုင်းလေ့ရှိကြသည်။ မအိပ်ချင်အောင် လက်ဖက်သုပ်များ စားခိုင်းသည်။ ကော်ဖီ၊ လက်ဖက်ရည်များ သောက်ခိုင်းသည်။ အချဉ်များ စားခိုင်းသည်။ ငှက်သိုက်၊ ကြက်ပေါင်းရည်၊ ကျွဲရိုင်းကဲ့သို့သော အားဖြည့်အချိုရည်ဘူးများ တိုက်ကြသည်။ ထိုသို့လုပ်ခြင်းသည် ကလေးကို ညဥ်းပန်းနှိပ်စက်နေခြင်းသာ ဖြစ်သည်။ ကလေးသည် စာကျက်မရသည့်အပြင် အိပ်ရေးပျက်ထားသောကြောင့် စာမေးပွဲဖြေဆိုရာတွင်လည်း စိတ်ရွှင်လန်းမှု၊ ဦးနှောက်ကြည်လင်မှု မရှိတော့ပေ။ အကျိုးဆက်အနေဖြင့် စာမေးပွဲကျရှုံးကြရသည်။

တချို့သော မိဘများသည် ဗေဒင်နှင့် အခါတော်ပေးများ လုပ်ခိုင်းသည့်အတိုင်း ကလေးများကို မဟုတ်မဟတ်ဂါထာများ ရွတ်ခိုင်းသည်။ စာမေးပွဲခန်းသို့ အဆောင်ယတြာများ ယူခိုင်းကြသည်။ ထိုသို့လုပ်ခိုင်းခြင်းသည် ကလေးများ၏ ကြိုးစားအားထုတ်လိုသောစိတ်ကို ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်သည်။ တချို့သောကလေးများသည် ထိုဂါထာများရွတ်နေရသဖြင့် စာနွှေးချိန်ပင် မရတော့ပေ။ အမှန်စင်စစ်မှာမူ ပညာသင်နှစ်စကတည်းက စာကို ပုံမှန်ကျက်မှတ်ထားသူများသည် မည်သည့်အဆောင်ယတြာမျှ မလိုအပ်ပေ။ ဂုဏ်ထူးများစွာ ဖြင့်ပင် အောင်မြင်နေကြသည်။ ထို့ကြောင့် မိဘများအနေဖြင့် စာမေးပွဲကာလတွင် ကလေးများကို ဖိအားမပေးမိဖို့ အထူးဂရုပြုရန် လိုအပ်သည်။

**စနစ်တကျ ကြိုတင်ပြင်ဆင်ထားရန်လို**

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲအတွက် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးများကို စနစ်တကျ ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ စာမေးပွဲဖြေဆိုရာတွင် ဘောပင်အသစ်ဖြင့် ဖြေဆိုမည်ဆိုလျှင် မင်လိုက်မကောင်းသဖြင့် ရေးသားရာတွင် စိတ်အနှောင့်အယှက် ဖြစ်စေသည်။ ထို့ကြောင့် ဘောပင်၊ ခဲတံများကို ကြိုတင်၍ အစမ်းရေးထားသင့်သည်။ မင်လိုက်ကောင်းသော ဘောပင်အမျိုးအစားကို ဝယ်ထားသင့်သည်။ ခဲသားချောသည့်ခဲတံသည် ပုံဆွဲရာတွင်အဆင်ပြေစေသည်။ တချို့သော ခဲတံများသည် အရောင်မှိန်သဖြင့် ရုပ်ပုံနှင့် မျဉ်းကြောင်းများ မှေးမှိန်နေတတ်ပေသည်။ ထို့အတူ တချို့သော ခဲဖျက်များသည် ပျက်မသွားဘဲ အဖြေလွှာများတွင် မဲညစ်ကျန်တတ်သဖြင့် အရည်အသွေးကောင်းမွန်သော ခဲဖျက်များကို ဝယ်ထားသင့်သည်။ တတ်နိုင်ပါက စာမေးပွဲအတွက် လိုအပ်သော အထောက်အကူပစ္စည်းအားလုံးကို စမ်း၍သုံးကြည့်ထားသင့်သည်။

**ဘာသာတရားကိုင်းရှိုင်းရန်လို**

စာမေးပွဲဖြေဆိုကြမည့်ကလေးများအနေဖြင့် ရတနာသုံးပါးနှင့် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို မမေ့သင့်ပေ။ စာမေးပွဲဖြေဆိုမည့်နေ့တွင် ကျောင်းသို့မသွားမီ မြတ်စွာဘုရားရှေ့မှောက်တွင် ငါးပါးသီလ ခံယူ၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ မိဘများအား ကန်တော့ခြင်း၊ သတ္တဝါများကို မေတ္တာပို့ခြင်းများ ဆောင်ရွက်သွားသင့်ပေသည်။ စာမေးပွဲခန်းတွင်လည်း အခန်းစောင့် ဆရာ၊ ဆရာမများ၊ ကျောင်းစောင့်နတ်များကို မေတ္တာပို့သင့်ပေသည်။ ထိုသို့ပြုလုပ်ခြင်းသည် စာမေးပွဲဖြေဆိုရာတွင် စိတ်ရွှင်လန်းကြည်လင်နေပြီး မိမိအတွက် များစွာအထောက်အကူဖြစ်စေသည်။

**ကျောင်းသို့ ကြိုတင်သွား**

စာမေးပွဲမဖြေဆိုမီ အနည်းဆုံးမိနစ်သုံးဆယ်ခန့် ကြိုတင်ရောက်သင့်သည်။ စာမေးပွဲဖြေဆိုခွင့်ကတ် မမေ့ရန် အထူးသတိထားရန် လိုအပ်သည်။ ကျောင်းဝတ်စုံကိုလည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်သွားသင့်သည်။ တစ်ကိုယ်လုံး ရွှင်လန်းတက်ကြွနေမှသာလျှင် မိမိကိုယ်ကို ယုံကြည်မှုရှိနေမည်ဖြစ်သည်။ စာမေးပွဲခန်းဝင်ရန် ခေါင်းလောင်းတီးသည်နှင့် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်၊ ကွန်ပါဘူးများကို တစ်ပါတည်းယူသွားသင့်သည်။ စာမေးပွဲခန်း ကြီးကြပ်သူများက စည်းကမ်းချက်များ ဖတ်ပြလျှင် သေချာဂရုစိုက် နားထောင်သင့်သည်။ အထူးသဖြင့် စာမေးပွဲဖြေဆိုမည့်နေ့တွင် ဝမ်းနူးစာများ၊ တက်စာများ၊ အပူအစပ်များကို ရှောင်ကြဉ်သင့်ပေသည်။ အစာကြေလွယ်သော အစားအသောက်များ၊ အသီးအရွက်များကိုသာ စားသင့်ပေသည်။ သို့မှသာလျှင် ပေါ့ပါးသွက်လက်နေမည်ဖြစ်သည်။

**စနစ်တကျဖြေဆိုသင့်**

သက်ဆိုင်ရာဘာသာရပ်အလိုက် မေးခွန်းလွှာဝေလျှင် အစ၊ အဆုံး သေချာစွာ ဖတ်သင့်သည်။ မေးခွန်းတွင် စာများပျက်နေလျှင်၊ နံပါတ်ကျော်နေလျှင်၊ မစုံလျှင်၊ မေးခွန်းတွင် တစ်ခုခုလွဲချော်နေလျှင် အခန်းစောင့် ဆရာဆရာမများကို ချက်ချင်းသတင်းပို့သင့်သည်။

အဖြေလွှာတွင် မိမိ၏ခုံနံပါတ်ကို ပီသစွာရေးရမည်။ စာမေးပွဲအခန်းစောင့်များက ဖြေဆိုလို့ရပြီဆိုသည်နှင့် မေးခွန်းကို သေချာနားလည်စွာဖတ်ပြီး နံပါတ်တပ်ဖြေဆိုရမည် ဖြစ်သည်။ တစ်ပုဒ်ပြီးတိုင်း မျဉ်းကို သေချာစွာပိတ်ရမည်။ မေးခွန်းတစ်ခုချင်းစီအလိုက် ပေးထားသောအမှတ်နှင့် လျော်ညီစွာ ဖြေဆိုသင့်ပေသည်။ ဆိုလိုသည်မှာ ၁၀ မှတ်တန် မေးခွန်းကို ၅ မှတ်ဖိုးလောက် ဖြေထားမည်ဆိုလျှင် အမှတ်ပြည့်ရမည် မဟုတ်ချေ။ ထပ်မံတောင်းထားသည့် အဖြေလွှာများကို မိမိခုံနံပါတ်ရေးဖို့ရန် လိုအပ်သည်။

မေးခွန်းအားလုံးဖြေဆိုအပြီးတွင် နံပါတ်များအားလုံး ရေးထားခြင်းရှိ၊ မရှိနှင့် စာလုံးပေါင်းများ မှန်၊ မမှန်တို့ကို ပြန်လည်စစ်ဆေးသင့်ပေသည်။ ထိုသို့မစစ်ဆေးလျှင် အမှတ်ပြည့်ရနိုင်မည် မဟုတ်ချေ။ အခန်းပြင်ရောက်ပြီးမှ မိမိအဖြေလွှာကို ပြန်ကြည့်ခွင့်ရတော့မည်မဟုတ်သဖြင့် သတ်မှတ်အချိန်ပြည့်မှသာ စာမေးပွဲခန်းထဲမှ ထွက်သင့်သည်။

**ခေါင်းထဲမှထုတ်ထားရန်လို**

မြန်မာစာဖြေဆိုသည့်နေ့မှစ၍ ဖြေဆိုပြီးသည့် ဘာသာရပ်တိုင်းကို ခေါင်းထဲမှ ထုတ်ထားရန်လိုသည်။ အကောင်းဆုံးဖြေဆိုခဲ့ပြီးပြီဟု ဆုံးဖြတ်ထားရမည်။ တချို့သော ကျောင်းသား ကျောင်းသူများသည် ဖြေဆိုပြီး ဘာသာရပ်များအပေါ် အားမလိုအားမရ ဖြစ်နေတတ်သည်။ ထိုသို့ဖြစ်နေမည်ဆိုလျှင် နောက်ဘာသာရပ်များ ဖြေဆိုရာတွင် အမှတ်ပြည့်ရနိုင်တော့မည်မဟုတ်ချေ။ ဦးနှောက်ထဲတွင် နေ့စဉ်ဖြေဆိုရမည့် ဘာသာရပ်တစ်ခုချင်းစီကိုသာ ထည့်ထားရမည်ဖြစ်သည်။ အထူးသဖြင့် မလိုအပ်သော အကြောင်းအရာများနှင့် ခေါင်းရှုပ်မခံဖို့ လိုသည်။

**ဆုံးဖြတ်ချက်မှန်ရန်လို**

တချို့သော ကျောင်းသား ကျောင်းသူများသည် ဘာသာရပ်အားလုံးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြသည်။ တချို့မှာမူ အားမရသည့် ဘာသာများရှိကောင်း ရှိနိုင်ပါသည်။ ထိုကလေးများသည် ဆုံးဖြတ်ချက်မမှားဖို့ လိုသည်။ တချို့ကလေးများသည် ဘာသာရပ်အားလုံးတွင် ဂုဏ်ထူးမထွက်နိုင်သဖြင့် နောက်ဆုံးနေ့တွင် အဖြေလွှာကို ကြက်ခြေခတ်ခဲ့ကြသည်။ မှားယွင်းသော လုပ်ရပ်ပင် ဖြစ်သည်။ လက်ရှိအချိန်ထက် ကောင်းသောအချိန် မရှိပေ။ နောက်တစ်နှစ်ဆိုသော အချိန်သည် မသေချာ၊ မရေရာပေ။ ထို့ကြောင့် အဖြေလွှာကို ကြက်ခြေခတ်သည့်လုပ်ရပ်မျိုးကို အထူးရှောင်ကြဉ်သင့်ပေသည်။ သူများစကားကို နားမယောင်သင့်ပေ။ မိမိကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးနိုင်ရမည် ဖြစ်သည်။ စာမေးပွဲခန်းထဲတွင် ဆုံးဖြတ်ချက်မှန်ကန်ရန်အထူး အရေးကြီးသည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ဒသမတန်း၌ ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူအားလုံးသည် ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုစာမေးပွဲကြီးသည် အထက်တန်းကျောင်းသား ကျောင်းသူများ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးလည်း ဖြစ်သည်။ ထိုစာမေးပွဲတွင် ထူးချွန်စွာ ဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက်ပညာဆည်းပူးလိုသော တက္ကသိုလ်ကို တက်ရောက်ခွင့်ရကြမည် ဖြစ်သည်။ စာသင်နှစ်စကတည်းက ပုံမှန်လေ့လာသင်ယူကျက်မှတ်ခဲ့သော ကျောင်းသား ကျောင်းသူများသည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း ဖြစ်ကြမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းသားလူငယ်များအနေဖြင့် အဆုံးအဖြတ်ပေးမည့် အတန်းတင်စာမေးပွဲကြီး ဖြေဆိုနေစဉ်ကာလအတွင်း စာရေးသူအကြံပြုထားသည့်အတိုင်း ဆင်ဆင်ခြင်ခြင်နေထိုင်ပြီး မေးခွန်းများကို နားလည်အောင် အပြန်ပြန် အလှန်လှန်ဖတ်ကာ အောင်မှတ်ရရှိအောင်၊ တတ်နိုင်ပါက ဂုဏ်ထူးမှတ်များ ရရှိသည်အထိ ရှိသမျှ ကိုယ်စွမ်းဉာဏ်စွမ်းကို အစွမ်းကုန်ထုတ်၍ ဖြေဆိုသွားနိုင်ကြပါစေ။ ။

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေး

**ထန်းတပင် မတ် ၄**

သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲကို မတ်လ ပထမပတ်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာအုပ်စု ဆတ်ကလေးကျေးရွာ အောင်မြေဘုံလျှမ်းကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဝင်းက အမျိုးသမီးများဘဝ လုံခြုံစေရေးနှင့်သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှု မရှိစေရန်အတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးသူငယ်များက သတိပြုလိုက်နာရန် အချက်များနှင့် မှုခင်းဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် ၎င်းတို့၏ ကလေးငယ်များ ၁၅၃ ဦး တက်ရောက်ခဲ့ပြီး မြို့နယ် ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှု မရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စတင် အကောင်အထည်ဖော်

**စစ်တွေ မတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ ဘဝကနဦး ပထမရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရ ပြည့်ဝစွာစားသုံးခွင့်ရ၍ ကျန်းမာသန်စွမ်းသော လူသား အရင်းအမြစ်များအဖြစ် ရှင်သန်ကြီးပြင်းနိုင်စေရေး ရည်ရွယ်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွား လာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို အာဟာရ အခြေအနေ နိမ့်ပါးသောဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည်။

ယနေ့တွင် အဆိုပါအစီအစဉ်အရ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ကြေးပေးနေမှုအခြေ အနေများနှင့် (၅)နှစ်အောက် ကလေးငယ်များ အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြီးကြပ်ကူညီရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်နှင့် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့ သည် စစ်တွေမြို့ရှိ သဲချောင်းကျေးရွာ၊ ဇောပူဂျာကျေးရွာ၊ သက္ကေပြင် ကယ်ဆယ်ရေးစခန်းနှင့် အောင်မင်္ဂလာရပ်ကွက် တို့သို့ ကွင်းဆင်းပြီး ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းရှိ ကလေးများအား မုန့်များဝေပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင် များနှင့် ရွာသူ ရွာသားများအား ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးမည့် အစီအစဉ်အကြောင်းကို ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွား လာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်အရ ပထမ အကြိမ် ငွေကြေးထောက်ပံ့မှုကို ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အကျုံးဝင်ခဲ့သော အကျိုးခံစားခွင့်ရှိသူများ အတွက်ဖြစ်ပြီး စစ်တွေမြို့နယ်၌ အကျိုးခံစားခွင့်ရှိသူ ဦးရေ ၈၀၇၆ ဦးရှိကြောင်း သတင်း ရရှိသည်။

**သူရဇော်(သတင်းစဉ်)**



# မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး ပထမအကြိမ် ညှိနှိုင်းဆွေးနွေး

**မြောက်ဦး မတ် ၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့အား ရှေးဟောင်းယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ် (UNESCO)သို့ စာရင်းဝင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေး၌ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြောက်ဦးမြို့အား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး အတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က သက်ဆိုင်ရာခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ၊ ရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် မှသာ ရှေးဟောင်းယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်မှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက် မှုဆပ်ကော်မတီ(ဥက္ကဋ္ဌ)ဒေါက်တာတင်မာအောင်က မြောက်ဦးမြို့ သန့်ရှင်း သာယာလှပရေး၊ ရေလှောင်ကန်၊ ဆည်များကိုအထပ်ထပ်တည်ဆောက်ခဲ့ သည့်အတွက် မြောက်ဦးမြို့အနေဖြင့် ရေသွင်း၊ ရေထုတ်စနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် အဓိကထားဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍တက်ရောက်လာသော သမိုင်းအထောက်အထားရှာဖွေရေး ဆပ်ကော်မတီ(ဥက္ကဋ္ဌ)ဒေါ်ခင်သန်း၊ ကြီးကြပ်ညှိနှိုင်းရေးဆပ်ကော်မတီ(အဖွဲ့ဝင်) ဦးသန့်မြင့်တို့က မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် နိုင်ရေးအတွက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကြီးကြပ်ညှိနှိုင်းရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်း အဝေးသို့ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ ခရိုင်ဒုတိယရဲမှူးကြီး သီဟန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်၊ တာဝန်ရှိသူများနှင့် ဒေသခံ မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ကြီးကြပ်ညှိနှိုင်းရေးဆပ်ကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ စီမံခန့်ခွဲမှုရုံး အစည်းအဝေးခန်းမ၌ မတ် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပ ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဦးရာဇ်တော်ဓာတ် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပမည်

**စစ်တွေ မတ် ၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ ရှေးဟောင်းသမိုင်းဝင် ဦးရာဇ်တော်ဓာတ် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အား မတ် ၂၃ ရက်မှ ၂၆ ရက်ထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် ဗုဒ္ဓါ ဘိသေကအနေကဇာတင်ပွဲ၊ သံဃာ့ဒါနဆွမ်းကျွေးပွဲ၊ ဆွမ်းတော် ကြီးလောင်းပွဲ၊ ရခိုင်ရိုးရာ ပြိုင်လောင်းပွဲ၊ ရခိုင့်ရိုးရာ ကျင်ပွဲ၊ ညပိုင်းတွင် စိန်ရွှေရတနာဇာတ် သဘင်၊ ရွှေပြည်စိုး ဇာတ်သဘင်အဖွဲ့တို့က ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း စေတီတော်ကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ထံမှသိရသည်။

**စေတီတော်သမိုင်းအကျဉ်း**

ဦးရာဇ်တော်ဓာတ် စေတီတော်မြတ်ကြီးသည် ပုဏ္ဏားကျွန်းမြို့ ကင်းချောင်း တစ်ဖက်ကမ်းရှိ သေလာပိဋ္ဌပဗ္ဗတတောင်ထိပ် အမြင့် ၁၈၈ ပေပေါ်တွင် တည်ထားသည်။

ရခိုင်ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီးနှင့် မိဖုရားရူစိတာ တို့သည် ဘုရားရှင်၏ ဦးခွံတော်ဓာတ်(ဦးရာဇ်ဓာတ်)တော်ကို ဌာပနာပြုလျက်သာသနာ သက္ကရာဇ် ၂၂၂ ခုနှစ်တွင် နွားလားဥသဘ တမော့ ခြောက်တောင်လုံးပတ် မင်းလံ ၂၀ ရှိ ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကို စတင်တည်ထားကိုးကွယ်ခဲ့ ကြောင်း သိရသည်။ ရခိုင်ဘုရင်အဆက်ဆက် ကိုးကွယ်၍ မွမ်းမံကုသိုလ်ပြု လာခဲ့ကြပြီး မြောက်ဦးခေတ် ရခိုင်ဘုရင် မင်းဖလောင်းရာဇာသည် ကောဇာ သက္ကရာဇ် ၉၅၃ အေဒီ ၁၅၉၁ ခုနှစ်တွင် ယခင်စေတီကို ကျောက်ညို ကျောက်သားအတိဖြင့်အမြင့် သံတောင် ၁၀၀၊ ၁၅၃ ပေ၊ လုံးပတ်တော် မင်းလံ ၈၀၊ ၄၀၁ ပေရှိ စေတီတော်ကို ပြုပြင်မွမ်းမံတည်ထားကိုးကွယ်ခဲ့ သည်။ စေတီတော်အတွင်း အဂ္ဂသာဝက၊ မဟာသာဝကတို့၏ ဓာတ်တော်များ၊ ဘုရားရှင်၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံနှင့် စေတီတော်ကြီး၏ အထက်ဌာပနာ၌ ပတ္တမြားဒေဝီ စိုးမဲကြည်ဖိဖုရားကြီး၏ အဖိုးမဖြတ်နိုင်သော ပြည်တန်ပတ္တမြားရတနာကို ဌာပနာတည် ကိုးကွယ်ထားကြောင်း သမိုင်းကြောင်း အရသိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# ရခိုင်လူငယ်မောင်မယ်များပရဟိတအသင်း(စစ်တွေ)မှ ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်း အခမဲ့ဖွင့်လှစ်

**စစ်တွေ မတ် ၄**

ရခိုင်လူငယ်မောင်မယ်များ ပရဟိတအသင်း(စစ်တွေ) မှ အမှတ်စဉ်(၅)ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြော သင်တန်း အခမဲ့ဖွင့်ပွဲနှင့် ကွန်ပျူတာသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေ မြို့ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။



"ကျွန်တော်တို့ ရခိုင်ပြည်နယ်က ကလေးတွေရဲ့ ပညာရေးတိုးတက်မြင့်မားလာဖို့အတွက် တတ်နိုင် တဲ့ဘက်က ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်၊ ဒီနေ့ ကျွန်တော်တို့အသင်းက ကွန်ပျူတာသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းတဲ့ ကလေး ၁၂ ယောက်ကို သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ပါ တယ်၊ အခု အမှတ်စဉ်(၅)မှာတော့ သင်တန်းသား သင်တန်းသူ ၄၀ ကိုသင်ကြားသွားမှာ ဖြစ်ပါတယ်၊ ကွန်ပျူတာသင်တန်းကိုတော့ အလယ်တန်းကနေ တက္ကသိုလ်အဆင့်ထိ ကျောင်းသား ကျောင်းသူ တွေကို သင်ကြားပေးမှာ ဖြစ်ပါတယ်၊ အင်္ဂလိပ် စကားပြောသင်တန်းကိုတော့ စတုတ္ထတန်းအရွယ် ကနေ လက်ခံသင်ကြားပေးမှာဖြစ်ပြီးတော့ နံနက်ပိုင်းနဲ့ ညနေပိုင်းခွဲကာ သင်ကြားသွားပါ မယ်" ဟု ရခိုင်လူငယ်မောင်မယ်များပရဟိတ အသင်း(စစ်တွေ)၏ဥက္ကဋ္ဌ ဦးဇံထွန်းမောင်က ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၂ ပေ မှ ၄ ပေခန့် ရှိနိုင် သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာမည်။

# ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**ရေစကြို မတ် ၄**
ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာ၌ မတ် ၃ ရက် ည ၈ နာရီခွဲခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သစ်ကြီးတောကျေးရွာနေ ဦးပေါ်ဦး၏ သုံးပင်ပတ်လည် ထန်းရွက်မိုး၊ ထန်းရွက်ကာ နေအိမ် မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ လူနေအိမ်ခြေ ၁၅၄ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။



မီးလောင်ရာသို့ ရေစကြို၊ ပခုက္ကူမြိုင်၊ ဆားလင်းကြီး၊ ချောင်းဦးမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ လင်းကတော၊ ပခန်းကြီး စသည့် နယ်မြေမီးသတ်စခန်းများနှင့် ရေစကြိုတပ်နယ်နှင့် ကံပွင့်တို့မှ ရေသယ်ယာဉ်များ စုစုပေါင်း မီးသတ်ရေယာဉ်နှင့် ရေသယ်ယာဉ် ၂၃ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ရေစကြိုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများက ကြီးကြပ်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ် ဆောင်ရွက်ကြသည်။ မီးဘေးသင့် ပြည်သူများအတွက် ငါးရက်စာ စားနပ်ရိက္ခာထောက်ပံ့ပေးမည့် အစီအစဉ်နှင့် ယာယီနေထိုင်ရန် အဆိုပါရွာရှိ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကယ်ဆယ်ရေးစခန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချယ်လူလေး**

# သစ်တင်ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး

**ဟိုင်းကြီးကျွန်း မတ် ၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဖောင်တိုးကျေးရွာအနီး(ဒေသအခေါ်)ကျောက်ကုတင်စမ်းဖျား၌ မတ် ၄ ရက်က သစ်ခွဲသားနှစ်တန်ခန့် တင်ဆောင်မောင်းနှင်လာသော TE အမျိုးအစား အပြာရောင်ချက်ပလက် ယာဉ်တစ်စီး တိမ်းမှောက်၍ ယာဉ်နောက်လိုက် အမျိုးသားတစ်ဦး သစ်ခွဲသားများကြာပိကာ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ကုလားလေး(ခ)နေဝင်းအောင်ဖြစ်ပြီး ယာဉ်မောင်းသူမှာ သံယောဇဉ်၊ ကျုံကူးကျေးရွာနေသူဖြစ်ကြောင်းနှင့် ကျောက်ကုတင်စမ်းအနီးမှ ကျုံကူးကျေးရွာဘက်သို့ မောင်းနှင်လာစဉ် တောင်ကမ်းပါးယံလမ်းပဲ့ကျ၍ ယာဉ်တိမ်းမှောက်ကာ ယာဉ်ပေါ်ပါသစ်များပိ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၆၉ စီး၊ သွင်းကုန် ၉၈၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန်အစီး ၁၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃ ဒသမ ၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၃၀၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၇၀၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၃ ရက်တွင် မန္တလေးမြို့သို့ သွားရောက်မည့် ကင်တာ ခြောက်ဘီးယာဉ်သုံးစီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း ၂၃ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆ ဒသမ ၅၉၅ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သက်နိုင်နှင့် ထွန်းဇော်ဦး(ခ)ဖိုးဇော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၄**
မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃ ရက် ညနေ ၅ နာရီခွဲခန့်က နောင်ချိုမြို့အဝင် မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်းတွင် သက်နိုင် မောင်းနှင်ပြီး ထွန်းဇော်ဦး(ခ)ဖိုးဇော် လိုက်ပါလာသည့်မော်တော်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ရှာဖွေရာ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ တွေ့ရှိပြီး ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၊ ငွေကျပ် ၁၁၃၀၀၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် သက်နိုင်နှင့် ထွန်းဇော်ဦး(ခ)ဖိုးဇော်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# မြို့ပတ်ရထားလမ်းဘေးတွင် သက်ငယ်မုဒိမ်းမှုကျူးလွန်သူ ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၄**
ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းလှိုင်ဘူတာနှင့် ကြည့်မြင်တိုင်ဘူတာကြား မြို့ပတ်ရထားလမ်းဘေးတွင် ၄ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား သားမယားအဖြစ်ပြုကျင့်သူကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီခန့်က ကျပန်းလုပ်ကိုင်နေသူ မ----သည် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်ဘူတာ ခုံးတံတားအောက်စကြံတွင် ၎င်း၏ သားသမီး သုံးဦးအား အိပ်ရာဝင်စေခဲ့သည်။ ဖေဖော်ဝါရီ ၃ ရက် နံနက် ၃ နာရီတွင် ၎င်းနှင့် ခင်ပွန်းဖြစ်သူမှာ အပြင်သို့သွားရောက်ရာမှ ပြန်လာခဲ့ရာ သမီးဖြစ်သူ ၄ နှစ်အရွယ် မ---- မှာ ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် လိုက်လံရှာဖွေရာ ကြည့်မြင်တိုင်ဘူတာဘက်မှ ပန်းလှိုင်ဘူတာဘက်သို့ သံလမ်းအတိုင်း မိန်းကလေးငယ်တစ်ဦးမှာ ဒဏ်ရာများဖြင့် လမ်းလျှောက်လာသည်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က တွေ့ရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားကြောင်းသိရသဖြင့် ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုရာ သမီးဖြစ်သူ မ---- မှာ ဦးခေါင်းတွင် ဒဏ်ရာရရှိသည့်အပြင် မိန်းမကိုယ်တွင်လည်း သွေးထွက်ဒဏ်ရာများတွေ့ရှိရကြောင်း၊ အမျိုးသားတစ်ဦးမှ ၎င်း၏သမီးဖြစ်သူအား သားမယားအဖြစ်ပြုကျင့်ထားကြောင်းသိရသဖြင့် စမ်းချောင်းမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် သတင်းစုံစမ်းထောက်လှမ်းခဲ့ရာ ကိုကိုနိုင်(ခ)ကိုနိုင်(ခ)နိုင်ကြီးဆိုသူအား မသင်္ကာကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မတ် ၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် ပန်းဘဲတန်းမြို့နယ် ဘုရားလမ်းဘူတာ၌ ကိုကိုနိုင်(ခ)ကိုနိုင်(ခ)နိုင်ကြီးအား ဖမ်းဆီးရမိပြီး ၎င်းထံမှ ကာမအားတိုးဆေးများလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကိုကိုနိုင်(ခ)ကိုနိုင်(ခ)နိုင်ကြီး (၄၈)နှစ်အား စစ်ဆေးရာ အထက်ပါဖြစ်စဉ်ကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်ဟု သိရသည်။ ပြစ်မှုကျူးလွန်သူမှာ ၂၀၀၉ ခုနှစ်က ကြည့်မြင်တိုင်မီးရထားဘူတာရုံတွင် အရက်မူးဆဲဆိုခဲ့သဖြင့် ရန်ကုန် ရဲအက်ဥပဒေပုဒ်မ ၄၁ ဖြင့် ထောင် ခုနစ်ရက်ကျဖူးကြောင်း၊ ၂၀၀၁ ခုနှစ်က လှည်းကူးမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် လက်နက်များအက်ဥပဒေပုဒ်မ ၁၉( င)ဖြင့် ထောင်ဒဏ် တစ်နှစ် ကျခံဖူးသူတစ်ဦးဖြစ်ကြောင်း သိရပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူအား ထိရောက်ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

**၅-၃-၂၀၁၈ (တနင်္လာနေ့)**

- ၀၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၀၇း၀၀ Breakfast News
- ၀၇း၃၅ MRTV Travelogue
- ၀၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၀၉း၁၅ "၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (အင်္ဂလိပ်စာဘာသာရပ်)
- ၀၉း၄၀ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Borobudur"(Indonesia)
- ၁၀း၃၀ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၃၃)
- ၁၀း၄၀ စိုက်ပျိုးရေးရာ အဖြေရှာ "စူးစမ်းလေ့လာ တောင်သူများဆီမှာ"
- ၁၁း၀၀ လုံမမှတ်စု(အပိုင်း- ၂၇)
- ၁၁း၂၀ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၄၅ ပြည်သူ့နီတိ "နှိုင်းယှဉ်၍ မရသော"
- ၀၁း၃၀ သခုမရင်ခွင် အငြိမ့်သဘင် "မိုးအငြိမ့်" (မင်းသမီး- သဲဦးသစ္စာ၊ လူရွှင်တော်- ကဲကဲ၊ မိုးပွင့်၊ ဖိုးဖြူ၊ မိုးစက်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၀၂း၃၀ Tasty Trip
- ၀၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း- ၃၄)
- ၀၄း၂၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(စိတ်ပညာ အထူးပြု)(စိတ်ပညာ)
- ၀၄း၅၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မောင်မစ္စကဝိညာဉ်" (ရန်အောင်၊ ခန့်စည်သူ၊ မြင့်မြတ်၊ နန်းမြတ်ဖြိုးသင်း၊ ရွှေမှုန်ရတီ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၀၅း၀၅ This Week's Special Interest
- ၀၅း၂၀ "လွယ်ကူဖွယ်ရာ ရိုးရာအစားအစာ"(ကချင်ပိန်းဥမုန့်ညင်းဟင်းချို)
- ၀၅း၃၅ Yes or No Talk Show
- ၀၆း၂၀ Football Magazine
- ၀၆း၃၅ ဥပဒေရေးရာ အဖြာဖြာ "ဆွေးနွေးခန်း" (ဦးဟန်ညွန့်- ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပပွလစ်) [ဒါရိုက်တာ- ဝေဠု(ဝသန်)]
- ၀၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အစမ်းသပ်ခံအချစ်" (အပိုင်း- ၂၄)
- ၀၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၀၈း၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ "သတ္တဌာနနှင့်တည် ရတနာပုံနေပြည်"(မန္တလေး) (အပိုင်း-၈)(မဟာပဌာန်းဟောရွှေသိမ်တော်ကြီး)
  - နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (နဂါးပုလဲ) (အပိုင်း- ၃)
  - မျက်မှောက်ရေးရာ သုံးသပ်စရာ
  - နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူပူအမျှ" (အပိုင်း-၁၉)
  - အစီအစဉ်ပြီး၏။

# ချယ်လ်ဆီးမှ ထွက်ခွာမည်ဖြစ်ကြောင်း နည်းပြကွန်တီ အရိပ်ပြ

နည်းပြ ကွန်တီက ရာသီကြိုကာလနှင့် လာမည့်နွေဈေးကွက်အတွင်း ကစားသမား အဝင်အထွက်ကိစ္စရပ်များကို ကလပ်အသင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ် မရှိဟု ပြောကြားခြင်းအားဖြင့် ချယ်လ်ဆီးမှ ထွက်ခွာမည်ဆိုသည်ကို သွယ်ဝိုက်ကာ ပေါ်ပေါ်ထင်ထင်အရိပ်အမြွက် ချပြလိုက်ပြီ ဖြစ်သည်။

ရာသီကြိုခြေစမ်းပွဲခရီးစဉ်များနှင့် ကစားသမားသစ် ခေါ်ယူမှုကိစ္စရပ်များတွင် သူ၏ ပါဝင်မှုအပေါ် မေးမြန်းခံရချိန်တွင် ကွန်တီက "မရှိပါဘူး၊ လတ်တလောကာလမှာတော့ ကလပ်အသင်းနဲ့ ကျွန်တော်ဟာ တူညီတဲ့ ရည်မှန်းချက်အတွက် ဆောင်ရွက်နေကြပြီး ပစ္စုပ္ပန်အတွက်ပဲ အကောင်းဆုံးဖြစ်ဖို့ အာရုံစိုက်ထားတာကြောင့် အဝေးကြီးကို တွေးမထားပါဘူး"ဟုသာ ပြန်လည်ဖြေကြားခဲ့ရာ ယင်းမှာ ချယ်လ်ဆီးမှ ထွက်ခွာရန် ရည်မှန်းထားသည်ကို သွယ်ဝိုက်ဆိုခဲ့ခြင်းဟု ယူဆသည်။

ကွန်တီ၏ ချယ်လ်ဆီးမှာ ပွဲကြပ်ကာလအတွင်း ရလဒ်ပိုင်း တောက်လျှောက်ကျဆင်းလာခဲ့ရာ ကွန်တီနှင့် ချယ်လ်ဆီးအသင်း ပူးပေါင်းမှု လျှင်လျှင်မြန်မြန် အဆုံးသတ်ရေးကို ပံ့ပိုးစေသကဲ့သို့ပင် ဖြစ်သည်။ ကလပ်အသင်းများသည် ရာသီကြိုခြေစမ်းပွဲများအတွက် ယခုကာလကတည်းက အစီအစဉ်ချမှတ်ကြရလေ့ရှိပြီး ပြီးခဲ့သည့် ရာသီကလည်း တရုတ်နှင့် စင်ကာပူတို့တွင် ကစားခဲ့သည့် ချယ်လ်ဆီးအသင်းလူစာရင်းကိုလည်း ကွန်တီကသာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် လာမည့်ရာသီကြိုကာလအတွင်း ပါ့ခ်ဂလိုရီအသင်းနှင့် ဇူလိုင် ၂၃ ရက်တွင် သြစတြေးလျနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဟု သိရသည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန် အခက်ကြုံခဲ့ခြင်းကြောင့် ကွန်တီ၏ ချယ်လ်ဆီးအနာဂတ် ဝေဝါးနေကာ ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်နှင့် နာပိုလီနည်းပြဟောင်း ဆာရီတို့ကို ကွန်တီနေရာတွင် အစားထိုးနိုင်ရန် ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။

**မေလှဲ့သင်း - ရေးသားသည်**





# မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလား ရရှိလုနီးပါးဖြစ်နေပြီဟု ခံစားရကြောင်း ဆာနေးပြောကြား

မန်စီးတီးတောင်ပံတိုက်စစ်မှူးလေး ဆာနေးက မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်ဖလားရရှိလုနီးပါးဖြစ်နေပြီလို့ ခံစားရကြောင်း ဆိုလိုက်ပါတယ်။ ဆာနေးက "ကျွန်တော်တို့ တစ်စတစ်စ နီးကပ်နေပြီဆိုတဲ့ ခံစားချက်ရရှိနေပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ အမြဲတမ်းပြောလေ့ရှိတာက တစ်ဆင့်ပြီး တစ်ဆင့် တစ်ပွဲပြီး တစ်ပွဲ သွားရေး ချဉ်းကပ်ရေးဆိုတာပါပဲ။ ဒါပေမယ့်ကျွန်တော်တို့ ခုတော့ အနည်းငယ် ခံစားလာရပါပြီ။ရာသီက ကုန်လုနီးပါးဖြစ်နေပြီး ပွဲစဉ်အနည်းငယ်ပဲ ကစားဖို့ ကျန်ပါတော့တယ်" လို့ ပြောကြားခဲ့တာပါ။

ထို့ပြင် မန်စီးတီးနည်းပြ ဂွါဒီယိုလာက မန်စီးတီးအသင်း လက်ရှိလူစာရင်းအပေါ် ကျေနပ်အားရမှုရှိကြောင်းဆိုခဲ့ပြီး ကစားသမားအင်အား ဘယ်လောက်အထိ တောင့်တင်းတယ်ဆိုတာ အာဆင်နယ်နဲ့ ပွဲစဉ်မှာ သက်သေပြနိုင်ခဲ့တယ်လို့ ကြွေးကြော်သွားခဲ့ပါတယ်။ မန်စီးတီးဟာ ချယ်လ်ဆီးနဲ့ မယှဉ်ပြိုင်ရသေးမီ အမှတ်ပေးဇယားကို ၁၅ မှတ်အထိ ဖြတ်ပြီး ဦးဆောင်ထားနိုင်ခဲ့တာကြောင့် ဒီနှစ်ဟာ မန်စီးတီးနှစ်ဖြစ်လာဖို့ အလားအလာကောင်းနေတယ်ဆိုတာ ယေဘုယျ အဖြေထုတ်နိုင်ပါတယ်။

ဒါ့အပြင် မန်စီးတီးကစားသမားတွေအနေနဲ့ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်မယ်ဆိုရင် တစ်ဦးကို ဆုကြေး ပေါင်တစ်သန်းစီ ရရှိမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ယခုနှစ် ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲကို မေ ၂၆ ရက်တွင် ယူကရိန်းနိုင်ငံ ကိဗ်မြို့မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

# ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးအား စာချုပ်သက်တမ်းမကုန်ဆုံးမီ လာမည့်နွေရာသီကာလတွင် အာဆင်နယ်အသင်း ရောင်းချမည်

အာဆင်နယ်အသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် နည်းပြအာစင်ဝင်းဂါးထွက်ခွာခဲ့ပါက ၎င်းနေရာတွင် အစားထိုးရန်အတွက် ဂျာမနီနည်းပြ ဂျိုအာချင်လိုးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည့်အပြင် အာဆင်နယ်ကွင်းလယ်ကစားသမား အာရွှန်ရမ်ဆေးကိုလည်း ရောင်းချမည်ဖြစ်ကြောင်း သတင်းထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

နည်းပြဂျိုအာချင်လိုးသည် ၂၀၂၀ ပြည့်နှစ်အထိ ဂျာမနီအသင်းတွင် ဆက်ရှိရန် ဂျာမနီဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူစာချုပ်ချုပ်ဆိုထားခဲ့သော်လည်း အာဆင်နယ်အသင်းကမူ အာစင်ဝင်းဂါးထွက်ခွာခဲ့ပါက ဂျိုအာချင်လိုးဖြင့် အစားထိုးရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး ကွင်းလယ်ပိုင်းအပြောင်းအလဲအဖြစ် ကွင်းလယ်ကစားသမား ရမ်ဆေးကိုပါ ရောင်းချရန်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ရမ်ဆေးသည် လာမည့် ၂၀၁၉ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ကွင်းလယ်ကစားသမား ရမ်ဆေးအနေဖြင့်လည်း အာဆင်နယ်အသင်းတွင် မပျော်မရွှင်ဖြစ်နေကာ အသင်းပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခြင်းကြောင့် အာဆင်နယ်အသင်းအနေဖြင့် ရမ်ဆေးအားရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**မတ်လ ၄ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

| | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၂၉** | | |
| ဘရိုက်တန် | ၂ - ၁ | အာဆင်နယ် |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၂၈** | | |
| အေမိန်းစ် | ၀ - ၂ | ရန်းနက်စ် |
| အန်ဂါးစ် | ၃ - ၀ | ဂူအင်ဂမ့် |
| မက်ဇ် | ၁ - ၁ | တူးလော့ |
| စိန့်အက်တီယန် | ၂ - ၂ | ဒီဂျွန် |
| ကာအန် | ၂ - ၀ | စတားဘော့ |
| **စပိန်လာလီဂါ ပွဲစဉ် - ၂၇** | | |
| လီဗန်တေး | ၁ - ၁ | အက်စပန်ညို |

ခိုင်ဝင်း






# ဂိုးသမားဒီဂီယာအား စာချုပ်သစ်ချုပ်ဆိုရေး တစ်ပတ် ပေါင်သုံးသိန်းခွဲဖြင့် မန်ယူ ကမ်းလှမ်းမည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ ဂိုးသမားဒီဂီယာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး မန်ယူအသင်းကလည်း ဒီဂီယာအား စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခင်ကတည်းက ဂိုးသမားဒီဂီယာအား စိတ်ဝင်စားနေခြင်းဖြစ်သည့်အပြင် လက်ရှိတွင် အပြောင်းအရွှေ့ဈေးနှုန်းပိုမိုစွာ ကမ်းလှမ်းလာခဲ့ခြင်းကြောင့် မန်ယူကလည်း ဒီဂီယာအား ရီးယဲလ်မက်ဒရစ်သို့ မပြောင်းရွှေ့ရေးအတွက် စာချုပ်သစ်ကို တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းခွဲအထိပေး၍ ကမ်းလှမ်းရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အနေဖြင့် ချယ်လ်ဆီးဂိုးသမားကော်တိုရစ်ကိုလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ် - ရေးသားသည်**



# တပေါင်းသာစွ တော်လှန်ရေးလ

ခင်လေးသက်

တပေါင်းလသည် တစ်နှစ်တွင်ရှိသော လပေါင်း ၁၂ လတို့၏ နောက်ဆုံးလဖြစ်သည်။

အသာယာဆုံးလဖြစ်သည်။ ကမ္ဘာဦးအစ နေ၊ လ ပေါ်သောလဖြစ်သည်။ ကာဠုဒါယီအမတ် ဘုရားသခင် အား ဂါထာ-၆၀(၆၄)ဖြင့် ပင့်၍ သာယာသော တောလမ်း ခရီးမှ ဘုရားရှင်ကြွသော လဖြစ်သည်။ သဲပုံစေတီဘုရား ပွဲတော်နှင့် မျက်မှောက်ခေတ် ဘုရားပွဲများ ကျင်းပသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပွဲတော်လဖြစ်သည်။

"တပေါင်းလသာ၊ လ-တကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်း သာထွေ၊ ရေလည်းသာလှ၊ ဖြူလွသောင်ပြင်၊ ငှက်ပေါင်းရွှင်၏၊ သဘင်အညီ၊ သဲစေတီဟု၊ မျှော်ချီရွှင်ပ၊ လှူဒါန်းကြ၏"

**ဂုဏ်ပြုမှတ်တမ်းတင်**

တပေါင်းလ၏ သာယာတင့်တယ်ပုံကို ရှေးစာဆိုတို့ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်မှာ မရေတွက်နိုင်လောက်အောင်ပင်ဖြစ်သည်။

"တပေါင်းမိန်ထုံ၊ သာရဂုံ၊ ပွင့်ငုံပိတောက်ဝင်း"ဟု ပိတောက်ပွင့်သလို၊ အင်ကြင်းပန်း၊ ကံ့ကော်ပန်း၊ သရဖီပန်းများလည်း ပွင့်သည်။ သစ်ရွက်ဟောင်းများ ဝါကျံနီမောင်းလျက် မြေသို့သက်ပြီး ရွက်သစ်နုတို့ ဖူးသစ်စအခါဖြစ်သည်။ တော၊ တောင်ရာသီဥတု သာယာသဖြင့် ငှက်များသဘင်ကျင်းပသောလဖြစ်သည်။ "ရသေ့သူတော်တိုင်မှဉာဏ်မခိုင်၊ စျာန်ယိုင်လျှောရသည်၊ ရာသီတွင် စာစီ၍ ပြောရလျှင် ကြော၍ သာမြဲ"ဟူ၍ ကဗျာကဝိတို့ စာသီပြုခဲ့သည်။

တပေါင်းလ၏ သာယာပုံကို မြတ်စွာဘုရားသည် နှစ်သက်တော်မူခြင်းများဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားနှင့်ပင် ခိုင်းနှိုင်းကာ ရတနာ့သုတ်တွင် "နွေ၏ ဆန်းစ တပေါင်းလတွင် တောအလုံးသည် ပွင့်သောသစ်ပင်များဖြင့် သာယာတင့်တယ်လှ၏။ ထိုနည်းတူစွာပင် ဘုရားသခင်တို့၏ နိဗ္ဗာန်ရောက်ကြောင်းတရားသည်လည်း များစွာကြည်နူး နာပျော်ဖွယ်သာယာလှပေသည်"ဟု ချီးကျူးဟောကြားခဲ့လေသည်။

ကာဠုဒါယီမထေရ်သည် ဘုရားရှင်အား တပေါင်းလ၏ သာယာပုံကို လျှောက်တင်သောနေ့ကား ဘိုးတော် အဥ္စနမင်း ဖြို့ခွင်းသက္ကရာဇ် ၁၃၀ ပြည့်နှစ် တပေါင်းလပြည့် ကြာသပတေးနေ့ပင်ဖြစ်သည်။

ကာဠုဒါယီမထေရ်သည် ထိုတပေါင်းလ၏ သာယာပုံကို ဂါထာ ၆၀ ဖြင့် ဘုရားရှင်အား ပင့်ဆောင်နိုင်ခြင်း၊ ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်သို့ တောလမ်းခရီးမှ ပင့်ဆောင်နိုင်ခြင်း၊ ဘုရားအဖြစ်သို့ ရောက်ပြီး သတ္တဝါအပေါင်းအား တရားရေအေး တိုက်ကျွေးမှုများဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လွမ်းဆွတ်လွန်း၍ ကိုးကြိမ်မြောက် ပင့်သည်အထိမလိုက်ဖြစ်သော ဘုရားရှင်အား ၁၀ ကြိမ်မြောက်တွင်မှ ကာဠုဒါယီအမတ်ရအောင် ပင့်ဆောင်နိုင်ခြင်း။

မဂဓတိုင်းသား သံဃာတော်တစ်သောင်း၊ ကပိလဝတ်ပြည်သား သံဃာတော်တစ်သောင်း ပေါင်းသံဃာ နှစ်သောင်း ခြံရံလျက် ကြွချီလာသော ဘုရားရှင်၊ ဘုရားရှင်ကြွရောက်စဉ် ဆွမ်းအလို့ငှာ ကပိလဝတ်ပြည် ခမည်းတော် သုဒ္ဓေါဒနေ မင်းကြီးထံ ကောင်းကင်ခရီးမှ နေ့စဉ်ဆွမ်းအလှူခံကြွတော်မူခြင်း၊ ဘုရားရှင်ရောက်ရှိပြီး ခရီးစဉ်ကိုလည်း မင်းကြီးနှင့်တကွ ပြည်သူတို့အား ပြောကြားဖူးမြော်ရစေခြင်း၊ ဤသို့အားဖြင့် ကာဠုဒါယီမထေရ်မြတ်အား ဆွေတော်မျိုးတော်အပေါင်းနှင့် ပြည်သူအပေါင်း ကြည်ညိုခံရရှိခြင်း၊ သို့ဖြင့် ကာဠုဒါယီသည် ဆွေတော်မျိုးတော်နှင့် အများအကြည်ညိုဆုံးသော ကုလပ္ပသာဒက (ဧတဒဂ်ဘွဲ့)ကို ရရှိခဲ့လေသည်။

**တော်လှန်ရေးလ**

ထို့အတူ ထိုတပေါင်းလသည် မြန်မာနိုင်ငံသားတို့ အတွက် တော်လှန်ရေးလအဖြစ် နားလည်ထားကြသည်လည်းရှိ၏။ နားလည်ထားရလောက်အောင်လည်း မြန်မာနိုင်ငံ၏ သမိုင်းလမ်းကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေခဲ့သော တော်လှန်ရေးအရေးတော်ပုံကြီးတစ်ခုကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ပေါက်ကွဲခဲ့သော ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီးပင်ဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေးသည် မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့သော မည်သူတစ်ဦးတစ်ယောက် ကမျှ မလှုံ့ဆော်၊ မစည်းရုံးဘဲနှင့် ပြည်သူတို့၏ ပကတိအသိစိတ်ဓာတ်ဖြင့် ဆင်နွှဲခဲ့သော တော်လှန်ရေးကြီးသည် ထက်မြက်တောက်ပြောင်လှသော ကမ္ဘာ့နိုင်ငံအရပ်ရပ်က အံ့အားသင့်စွာ ကြည့်ရှုခဲ့ရသော အရှေ့အာရှတိုက်ရှိ ဖက်ဆစ်ကို တော်လှန်ခဲ့သော နိုင်ငံများအနက် မြန်မာနိုင်ငံ၏ တော်လှန်ရေးအဆင့်သည် ထိပ်ဆုံးအဆင့်ကရှိခဲ့သည့် တော်လှန်ရေးကြီးပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တော်လှန်ရေးများသည် တပေါင်းလ (မတ်လ)၌ အဖြစ်များသည်ကို အမှတ်ထင်မိကြပါလိမ့်မည်။ အတိတ်သမိုင်းကြောင်းပေါ်က တပေါင်းလတော်လှန်ရေးများအနက် ၁၁၉၈ ခုနှစ်က ပေါက်ကွဲခဲ့သည့် တော်လှန်ရေးမှာ ထင်ရှားသောတော်လှန်ရေးကြီးတစ်ရပ်ဖြစ်ပါသည်။

**သမိုင်းကြောင်းကို ပြောင်းလဲ**

ယင်းမှာ နောင်တော် ဘကြီးတော်မင်းတရားအား ညီတော် သာယာဝတီမင်းသားက ပုန်ကန်ခြားနားသော တော်လှန်ရေးဖြစ်သဖြင့် ကုန်းဘောင်ခေတ်က မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြောင်းလဲသွားစေခဲ့သည်။ နောင်တော် ဘကြီးတော်မင်းတရားအား ပုန်ကန်ခြားနားသည်ဟုဆိုသော်လည်း အမှန်မှာ သာယာဝတီမင်းသားသည် နောင်တော်မင်းတရားအား မကျေနပ်၍ မဟုတ်ပေ။ ဘကြီးတော်မင်းတရား၏ မိဖုရားခေါင်ကြီးဖြစ်သူ နန်းမတော် မယ်နုနှင့် သူမ၏မောင်တော် စလင်းမင်းသားကြီး ဦးအိုတို့အပေါ် မကျေနပ်သောကြောင့် ခြားနားပုန်ကန်တော်လှန်ခဲ့ခြင်း ဖြစ်သည်။

သာယာဝတီမင်းသား စတင်တော်လှန်သောနေ့အား မြန်မာသက္ကရာဇ် ၁၁၉၈ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် သောကြာနေ့ဖြစ်သည်။ ထို့ကြောင့် ရဲတင်းမော်ကွန်းတွင်-

"ထိုပြီးခါလှ၊ ကောဇာပြုကား၊ ပဿျူဆိဒြ၊ ကိန်းကျအပြေး၊ ဧနှင့်ဇတွင်၊ လေသွေးရင့်ညောင်း၊ တပေါင်းပြည့်ထွက်၊ ခြောက်ရက်အောင်မြင့်၊ ပြောင်လင်ချီသွင်း၊ ပူးမင်းပါလေ၊ သောကြာနေ့နှိုက်" ဟူ၍ တော်လှန်သောနေ့ရက်ကို မော်ကွန်းထိုးထားလေသည်။

ရဲတင်းမော်ကွန်းကို ဖွဲ့ဆိုသီကုံးသူမှာ ဝက်မစွတ်မြို့စား ဒုတိယနဝဒေးဖြစ်သည်။ ဒုတိယနဝဒေးသည် သာယာဝတီမင်းသား၏ တော်လှန်ရေးကြီးကို အသက်ကြီးရင့် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသဖြင့် ယင်းတော်လှန်ရေး အရေးတော်ပုံကြီး၏ ဖြစ်ရပ်များကို အစမှအဆုံးအထိ ရဲတင်းမော်ကွန်းဖြင့် တင်ထားခဲ့ခြင်းဖြစ်ပေလိမ့်မည်။

သာယာဝတီမင်းသားသည် သက္ကရာဇ် ၁၁၉၈ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် သောကြာနေ့တွင် အင်းဝရွှေမြို့တော်မှ စစ်ကိုင်းဘက်သို့ နောက်လိုက်နောက်ပါ ရဲဘက်သူရဲကောင်းများနှင့် ကူးခဲ့သည်။ စစ်ကိုင်းမှတစ်ဆင့် ရတနာသိယ်ရွှေဘိုမြို့သို့ ထွက်လာခဲ့သည်။ စစ်ကိုင်းမှ ရွှေဘိုသို့သွားရာလမ်းတစ်လျှောက်၌ မြင်တွေ့ခဲ့ရသော တပေါင်းလ၏ သာယာသော ရှုမြင်ကွင်းများကိုလည်း ဒုတိယနဝဒေးက -

"ရင့်ညောင်း ရင့်ညောင်း၊ လေပြေလောင်းသော်၊ တပေါင်းပူချမ်း၊ ပြိုပြွမ်းရီမှုန်၊ သီတုဏှာဂူ၊ မဥ္ဇူပုံ့ရွှင်း၊ အင်ကြင်းရဲရဲ၊ ပေါက်လဲသရဖီ၊ ရာသီသဘင်၊ ရွှန်းရွှန်းရွှင်မျှ၊ မင်းလွင်မှိုင်းဝေ၊ လေရေအရှည့်၊ ခုဝံကြည့်လည်း၊ အတည့်မတ်မတ်၊ ရွှေကြိုးခတ်သို့၊ မိုယ်းနတ်တိမ်မှောင်၊ ပဖူ့န်ပြောင်၏၊ သာခေါင်ရဂုံ၊ ပန်းမျိုးထုံလျက်၊ စုံစုံ ကျေးငှက်၊ ပန်းရက်ရွှေဝတ်၊ ချွေဆွတ်ရွှင်ကာ၊ မင်္ဂလာဖြင့်၊ ဇေယျာကျွန်းဆီ၊ ယွင်းခဲ့ချီမှ"အစရှိသည်ဖြင့် သူ၏ ရဲတင်းမော်ကွန်း၌ ဆက်လက်ဖော်ပြထားပြန်သည်။

"နေပူလို့ညချမ်း တပေါင်းလ လသရမ်း"ဟူသော တပေါင်းလ၏ ရာသီသဘာဝကို တပေါင်းပူချမ်း ပြိုးပြွမ်းရီမှုန်၊ သီတုဏှာဂူ"ဟူသော စကားများဖြင့် ဒုတိယနဝဒေးက တိုတိုနှင့်ပေါ်လွင်အောင် ဖွဲ့ဆိုထားသည်ကို တွေ့ရပေမည်။

တပေါင်းလတွင် အဘယ်ကြောင့် တော်လှန်ရေးများ ဖြစ်ပေါ်လေ့ရှိကြသနည်း။ တပေါင်းလသည် ဆောင်းအကုန်၊ နွေအကူးဖြစ်၍၊ လေရူးကလေးများ ထန်စပြုပြီဖြစ်သော်လည်း ရာသီဥတုအနေထားဖြင့်ကား သွေ့ခြောက်ကောင်းမွန်သဖြင့် ခြေခင်းလက်ခင်းလည်း သာသည်။ ခရီးလမ်းပန်း အဆက်အသွယ်လည်း လွယ်ကူသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရလည်းကောင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတု သဘာဝအရလည်းကောင်း၊ လမ်းပန်းအဆက်အသွယ်လည်း လွယ်ကူသောကြောင့် မြန်မာစစ်ပါရဂူများက တပေါင်းလကို စစ်ထွက်လ၊ စစ်ထွက်ရာသီအဖြစ်ဖြင့် ရှေးခေတ်ကပင် ရွေးချယ်သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်ဟု စာပေပညာရှင်များက သုံးသပ်ထားပါသည်။

ရတုဘုရင်လည်းဖြစ်၊ စစ်ဘုရင်လည်းဖြစ်သည့် နတ်သျှင်နောင် စစ်ထွက်ခဲ့သောလများမှာလည်း အများအားဖြင့် တပေါင်းလဖြစ်ကြောင်းကို သူ၏စစ်ချီရတုများအရ သိရှိရပေသည်။

'မှာခဲ့ရက်လျှင်' ချီရတုတွင်

> **လေးပင်စံမြောက်၊ နတ်နှင့်ထောက်လည်း၊**
> **ခြောက်ယောက်နတ်နောင်း၊ ပြာနွဲ့နောင်းသည်**
> **တပေါင်းရောက်လျှင်၊ မှတ်လိမ့်မည်**
> **ကျေးငှက်စုံစုံ၊ ကင်းငုံရွှေဆွတ်၊ ရက်ယှူဝတ်၍၊**
> **ဆယ်မြတ်အခေါင် လကုန်အောင်ထက်၊ ချမ်းရှောင်မှူယွန်း၊**
> **တပေါင်းဆန်းက၊ ထက်ဝန်းကြည်း ရေ၊ အထွေထွေသည်၊**
> **မင်းနေသာတု လွတ်လိမ့်မည်"**

ဟူ၍လည်းကောင်း၊

ထို့ပြင် 'အောက်မေ့ချေချေ' ချီစစ်ချီရတုတွင်လည်း နတ်သျှင်နောင် စစ်ဘုရင်က-

> **ကျွန်ပ်သံညောင်း၊ ပန်ခွင့်တောင်းရှင့်**
> **တပေါင်းသဘင်၊ မမြင်သည်ပ၊ လွတ်မျှအာသာ၊**
> **သည်အတာသည်၊ စစ်မှာကြာပြန့်ခဲ့ရလော"**

ဟူ၍ သူ၏စစ်ထွက်လကို တပေါင်းလဖြစ်ကြောင်းနှင့် ရက်ရှည်ကြာညောင်းခဲ့ရပုံကို ဖော်ပြထားသည်။

ထို့နောက် 'ကြာမည်ရက်လည်း' ချီ စစ်ချီရတု၏ ဒုတိယအပိုဒ်တွင်လည်း နတ်သျှင်နောင်က -

> **နွေကားအစ၊ ဆောင်းလအပြေ၊ လေသွေပြန်ခေါက်၊**
> **ကာလရောက်က၊ နတ်ခြောက်ဘုံမှာ၊ ဝတီသာနှင့်၊**
> **စံရာပြိုင်ခိုင်း၊ သာရှည်နှိုင်းသည်၊ ရှုတိုင်းပျော်ဘွယ်**
> **တွေ့လိမ့်မည်**

ဟူ၍သူ၏ စစ်ထွက်လသည် လေရူးထစ တပေါင်းလပြည့်ကျော်စကာလဖြစ်ကြောင်း ဖွဲ့ဆိုခဲ့ပြန်သည်။

၎င်းပြင် 'နွေရက်နီးလျှင်' ချီ၌

> **နံ့သာကြိုင်မွှန်း၊ ခပ်သိမ်းပန်းကို၊ ထူးဆန်းကုန်းမြောင်၊**
> **မြဥသျှောင်ဝယ်၊ တင့်အောင်စီရင်၊ မယ့်လက်သင်၍၊**
> **တစ်စမြဲကြောင်း၊ သည်းထဲညွတ်ပြောင်း၊**
> **နွေသစ်လောင်းသည်၊ တပေါင်းပြည့်မည် လျှင်လတည်း**

ဟူ၍ သူ၏ စစ်ထွက်လသည် နွေဦးပေါက်စ တပေါင်းလပြည့်ကျော် ကာလဖြစ်ကြောင်း ဖွဲ့ဆိုသီကုံးခဲ့သည်။

မြန်မာနိုင်ငံ၏ ရာသီဥတု အနေအထားအရ ယေဘုယျအားဖြင့် တပေါင်းလသည် စစ်ထွက်လ၊ စစ်ထွက်ရာသီဖြစ်ကြောင်းလည်း ထင်ရှားနေသည် မဟုတ်တုံလော။

လက်နက်ကိုင်တော်လှန်ရေး ဆိုသည်မှာ စစ်ရေးပင်ဖြစ်၏။ တော်လှန်ရေးသည် ပြည်သူလူထု၏ တော်လှန်ရေးအသိနှင့် လက်နက်အင်အားပေါ်တွင် အခြေခံသည်လည်းမှန်၏။ သို့ရာတွင် ရာသီဥတု၏ သဘာဝနှင့် ပထဝီအနေအထားကိုလည်း ချန်လှပ်ထား၍ မဖြစ်နိုင်ပေ။ ထည့်သွင်းတွက်ချက်ဖို့ လိုသေးသည်မဟုတ်လော။ ပထဝီအနေအထားဖြင့် မြစ်ချောင်းအင်းအိုင် ပေါများသော မြန်မာနိုင်ငံအဖို့ ခြေခင်းလက်ခင်းသာသည့် ရာသီဥတုကို ရွေးချယ်ရန်မှာ ပို၍လိုအပ်လှပေသည်။

သို့ဖြစ်ခြင်းကြောင့် မြန်မာ့စစ်ပါရဂူများက တပေါင်းသာစွ၊ ခြေခင်းလက်ခင်းသာသော ထိုလကို စစ်ထွက်လ၊ စစ်ထွက်ရာသီအဖြစ် သတ်မှတ်ရွေးချယ် အသိအမှတ်ပြုခဲ့ကြခြင်းမှာ သဘာဝကျလှသည်သာတည်း။

## ရုံးပိတ်ရက်ရှည်ကာလ ပုဂံယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်စွယ်တော်လေးဆူ၌ ဘုရားဖူးလာသူများဖြင့်စည်ကား

**ညောင်ဦး မတ် ၄**

ယခုတစ်ပတ်သည် အစိုးရဌာနဆိုင်ရာရုံးများ လေးရက်ပိတ်သည်နှင့် တိုက်ဆိုင်နေသည့်အတွက် အလည်အပတ်သွားရောက်ရန် အဆင်ပြေလျက်ရှိရာ ထိုသို့ ဘုရားဖူးလည်ပတ်ရာ တွင် စိတ်ဝင်တစားလည်ပတ်စရာ နေရာတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် ဘုရား စေတီပုထိုးအနှံ့အပြားတွင် ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်အများအပြား လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

ထိုသို့ ဘုရားဖူးလာရောက်ရာတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များက ဆုတောင်းပြည့်စေရန် အဓိဋ္ဌာန်ဖြင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စွယ်တော်လေးဆူအား အားထား ဖူးမြော်ကြသဖြင့် စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် လောကနန္ဒာစွယ်တော်မြတ်စေတီတော် ကြီးတွင် မတ် ၄ ရက်က ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။



"ကျွန်တော်တို့ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသကို အခုတစ်ပတ် ရုံးပိတ်ရက်ရှည်ကာလမှာ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်တွေ လာရောက်မှု အရမ်းများပါတယ်။ ဘုရားဖူးက ဘယ်လောက်များသလဲဆိုရင် ပုဂံညောင် ဦးမှာရှိတဲ့ ဟိုတယ်၊ မိုတယ်တွေအပြင် နေရာအနှံ့မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာပါ တည်းခိုနေထိုင်ကြတဲ့ ဘုရားဖူးဧည့်သည်တွေ အရမ်းကိုပြည့်ကျပ်နေတာပဲ။ တချို့ဆိုရင် တည်းခိုဖို့ အဆင်မပြေလို့ အခက်အခဲတွေ ဖြစ်ရပါတယ်။ နောက်ပြီး ဘုရားဖူးဧည့်သည်တွေအများစုက ဘုရားဖူးရာမှာ ပုဂံညောင်ဦးမြို့က စွယ်တော်လေးဆူဖြစ်တဲ့ ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်နဲ့ တန့်ကြည်တောင် စွယ်တော်မြတ် စေတီတွေကို ဆုတောင်းပြည့်စေဖို့ အဓိဋ္ဌာန်နဲ့ သွားရောက်ဖူးမြော်ကြတာတွေ များပါတယ်။ ရှေးလူကြီးတွေ ပြောတာကြားဖူးတာတော့ ဒီစွယ်တော်လေးဆူဘုရားတွေကို မွန်းတည့် ၁၂ နာရီ မကျော်ဘဲ အဓိဋ္ဌာန်နဲ့ လိုရာဆု တစ်ဆုတည်း တောင်းပြီး မနက်ပိုင်း အပြီးဖူးနိုင်ရင် ဆုတောင်းပြည့်တယ်လို့ ပြောတာပဲ။ အခုလို ရုံးပိတ်ရက်ရှည်ကာလမှာ ကျွန်တော်တို့ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသကို ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်တွေ အများအပြား လာရောက်ဖူးမြော်တာကြောင့် ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်တွေ၊ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်ရှင်တွေ၊ အမှတ်တရ လက်ရေးပန်းချီ လုပ်ငန်းလုပ်ကိုင်သူတွေနဲ့ (E-Bite) လျှပ်စစ်စက်ဘီး၊ ဆိုင်ကယ်အငှားဆိုင်တွေ အလွန်အဆင်ပြေကြပါတယ်။ နောက်ပြီး အခုလို ဘုရားဖူးပြည်သူတွေ လာရောက်မှုများတဲ့အတွက် သမိုင်းဝင်တန်ခိုးကြီးဘုရားတွေနဲ့ ဘုရားစေတီပုထိုးတွေမှာ အလွန်ကို စည်ကားပြီး ကြည်နူးစရာလည်း ကောင်းပါတယ်" ဟု ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်း ကိုလင်းလင်းက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## 'သဘာဝဘေး (သို့မဟုတ်) အနီးအနားကအကြီးမားဆုံး အန္တရာယ်ငလျင်' ခေါင်းစဉ်ဖြင့် ဟောပြောပွဲပြုလုပ်

**စစ်ကိုင်း မတ် ၄**

'သဘာဝဘေး (သို့မဟုတ်) အနီးအနားက အကြီးမားဆုံးအန္တရာယ်ငလျင်' ခေါင်းစဉ်ဖြင့် ငလျင်အကြောင်းသိကောင်းစရာဟောပြောပွဲကို မတ် ၃ ရက် နံနက်၉နာရီကစစ်ကိုင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

ငလျင်ပညာရှင်ဒေါက်တာထွန်းနိုင်က ငလျင်လှုပ်ခတ်ပုံ၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နိုင်ပုံနှင့် Microfremor တိုင်းတာခြင်းအကြောင်းများကို ဟောပြောခဲ့ပြီး ဘူမိဗေဒပညာရှင်ဒေါက်တာစိုးမိုးကျော်ဝင်းက ပုပ္ပားတောင်မြေပြိုမှုနှင့် လေ့လာမှုအတွေ့အကြုံများအကြောင်းကို အကျယ်တဝင့် ဆွေးနွေးဟောပြောသည်။

Asian Disaster Preparedness Center(ADPC) နှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့က ပူးပေါင်းထုတ်ဝေသော ငလျင်များနှင့် နေထိုင်ခြင်းလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ စစ်ကိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်၊ ပါမောက္ခဆရာ ဆရာမများအပါအဝင် ကျောင်းသူ၊ ကျောင်းသားများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ လူမှုရေးပရဟိတအသင်းအဖွဲ့များ၊ စစ်ကိုင်းမြို့သူမြို့သားများ တက်ရောက်ကြကြောင်း သိရသည်။

မြန်မာပြည်တစ်ဝန်းတွင် ငလျင်များမကြာခဏ လှုပ်ခတ်လျက်ရှိနေသဖြင့် သဘာဝငလျင်ဘေးဒဏ် ပေါ်ပေါက်လာပါက စစ်ကိုင်းမြို့သည် ထိခိုက်ပျက်စီးမှုဖြစ်ပွားနိုင်သဖြင့် ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ သိရှိနိုင်ရန် ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့သည် စစ်ကိုင်းပြတ်ရွေ့ငလျင်ကျောကြီးပေါ်တွင် တည်ရှိနေပြီး ၁၉၅၆ ခုနှစ်က ည ၉ နာရီကျော်တွင် ရစ်ချက်တာစကေး ၇ ဒသမ ၅ အဆင့်ရှိသည့် ငလျင်ဘေးဒဏ်ကို ခံစားခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုနှင့် လူသေဆုံးမှုများ ခံစားခဲ့ရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သည့် ရစ်ချက်တာစကေး ၆ ဒသမ ၈ ရှိ သပိတ်ကျင်းငလျင်ဒဏ်ကြောင့် စစ်ကိုင်းမြို့နယ်မှ ထူပါရုံစေတီ၊မြစည်းခုံစေတီအပါအဝင်စေတီပုထိုးများစွာပြိုကျပျက်စီးခဲ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဒုဋ္ဌဝတီမြစ်အတွင်း၌ လှေစီးသူများ၊ ရေကစားသူများဖြင့်စည်ကား

**ပုသိမ်ကြီး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးတွင် တည်ရှိသော သမိုင်းဝင် ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလပြည့်နေ့မှစ၍ လပြည့်ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မြန်မာပြည်အနှံ့မှ ဘုရားဖူးပြည်သူများ လာရောက်မှုများပြားလျက်ရှိရာ ဒုဋ္ဌဝတီမြစ်အတွင်း၌ လှေစီးသူများ၊ ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။


"ကျွန်တော်က ဒီရွှေစာရံဘုရားပွဲတော်ရက်ဆို နှစ်တိုင်းလာရောက်ပြီး စက်လှေအငှားလိုက်တာပါ၊ ဘုရားဖူးတွေကို နားမွှေးကျချောင်းတစ်ဘက်ကမ်းမှာရှိတဲ့ နားမွှေးကျစေတီကို စက်လှေနဲ့လိုက်ပို့ပေးတာပါ၊ လူတစ်ဦးကို ကျပ် ၅၀၀ နဲ့လိုက်ပို့တာပါ၊ လှေအပြတ်ငှားလို့လည်းရပါတယ်၊ ကျပ် ၅၀၀၀ ပါ၊ အပြန်အသွားဆို ကျပ် ၁၀၀၀၀ ပေါ့၊ ဒီမှာက အငှားလိုက်တဲ့လှေ အစင်း ၆၀ ကျော်လောက်ရှိပါတယ်၊ စက်တပ်လှေက ၃၀ ကျော်၊ လှော်တက်နဲ့လှော်တဲ့လှေက အစင်း ၃၀ လောက်ပဲရှိပါတယ်၊ ဒုဋ္ဌဝတီမြစ်အတွင်းမှာ ရွှေစာရံပွဲတော်ရက်ဖြစ်လို့ လှေစင်းသူတွေရော၊ ရေကစားသူတွေရော နေ့စဉ်စည်ကားလျက်ရှိပါတယ်" ဟု မင်းကွန်းဒေသမှ လာရောက်၍ စက်လှေအငှားလိုက်သူတစ်ဦးက ပြောကြားသည်။

"ရွှေစာရံဘုရားပွဲတော်ကို သူငယ်ချင်းတွေစုပြီး ဆိုင်ကယ်နဲ့လာရောက်တာပါ၊ သူငယ်ချင်း ခုနစ်ယောက်ပါ၊ ပွဲတော်က အလွန်ပဲစည်ကားပါတယ်၊ ဒုဋ္ဌဝတီမြစ်အတွင်း ရေချိုးရတာ အပေါ်ကနေပူနေပေမယ့် ရေကတော့ အေးစိမ့်နေတာပါပဲ၊ ပျော်စရာ ကောင်းပါတယ်၊ သူငယ်ချင်းတွေနဲ့ အလုပ်ပိတ်ရက်မှာ ခုလိုလာရောက်ရတာ အလွန်ပျော်စရာကောင်း ပါတယ်" ဟု မန္တလေးမြို့မှ ကိုဇော်ဇော်လင်းက ပြောသည်။

သစ္စာဓိဋ္ဌာန်ရွှေစာရံစေတီတော်ကြီးကို ပုဂံပြည့်ရှင် အနော်ရထာမင်း၏ မိဖုရားတစ်ပါးဖြစ်သော ရှမ်းမင်းသမီးစောမွန်လှက တည်ထားခဲ့ကြောင်း မှတ်တမ်းများအရသိရပြီး ရှမ်းလူမျိုးများ လာရောက်မှုများပြားသလို ရှမ်းပြည်နယ်ဒေသထွက်ကုန်ပစ္စည်းများရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့စဉ်စည်ကားလျက်ရှိပြီး ဒုဋ္ဌဝတီမြစ်အတွင်း၌ လှေစီးသူများနှင့် ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**





ရုံးပိတ်ရက်ရှည်ကာလ အတွင်း မန်ရွှေစက်တော်ရာ ဘုရားပွဲတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ညချမ်းချိန်ခါ၌ ဘုရားဖူးပြည်သူများနှင့် ဈေးရောင်း ဈေးဝယ်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာနေမှုကို တွေ့ရသည်။

သန်းနိုင်ဦး(ငဖဲ)

## မုံရွာမြို့တွင် မြို့အင်္ဂါရပ်နှင့်ညီစေရန် အဆင့်မြင့်မီးသီးများ တပ်ဆင်ပေးမည်

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအဆင့်ရုံးများ တည်ရှိရာ မုံရွာမြို့ရှိ တောင်မြောက်သွယ်တန်းလျက်ရှိသော အဓိက လမ်းမကြီးသုံးခုအား မြို့အင်္ဂါရပ်နှင့်ညီမျှစေရန် လျှပ်စစ်မီးတိုင်များ တွင် လက်ရှိ တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးကွေးနေရာများ၌ ဝပ် ၁၅၀ ရှိ အဆင့်မြင့် မီးသီးများပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

မုံရွာမြို့တွင် တောင်မြောက် သွယ်တန်းလျက်ရှိသော ကမ်းနားလမ်းမ၊ ဗိုလ်ချုပ်လမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမကြီးတို့ရှိ လျှပ်စစ်မီးတိုင်များတွင် လက်ရှိတပ်ဆင် အသုံးပြုလျက်ရှိသော လျှပ်စစ်မီးကွေး မီးသီးများသည် လုံလောက်သော အလင်းရောင်မရရှိသဖြင့် ပြောင်းလဲတိုးတက်လာသည့် မြို့တော်အင်္ဂါရပ်နှင့်အညီ ဝပ် ၁၅၀ ရှိ အဆင့်မြင့်မီးသီးများကို လာမည့် ခြောက်လဘတ်ဂျက်ကာလ အတွင်း ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်သည်။

"ညပိုင်းတွေမှာ လုံလောက်တဲ့ မီးအလင်းရောင်ရဖို့အတွက်ရယ်၊ နှစ်စဉ်မိုးရာသီမှာ ကြုံတွေ့ရတဲ့ ချင်းတွင်းမြစ်ရေကြီးမြင့်မှုမှာလည်း မီးအလင်းရောင်လုံလောက်စွာနဲ့ ရေကင်းတွေ စောင့်ကြည့်နိုင်အောင်လို့ အစားထိုးလဲလှယ် တပ်ဆင်ပေးသွားမှာပါ၊ လက်ရှိအခုအသုံးပြုနေတဲ့ ရိုးရိုးမီးတွေက ညပိုင်းတွေမှာ လုံလောက်တဲ့ အလင်းရောင်မရနိုင်ဘူး၊ မြို့တော်အင်္ဂါရပ်နဲ့ညီအောင်လို့ ဝပ် ၁၅၀ ရှိမီးသီးတွေ ပြောင်းလဲ တပ်ဆင်အသုံးပြုသွားမှာပါ၊ ပြောင်းလဲတပ်ဆင်ခြင်း လုပ်ငန်းတွေကိုတော့ လာမယ့် ခြောက်လ ဘတ်ဂျက်ကာလအတွင်းမှာ လုပ်ဆောင်သွားမှာပါ၊ အခုလောလော ဆယ်မှာတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိတဲ့ အိုးဘိုတောင်ရပ်ကွက်က ကမ်းနားလမ်းပိုင်းမှာတော့ ဝပ် ၁၅၀ ရှိမီးသီးတွေ ပြောင်းလဲတပ်ဆင်ပေးထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းမကြီး သုံးလမ်းရှိ လျှပ်စစ်မီးတိုင်များတွင် ဝပ် ၁၅၀ ရှိ အဆင့်မြင့်မီးသီးများ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို မုံရွာမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့အရှေ့ဘက် သောင်တိုးမြေတွင် တည်ထားပြီးစီးသွားသည့် ရွှေတိဂုံပုံတူသမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်၏ စိန်ဖူးတော်၊ ရွှေထီးတော်ကြီးနှင့် အရံစေတီတော်များ၏ ရွှေထီးတော် များအား တင်လှူပူဇော်ပွဲကို မတ် ၂ ရက် နံနက် ၁၀ နာရီက ရွှေတိဂုံပုံတူ သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# ကန်တော်ကြီးဆည်မှ သန့်စင်ပြီးရေကို ပဲခူးမြို့အတွင်း စမ်းသပ်ဖြန့်ဝေ

**ပဲခူး မတ် ၄**
ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဂျပန်နှစ်ရှည်ချေးငွေရယူ၍ ကန်တော်ကြီးဆည်ရေအား ရေသန့်စင်စနစ်တည်ဆောက်ခြင်း၊ မြို့တွင်းပိုက်လိုင်းသစ်များဆက်သွယ်ခြင်း၊ တပ်ဆင်ခြင်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သဖြင့် မတ် ၁ ရက်မှ စတင်၍ ပဲခူးမြို့အတွင်းသို့ သန့်စင်ပြီးရေများအား စမ်းသပ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့ မြို့တွင်းရေပိုက်လိုင်းသည် စုစုပေါင်းအရှည် ၅၄၆၃၃ ပေရှိပြီး ပထမစီမံကိန်းအနေဖြင့် အဓိကကျသောရေပိုက်လိုင်းကြီး ၃၀၆၆၅ ပေကို အစားထိုး အသစ်ဆက်သွယ်တပ်ဆင်ကာ ရေပိုက်လိုင်းငယ် ၂၃၉၇၈ ပေအစားထိုးအသစ်ဆက်သွယ်တပ်ဆင်ရန်ကျန်ရှိနေသည်။ ကျန်ရှိနေသောရေပိုက်လိုင်းငယ် ၂၃၉၇၈ ပေအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်၂၀၁၇-၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အသစ်လဲလှယ် ဆောင်ရွက်သွားမည်ဖြစ်သည်။ သန့်စင်ပြီးရေပေးဝေရာတွင်လည်း အဆိုပါလဲလှယ်ရန် ကျန်ရှိနေသော ရေပိုက်လိုင်းများမှလည်း ရေပေးဝေးသွားမည်ဖြစ်သဖြင့် သန့်စင်ပြီး ရေကို ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

ရေသုံးစွဲသူများအနေဖြင့် ရေသုံးစွဲခအား ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ယခင်နှုန်းထားတစ်လ ကျပ် ၄၀၀၀ နှုန်းဖြင့် ကောက်ခံပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ဧပြီလမှစ၍ ရေမီတာစနစ်ဖြင့် ကောက်ခံသွားမည်ဖြစ်သည်။ရေဖြန့်ဝေပေးရာတွင်နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ဇိုင်းဂနိုင်း တောင်ပိုင်း၊ ရွာသစ်၊ ကျောက်ကြီးစု၊ သွန်းဘုရားစသည့်ရပ်ကွက်(၅)ရပ်ကွက်အားလည်းကောင်း၊ ညနေ ၃ နာရီခွဲမှ ည ၆နာရီခွဲထိ ညောင်ဝိုင်းမြောက်၊ ညောင်ဝိုင်းတောင်၊ ဈေးပိုင်း၊ ပန်းလှိုင်၊ ရုံးကြီး၊ လိပ်ပြာကန်၊ ရှင်စောပု စသည့် ရပ်ကွက်(၇)ရပ်ကွက် တို့အား အလှည့်ကျအချိန်ပိုင်းဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပေးဝေနေသော အများသုံးရေကန်များရှိ ရေတိုင်များအား ယခင်ကရေသုံးစွဲခ(ရေခ) ကောက်ယူခြင်းမရှိဘဲ ပေးဝေလျက်ရှိပြီး ထိုသို့ပေးဝေရာတွင် အများသုံးရေတိုင်များမှ သုံးစွဲသူများအနေဖြင့် ရေကိုစနစ်တကျ သုံးစွဲမှုမရှိဘဲ စည်းကမ်းမဲ့ သုံးစွဲခဲ့ခြင်းကြောင့် ပေးဝေနေသောရေပမာဏ၏ ၂၀ ရာခိုင်နှုန်းခန့် လေလွင့်ဆုံးရှုံးလျက်ရှိသည်။

ယခုအခါ ကန်တော်ကြီးဆည်ရေကို အဆင့်ဆင့်သန့်စင်ပြီး ဖြန့်ဝေမည်ဖြစ်သောကြောင့် ရေအလေအလွင့်ကို ထိန်းသိမ်းသောအားဖြင့် အများသုံးရေကန်သို့ ဆက်သွယ်ထားသော ရေတိုင်များကို ပိတ်သိမ်းသွားမည်ဖြစ်ပြီး သုံးစွဲလိုသောအများသုံးရေတိုင်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ရေကော်မတီဖွဲ့စည်းပြီး ရေတိုင်သုံးစွဲခွင့်အား ကျသင့်သောလစဉ်သုံးစွဲခ ရေဖိုးပေးဆောင်ကာ သုံးစွဲနိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဂျာမနီနိုင်ငံသားဦးဆောင်သည့်အဖွဲ့ မြန်မာနိုင်ငံအတွင်းလည်ပတ်



**မြဝတီ မတ် ၄**
Asian Discovery Travels & Tours Co,Ltd ၏ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံသား ဧည့်သည် Mr. Michael Maximilian Kreuzmeir အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ် ခြောက်စီးတို့ဖြင့် မြန်မာနိုင်ငံအတွင်း လည်ပတ်ပြီး မြဝတီ-မဲဆောက် ဝင်ထွက်ဂိတ်မှ မတ် ၂ ရက် နံနက် ၁၁ နာရီက မြဝတီမှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်က ဒီမြဝတီကနေပဲ ထွက်ခွာခဲ့တာပါ။ ခရီးစဉ်ကတော့ မြဝတီကနေ ကျိုက်ထို၊ တောင်ငူ၊ အင်းလေး၊ မန္တလေး၊ ပုဂံ၊ ပြည်၊ ပဲခူး၊ ပဲခူးကနေ ဘားအံတို့ကို လည်ပတ်ခဲ့တာပါ။ ဒီနေ့တော့ မြဝတီရောက်ပြီး ထိုင်းကို ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်"ဟု Asian Discovery Travels & Tours Co,Ltd ၏အုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းနိုင်စောက ပြောသည်။

မြန်မာနိုင်ငံအတွင်း ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၂ ရက်အထိ ၁၀ ရက်ကြာ လည်ပတ်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူ စာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် နိုင်ငံခြားသားလူဝင်/လူထွက်နှင့်ပတ်သက်ပြီး လုပ်ငန်း တိုးမြှင့် ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှစတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြို့တွင်းလမ်းအဆင့်မြှင့်တင်ရေး နိုင်လွန်ကတ္တရာခင်း

**မယ်စဲ့ မတ် ၄**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့တွင်းလမ်းအဆင့်မြှင့်တင်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၃)မှ မြို့တွင်းလမ်းနိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယ်စဲ့မြို့တွင်းလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၃)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ သန်းဖြင့် လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ ဒု Leveling နှစ်လက်မ၊ Overlay နှစ်လက်မဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မင်းညွန့် ဦးဆောင်၍ လမ်းလုပ်သား ၃၀ ကျော်တို့နှင့်တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လမ်းဦးစီးဌာနအနေနဲ့ဒီဘဏ္ဍာနှစ်မှာနိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်တဲ့ ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ(၁၃)လမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နေတဲ့အတွက် အဲဒီလမ်းပိုင်းမှာ ပါဝင်တဲ့မယ်စဲ့မြို့တွင်းလမ်းတွေ အဆင့်မြှင့်တင်ဖို့အတွက် နိုင်လွန်ကတ္တရာခင်းရခြင်းဖြစ်တယ် " ဟု တာဝန်ခံအင်ဂျင်နီယာကပြောကြားသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# ဖျာပုံမြို့မှ မန္တလေးမြို့သို့ ပြည်သူများ ခရီးမဝေးစေရန် ရာဇာအောင် အဆင့်မြင့်လေအိတ်ကားများဖြင့် ပြေးဆွဲမည်

**ဖျာပုံ မတ် ၄**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မှ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ပြည်သူများ အဆင်ပြေချောမွေ့ စိတ်ချလုံခြုံစွာ ခရီးသွားလာနိုင်ရန်အတွက် ရာဇာအောင် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းကို မတ် ၅ ရက် ညနေ ၄ နာရီတွင် ဖျာပုံမြို့ အဝေးပြေးဝင်းအတွင်းမှ စတင်ပြေးဆွဲတော့မည်ဖြစ်သည်။

ယခင်ကာလများက ဖျာပုံမြို့မှ မန္တလေးမြို့သို့ ခရီးသွားလိုပါက ရန်ကုန်မြို့မှတစ်ဆင့် ရန်ကုန်-မန္တလေးကားများကို စီးနင်းအသုံးပြုသွားလာရခြင်းကြောင့် အချိန်ကုန်လူပန်း ခရီးတစ်ထောက် နားနေရခြင်းများ မရှိတော့ဘဲ ဖျာပုံမြို့မှပြည်သူများ မန္တလေးမြို့သို့ တိုက်ရိုက်ခရီးသွားလာနိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများအပြင် အရှယ် သုံးပါးမရွေး ဘုရားဖူးရန်အတွက် လွယ်ကူချောမွေ့၊ သက်သောင့်သက်သာ၊ ဝန်ဆောင်မှု ကောင်းများရယူ၍ ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရာဇာအောင်အဆင့်မြင့် vip လေအိတ်ကားများသည် ဖျာပုံမြို့မှ ညနေ ၄ နာရီတွင် စတင်ထွက်ရှိမည်ဖြစ်ပြီး မန္တလေးမြို့သို့နံနက် ၅ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်သည်။ မန္တလေးမြို့ ကွဲဆည်ကန် ကားကြီးဝင်းအတွင်းမှ ည ၈ နာရီခွဲတွင် စတင်ထွက်ရှိပြီး ဖျာပုံမြို့သို့ နံနက် ၉ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်သည်။ ဝန်ဆောင်မှုများအဖြစ် သွားတိုက်ဆေး၊ သွားတိုက်တံ၊ စနိုးတာဝါ၊ ရေသန့်များအပြင် အစာပြေစားသုံးနိုင်ရန်အတွက် ကိတ်မုန့်၊ သကြားလုံး၊ အအေးဘူးများနှင့် ခေတ်မီဆေးဝါးများကို ခရီးသည်များ စိတ်တိုင်းကျဖြစ်စေရန် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ၁၀ ကြိမ်စီးနင်းပြီးပါက တစ်ကြိမ်အခမဲ့ စီးနင်းခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခရီးသွားပြည်သူများ စိတ်ချလုံခြုံစွာ ခရီးသွားလာနိုင်ရန်အတွက်၊ ယာဉ်ပေါ်တွင် ယာဉ်မောင်း နှစ်ဦး၊ ယာဉ်အကူ နှစ်ဦး၊ ယာဉ်မယ်တစ်ဦး ပါရှိမည်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်နှင့် ဘွဲ့ရယာဉ်မယ်များကို ရှေးဦးသူနာပြုသင်တန်းများ သင်ကြားပေးထားပြီးမှသာ ခန့်အပ်တာဝန်ပေးထားသည်။ ယာဉ်လိုင်းလုံခြုံမှုစနစ်များဖြစ်သည့် CCTVကင်မရာများ၊ တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များပါရှိပါက ယာဉ်ပေါ်တွင် အချက်ပေးစနစ်များပါရှိသည့် vip လေအိတ်ကားကြီးများဖြင့်သာ ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စီးခမှာ ခရီးသည် တစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ယခုလိုဖျာပုံမြို့မှ မန္တလေးမြို့သို့တိုက်ရိုက်ပြေးဆွဲပေးနိုင်ခြင်းကြောင့် ဖျာပုံမြို့နယ်နှင့် မန္တလေးမြို့နယ်အတွင်းမှ ပြည်သူများက မိမိတို့ ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူရောင်းဝယ်၍ လူမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အချိန်တိုအတွင်း တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ၊ ပြည်သူများတွက် ဖျာပုံ-မန္တလေး ခရီးဝေးကွာမှု မရှိတော့ကြောင်းသိရသည်။

**၅၄၀**



# လှည်းကူးမြို့တွင်း ငမိုးရိပ်မြစ်ကူးတံတားနှစ်စင်း တည်ဆောက်

**လှည်းကူး မတ် ၄**
ရန်ကုန်-ပဲခူးလမ်းတွင် ငမိုးရိပ်ချောင်းကူးတံတားအပြင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ သုံးစွဲမှုများပြားလာခြင်းကြောင့် မြို့တွင်း ငမိုးရိပ်ဖြတ်ကျော်တံတားနှစ်စင်းကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ ငမိုးရိပ်တံတားနှစ်စင်း တည်ဆောက်ရာတွင် အောင်မင်္ဂလာရပ်ကွက်မှ ရိပ်သာရပ်ကွက်သို့ ငမိုးရိပ်ချောင်းဖြတ်ကျော်တံတား အမှတ် (၁) တွင် အရှည်ပေ ၂၀၀၊ အနံ ၁၈ပေ၊ အမြင့် ၃၂ ပေဖြစ်ပြီး လှည်းကူး-ဖောင်ကြီးလမ်းနှင့် ရွာချင်းဆက်လမ်းဖြစ်သည်။ တပြည်တော်သာရပ်ကွက်နှင့် ဈေးကြီးအမှတ် (၂) တံတားမှာ အရှည်ပေ ၁၆၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၃၂ ပေသည့် လှည်းကူး-ဆားတလင်း ရွာချင်းဆက်လမ်းဖြစ်သည်။ ယင်းတံတားနှစ်စင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေဖြင့် တည်ဆောက်ကာ လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ကာ ၇၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(လှည်းကူး)**

# ရောဝတီယဉ်ကျေးမှု မြို့ပြဖွံ့ဖြိုးရေးအနာဂတ်အလားအလာများနှင့် သမိုင်းထဲကငလျင် ဟောပြောဆွေးနွေးပွဲကျင်းပ

**ချမ်းအေးသာစံ မတ် ၄**

Natural Green Alliance Environmental Conservationအဖွဲ့မှကြီးမှူး၍ ရောဝတီယဉ်ကျေးမှုမြို့ပြဖွံ့ဖြိုးရေးအနာဂတ်အလားအလာများနှင့်သမိုင်းထဲက ငလျင်ဟောပြောဆွေးနွေးပွဲကို မတ် ၃ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ မန္တလေးအဝေးသင်တက္ကသိုလ် အောင်ပင်လယ်ခန်းမ၌ ကျင်းပသည်။

Natural Green Alliance ဦးဆောင်သူ ဦးမောင်မောင်ဦးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆရာကြီးဦးကိုလေး (အင်း၀ ဂုဏ်ရည်)က စကျုံ့ဥဒပါဒီခေါင်းစဉ်ဖြင့် ဖြတ်သန်းခဲ့ရသော သမိုင်းနှင့် ငလျင်ဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေငလျင်အသင်း ဒုတိယဥက္ကဋ္ဌ၊ မုံရွာတက္ကသိုလ်ဘူမိဗေဒဌာန ပါမောက္ခဒေါက်တာမျိုးသန့်က ငလျင်ကြောင့်ဖြစ်နိုင်သော အကျိုးဆက်များအန္တရာယ်၊ စစ်ကိုင်းပြတ်ရွေ့မှ လှုပ်ခတ်ခဲ့သော ငလျင်များနှင့် အနာဂတ်ငလျင်၊ မန္တလေးမြို့ငလျင်အန္တရာယ်အလားအလာ၊ ငလျင်အန္တရာယ်လျှော့ချရေးကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်ပထဝီဝင်ဌာန ကထိကဦးတင်မိုးလွင်က Urban Development of Mandalay City ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်ပထဝီဝင်ဌာန ပါမောက္ခဒေါက်တာဝင်းဆွေက ရောဝတီမြစ်ကြောင်းပြောင်းလဲခြင်းနှင့် ထိန်းသိမ်းခြင်း ခေါင်းစဉ်များဖြင့် ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားသည်။



အခမ်းအနားသို့ မန္တလေးမြို့ရှိတက္ကသိုလ်များရှိ ဘူမိဗေဒဌာန၊ ပထဝီဝင်ဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၊ သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့များ၊ စိတ်ဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကချင်ပြည်နယ်အတွင်း စာစစ်ဌာန လေးခုတိုးချဲ့

**မြစ်ကြီးနား မတ် ၄**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကချင်ပြည်နယ်အတွင်း စာစစ်ဌာန လေးခုတိုးချဲ့၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ထက် ကျောင်းသား ကျောင်းသူ ၂၇၀၀ ကျော်ပိုမိုဖြေဆိုသွားမည်ဖြစ်ကြောင်း မတ် ၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲစည်းကမ်းများရှင်းလင်းခြင်းနှင့်လက်ထောက်ကြီးကြပ်ရေးမှူးများ တာဝန်ပေးအပ်ပွဲတွင် ကချင်ပြည်နယ် ပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ခင်သန်းနွဲ့က ပြောကြား သည်။

"၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကချင်ပြည်နယ်အတွင်း စာစစ်ဌာန ၆၂ ခုဖွင့်လှစ်ပြီးကျင်းခဲ့ရာမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ ကျောင်းသား ကျောင်းသူ ၃၂၈၄၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး အခုကျင်းပမယ့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာတော့ စာစစ်ဌာန ၆၆ ခုဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၃၅၅၉၉ ဦး ဝင်ရောက်ဖြေဆိုသွားဖို့ရှိပါတယ်"ဟုဆရာမကြီး ဒေါ်ခင်သန်းနွဲ့က ပြောကြားသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ စည်းကမ်းများရှင်းလင်းခြင်းနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ တာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တာဝန်ကျဆရာ ဆရာမများ အင်အား ၁၀၀၀ ကျော်တက်ရောက်ပြီး မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးမြင့်ဦးက စာမေးပွဲစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်ထောက်ကြီးကြပ်ရေးမှူး တာဝန်များလွှဲပြောင်းပေးအပ်ခဲ့ကာ မြစ်ကြီးနာခရိုင်အတွင်း စာစစ်ဌာန ၂၇ ခု၌ ကျောင်းသား ကျောင်းသူ ၁၃၃၄၃ ဦး၊ မိုးညှင်းခရိုင်အတွင်း စာစစ်ဌာန ၂၀ ခု၌ ကျောင်းသား ကျောင်း သူ ၁၂၅၀၁ ဦး၊ ဗန်းမော်ခရိုင်တွင် စာစစ်ဌာန ၁၄ ခု၌ ကျောင်းသား ကျောင်းသူ ၇၄၉၃ ဦးနှင့် ပူတာအိုခရိုင်တွင် စာစစ်ဌာန ငါးခု၌ ကျောင်းသား ကျောင်းသူ ၂၂၆၂ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၃၅၅၉၉ ဦးက သတ်မှတ်စာမေးပွဲကာလ မတ် ၇ ရက်မှ ၁၆ ရက်အထိ ဖြေဆိုသွားကြမည်ဖြစ်ကြောင်းသိရသည်။

**ဦးလေးကြီး**

# အများပြည်သူရုံးပိတ်ရက်များအတွင်း မိုင်းဖြတ်၌ ဘုရားဖူးများနှင့် အထင်ကနေရာများတွင် အပန်းဖြေလေ့လာသူများဖြင့် စည်ကား

**မိုင်းဖြတ် မတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် မတ် ၁ ရက်မှ ၄ ရက်အထိ အများပြည်သူ ရုံးပိတ်ရက်များအတွင်း မြို့၏အထင်ကရနေရာများဖြစ်သည့် စွန်ဟိန်းဂူ၊ မိုင်းတင်းကျေးရွာရှိ ထူးခြားအံ့ဖွယ်နတ်ငါးကန်၊ ရှေးဟောင်းသမိုင်းဝင် ထပ်စွမ်တောင်စေတီနှင့် ဘီလူးလျှာ၊ ဝမ်ဟွေရပ်ကွပ်ရှိ ရပ်တော်မူ ဘုရားတို့၌ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၊ ဘုရားဖူးများ၊ အပန်းဖြေလေ့လာသူများ သွားလာလည်ပတ်လျက်ရှိကြောင်း သိရသည်။

ထူးခြားအံ့ဖွယ်ကောင်းသည့် နတ်ငါးကန်မှာ မိုင်းဖြတ်မြို့မှ မိုင် ၃၀ခန့်ရှိပြီး စွန်ဟိန်းဂူသည် မိုင်းဖြတ်မြို့မှ ၂၂ မိုင်ခန့်ကွာဝေးသဖြင့် ယခုကဲ့သို့ ရုံးပိတ်ရက်ကာလနှင့် အားလပ်ရက်များတွင် စိတ်ဝင်တစား သွားရောက်လေ့လာ ဖူးမြော်သူများ များပြားလျက်ရှိသည်။

"ကျွန်မနာမည်က ဒေါ်ဇာဇာအောင်ဖြစ်ပါတယ်။ ဝမ်လုံးကျေးရွာအုပ်စု၊ နားမွန်းကျေးရွာမှာ နေထိုင်ပါတယ်ရှင့်။ အခုလို အများပြည်သူရုံးပိတ်ရက်များ၊ အားလပ်ရက်များမှာ မိသားစုများနှင့်အတူ လျှောက်လည်ဖို့ စီစဉ်ထားပါတယ်။ ဗဟုသုတလည်းရ၊ အပန်းလည်းဖြေ၊ ကုသိုလ်လည်းပြုဖို့အတွက် သွားရောက် လည်ပတ်မှာဖြစ်ပါတယ်" လို့ဆိုပါတယ်။

"ကျွန်မနာမည်က မရွှေစင်ဦးပါ။ ဝမ်ဟွေရပ်ကွက်မှာနေပါတယ်။ အလုပ်က ဝန်ထမ်းပါ။ ရပ်တော်မူဘုရားမှာ တရားဘာဝနာပွားများကာ ကုသိုလ်လာရောက်ပြုခြင်းပါ။ ဒီ့အပြင် ခရီးသွားရတာကို နှစ်သက်တဲ့အတွက် ရုံးပိတ်ရက်တွေမှာ သူငယ်ချင်းတွေနဲ့အတူ စွန်တောင်းကုန်းပေါ်မှာရှိတဲ့ ဘီလူးလျှာ (ဘိုးဘိုးရက္ခ)ကို သွားဖူးမယ်။ မနက်ဖြန်မှာက သူငယ်ချင်းတွေနဲ့အတူ မိုင်းတင်းကျေးရွာက နတ်ငါးကန်ကို သွားရောက်လေ့လာ လည်ပတ်မှာ ဖြစ်ပါတယ်"လို့ ဝမ်းမြောက်ဝမ်းသာဆိုပါတယ်။

ဒ့ါအပြင် "ကျွန်မက မဟောင်းနန်းပါ မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက်မှာနေပါတယ်၊ အလုပ်ကဝန်ထမ်းပါ။ ယခုလို အများပြည်သူရုံးပိတ်ရက်မှာ မိုင်းဖြတ်မြို့နယ်မှာရှိတဲ့ အထင်ကရနေရာတွေဖြစ်တဲ့ စွမ်ဟိန်းဂူ၊ ဘီလူးလျှာစတဲ့ နေရာများကို မိသားစုများနဲ့အတူ ပျော်ရွှင်စွာလာရောက်လည်ပတ်ခြင်းဖြစ်ပါတယ်"လို့ ဝမ်းမြောက်ဖွယ် ပီတိစကားသံများကို ကြားလိုက်ရသည်။ **သန်းထွန်းအေး(မိုင်းဖြတ်)**

# YouTube မှဗီဒီယိုများကို Offline အဖြစ် နိုင်ငံပေါင်း၁၂၅နိုင်ငံတွင် Download ပြုလုပ်နိုင်ပြီ



Google သည် ယခင်က YouTube မှ ဗီဒီယိုများကို Offline အဖြစ်သိမ်းဆည်းထားခြင်းကိုသာ ပြုလုပ်ခွင့်ပေးခဲ့ပြီး ယခုအခါ သတ်မှတ်ထားသော နိုင်ငံပေါင်း ၁၂၅ နိုင်ငံတွင် Offline Download ပြုလုပ်နိုင်ရန် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်းသိရသည်။

YouTube သည် ကမ္ဘာတစ်ဝန်းတွင် အကြီးမားဆုံး ဗီဒီယိုထုတ်လွှင့်ခြင်းဝန်ဆောင်မှုကွန်ရက် တစ်ခုဖြစ်ပြီး ယခင်က Download ပြုလုပ်ရန် အင်တာနက်ဝန်ဆောင်မှုအဆင်မပြေသည့် နိုင်ငံများအတွက် Offline အဖြစ် သိမ်းဆည်းထားနိုင်ခြင်းကိုသာ ခွင့်ပြုပေးခဲ့ခြင်းကြောင့် အခြားဆော့ဝဲလ်အကူအညီများဖြင့် YouTube မှ ဗီဒီယိုများကို Download ပြုလုပ်နိုင်ခြင်းသာ ရှိခဲ့သည်။

ယခုအခါ ၎င်းဆော့ဝဲလ်အကူအညီများမလိုအပ်တော့ဘဲ YouTube မှ ဗီဒီယိုများကို နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှ တိုက်ရိုက် Download ပြုလုပ်ခွင့် ရရှိနိုင်ပြီဖြစ်ကြောင်းသိရသည်။ Download ပြုလုပ်ရန်အတွက် မိမိစမတ်ဖုန်းအတွင်းသို့ YouTube မိုဘိုင်းအက်ပလီကေးရှင်းကို ထည့်သွင်းထားရမည်ဖြစ်ကာ Offline သိမ်းဆည်းမှုပြုလုပ်ရန် ခွင့်ပြုထားသည့် ဗီဒီယိုများကို အက်ပလီကေးရှင်းတွင်ပါဝင်သော Download ခလုတ်ကိုနှိပ်၍ မိမိဖုန်းအတွင်းသိမ်းဆည်းထားနိုင်မည် ဖြစ်သည်။ Download ပြုလုပ်ရန် အင်တာနက်လိုင်းချိတ်ဆက်ထားရမည်ဖြစ်ပြီး ပြန်လည်ကြည့်ရှုရာတွင် YouTube မဟုတ်သည့် အခြားအက်ပလီကေးရှင်းများအတွက် ခွင့်ပြုပေးထားခြင်း ရှိ၊ မရှိကိုမူ တိကျသည့်ထုတ်ပြန်ချက်မျိုး မတွေ့ရသေးချေ။

ယခုကဲ့သို့ Download ပြုလုပ်သိမ်းဆည်းထားနိုင်သည့်အတွက် အင်တာနက်လိုင်းမရရှိနိုင်သော နေရာများနှင့် ဖုန်းလိုင်းမရရှိနိုင်သည့်နေရာများတွင် ၎င်းဗီဒီယိုများအား ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။ YouTube သည် ကမ္ဘာတစ်ဝန်းရှိ ရုပ်သံများ၊ ဗီဒီယိုများကို ထုတ်လွှင့်ပေးနေသော အကြီးမားဆုံးအွန်လိုင်းကွန်ရက်တစ်ခုဖြစ်ပြီး နောက်ပိုင်း ကာလများတွင် ယခုခွင့်ပြုပေးထားသော ၁၂၅ နိုင်ငံအပြင် အခြားနိုင်ငံများသို့လည်း Offline Download ဝန်ဆောင်မှုကွန်ရက်ကို ဖြန့်ကျက်သွားနိုင်ရန် လုပ်ဆောင်သွားဖွယ်ရှိကြောင်းသိရသည်။

ALEX

# Oppo ၏ ထူးခြားသည့် အပြာရောင် F5 Dashing Blue Limited Edition ကိုပြည်တွင်း၌ဝယ်ယူနိုင်ပြီ



မျက်နှာပြင်အကျယ် ၆ လက်မနှင့် မျက်နှာပြင်ပြည့်ပါဝင်သော Oppo F5 Dashing Blue ကို ပြည်တွင်းဈေးကွက် အတွင်းရှိ Oppo စမတ်ဖုန်းအရောင်းဆိုင်များတွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်းသိရသည်။ Oppo F5 စီးရီးစမတ် ဖုန်းများကို ထုတ်လုပ်ရောင်းချပြီးသည့်နောက်ပိုင်း ကင်မရာပိုင်းစွမ်းဆောင်ရည်ကောင်းမွန်မှုဖြင့် နာမည်ရရှိခဲ့သော Oppo သည် ၎င်းအချက်နှင့်ပင် ဈေးကွက်အတွင်း ဆက်လက်ရပ်တည်လျက်ရှိပြီး မကြာမီကာလက စတင်ရောင်းချခဲ့ သော Oppo F5 စမတ်ဖုန်းသစ်ကို စတင်ထုတ်လုပ်ရောင်းချစဉ်က ရွှေရောင်နှင့် အနက်ရောင်နှစ်မျိုးသာရရှိနိုင်ခဲ့ပြီး ထပ်မံ၍ လူကြိုက်များစေမည့် အနီရောင်တောက်တောက်ဖြင့်မိတ်ဆက်ပေးခဲ့ကာ ယခုအခါ ဆွဲဆောင်မှုရှိသည့် အပြာရောင် Oppo F5 Dashing Blue ကို ပြည်တွင်းဈေးကွက်တွင် မတ် ၁ ရက်မှစတင်၍ ကျပ် ၃၈၉၀၀၀ ဖြင့် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်းသိရသည်။

A.I Beauty Technology ပါဝင်ပြီး ကျောဘက်ကင်မရာ 16MP နှင့် အရှေ့ဘက်ကင်မရာ 20MP ပါဝင်ကာ ဓာတ်ပုံ ရိုက်ကူးမှုများတွင် ထူးခြားလှပစွာဖန်တီးပေးမည့် နည်းပညာများဆန်းသစ်စွာ ထည့်သွင်းပေးထားသည်။ ယနေ့ကာလတွင် ခေတ်စားလျက်ရှိသော မျက်နှာဖတ်လုံခြုံရေးစနစ် အပြင် လက်ဗွေဖတ်စနစ်လည်းပါဝင်ပြီး Android 7.1 လည်ပတ်မှုစနစ်နှင့် Oppo ၏ ကိုယ်ပိုင်လည်ပတ်မှုစနစ် Color OS 3.2 ပါဝင်သောကြောင့် ဖုန်း၏လုပ်ဆောင်မှုအပိုင်းနှင့် စွမ်းအင်တာရှည်ခံမှုများအပေါ် အထောက်အပံ့များ ပေးသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

Octa-Core MediaTek Helio P23 16nm ပရိုဆက်ဆာ ထည့်သွင်းပေးထားကာ Mali G71 MP2 ဂရပ်ဖစ်ပရိုဆက် ဆာနှင့် 4GB RAM တို့ပါဝင်သောကြောင့် ဖုန်း၏လုပ်ဆောင်ချက်များ လျင်မြန်သွက်လက်မှုရှိပြီး ရုပ်ထွက်အရည် အသွေးပိုင်းတွင်လည်း ပိုမိုကြည်လင်တောက်ပကာ ကောင်းမွန်သည့် ရုပ်ထွက်များဖြင့် ဂိမ်းကစားခြင်း၊ ရုပ်သံဗီဒီယိုများ ကြည့်ရှုနိုင်ခြင်းတို့အား ပြုလုပ်နိုင်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် ဖုန်းအတွင်း 32 GB ပမာဏပါဝင်ကာ Micro SD 256GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်သည်ဟုသိရသည်။ ဖုန်းဆင်းမ်ကတ်နှစ်မျိုး တစ်ပြိုင်တည်းထည့်သွင်း အသုံးပြုနိုင်သည့် Triple Slot အမျိုးအစားဖြစ်ပြီး 3200 mAh ပမာဏရှိသည့် ဘက်ထရီထည့်သွင်းပေးထားကာ Limited Edition ဖြစ်သောကြောင့် အလုံးအရေအတွက် အကန့်အသတ်ဖြင့်သာ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ALEX



## မာဘယ်လ်ရဲ့ Black Panther ကို တောင်ကိုရီးယားမှာ ရိုက်ကူးခဲ့ရတဲ့အကြောင်းအရင်း

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ အမျိုးသမီးလူစွမ်းကောင်း ရုပ်ရှင်တစ်ကားဖြစ်ပြီး ပြီးခဲ့တဲ့လအတွင်း စတင်ရုံတင်ခဲ့တဲ့ "Black Panther"ရဲ့ ရိုက်ကွင်းအချို့ကိုတော့ တောင်ကိုရီးယားနိုင်ငံရဲ့ အထင်ကရမြို့တစ်မြို့ဖြစ်တဲ့ ဘူဆန်မှာ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဒီလို ကမ္ဘာကျော်ရုပ်ရှင်ကြီးမှာ ပါဝင်ခွင့်ရခဲ့တဲ့အပေါ် တောင်ကိုရီးယားနိုင်ငံသားတွေက ဝမ်းသာဂုဏ်ယူခဲ့ကြပြီး ဒီလို ရွေးချယ်ရိုက်ကူးဖြစ်ခဲ့တဲ့ အကြောင်းအရင်းကိုလည်း "Black Panther"ရဲ့ ထုတ်လုပ်သူ ရှိုင်ယန်ကော့ဂ်လာက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စတင်ပြသခဲ့တဲ့ သီတင်းပတ်မှစတင်ကာ ပြီးခဲ့တဲ့ သီတင်းပတ်အထိတိုင် သီတင်းပတ် နှစ်ပတ်ဆက်တိုက် မြောက်အမေရိကားရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်နေတဲ့ "Black Panther"ရဲ့ ကားမောင်းတဲ့ အခန်းအချို့ကိုတော့ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရဲ့ လမ်းမတွေပေါ်မှာ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ အခြားသောအခန်းအချို့ကိုလည်း ဘူဆန်မှာ ရိုက်ကူးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလို ရိုက်ကူးဖြစ်ခဲ့တဲ့ အကြောင်းကိုတော့ ထုတ်လုပ်သူက ဘူဆန်ဟာ အခြားသောမြို့တွေနဲ့မတူဘဲ ထူးခြားတဲ့ ရိုးရာအငွေ့အသက်တွေ အသက်ဝင်နေဆဲမြို့ဖြစ်တာကြောင့် ရွေးချယ်ရိုက်ကူးဖြစ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

## လက်ထပ်လိုက်ပြီဆိုတဲ့သတင်းကို ငြင်းဆိုလိုက်တဲ့ ဆန်ဒရာဘူးလော့ဒ်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဆန်ဒရာဘူးလော့ဒ်က သူနဲ့ ချစ်သူ ဓာတ်ပုံပညာရှင်တစ်ဦးဖြစ်သူ ဘရိုင်ယန်ရန်ဒေါတို့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တဲ့အပေါ် အဆိုပါသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း လတ်တလောမှာ ပြန်လည်ဖြေရှင်းခဲ့တာဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂ ရက်မှာတော့ ဆန်ဒရာဘူးလော့ဒ်နဲ့ ဘရိုင်ယန်ရန်ဒေါတို့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ အင်တာနက်စာမျက်နှာတွေပေါ်မှာ စတင်ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။ ဒီလိုသတင်းတွေ ထွက်ပေါ်လာပြီးတဲ့နောက် မင်းသမီး ဆန်ဒရာဘူးလော့ဒ်ရဲ့ ကိုယ်စားလှယ်က သူတို့နှစ်ဦး လက်ထပ်ခဲ့ခြင်းမရှိကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ဆန်ဒရာဘူးလော့ဒ်နဲ့ ဘရိုင်ယန်ရန်ဒေါတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာ သုံးနှစ်ကျော်ကာလအတွင်း ရောက်ရှိလာခဲ့ပြီဖြစ်တာကြောင့် ပရိသတ်တွေက သူတို့နှစ်ဦးရဲ့ မင်္ဂလာသတင်းကို မျှော်လင့်ခဲ့ကြပေမယ့် မင်းသမီးဘက်ကစတင်ကာ ငြင်းချက်ထုတ်လိုက်တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လက်တွဲနေစဉ်ကာလမှာ အများရှေ့ပေါ်ပေါ်ထင်ထင် တွဲသွားတွဲလာလုပ်တာထက် တိတ်တဆိတ်သာ တွေ့ဆုံခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

သူတို့နှစ်ဦး လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တာဟာ ပထမဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာလည်း သူတို့ရဲ့မင်္ဂလာပွဲကို ကျင်းပသွားဖို့ရာ စီစဉ်ထားကြောင်းသတင်းတွေ ပေါ်ထွက်လာခဲ့တာကိုလည်း တွေ့ရပါတယ်။







## တရုတ်ရဲ့ အကျော်ကြားဆုံးသော မင်းသမီး ယန်မီ

လတ်တလောထုတ်လွှင့်ပြသနေတဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "The Negotiator" ရဲ့ ဒေသတွင်း ကျော်ကြားမှု မြင့်တက်လာမှုနဲ့အတူ ယင်းဇာတ်လမ်းတွဲရဲ့ ဇာတ်ဆောင်မင်းသမီး ယန်မီရဲ့ ကျော်ကြားမှုဟာလည်း ပိုမိုလာခဲ့ရပါတယ်။ လတ်တလောမှာတော့ ယန်မီဟာ တရုတ်နိုင်ငံရဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေအကြား ရေပန်းအစားဆုံးနဲ့ အကျော်ကြားဆုံး မင်းသမီးဖြစ်နေကြောင်း ဒရမ်မာဖီဗာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိအချိန်မှာတော့ ယန်မီဟာ တရုတ်နိုင်ငံရဲ့ အကျော်ကြားဆုံးသော မင်းသမီးဖြစ်နေတာ အသေအချာပင် ဖြစ်ပါတယ်။ ဒါပေမယ့် သရုပ်ဆောင်တွေရဲ့ ကျော်ကြားမှုဟာ သူပါဝင်သရုပ်ဆောင်နေတဲ့ ဇာတ်လမ်းတွဲတွေရဲ့ အောင်မြင်မှု၊ ယင်းဇာတ်လမ်းတွဲဟာ ပရိသတ်ကြည့်ရှုနေတဲ့အချိန်နဲ့ သူ့ရဲ့ ပရိသတ်တွေအပေါ် တုံ့ပြန်ဆက်ဆံမှုတွေအပေါ် မူတည်နေတာ ဖြစ်ပါတယ်။

ယန်မီရဲ့နောက်မှာ ရေပန်းစားတဲ့ မင်းသမီးတစ်ဦးအဖြစ် တည်ရှိနေတဲ့ သူကတော့ "The Flame's Daughter"ဇာတ်လမ်းတွဲရဲ့ ဇာတ်ဆောင်မင်းသမီး ဒယ်ရက်ဘာဒယ်မူရက်ထ် ဖြစ်ပါတယ်။ "The Flame's Daughter"ကတော့ ရာဇဝင်ရုပ်ရှင်အမျိုးအစားလည်း ဖြစ်ပါတယ်။

## မတ်လကုန်မှာ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် MONSTA X

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "MONSTA X"ဟာ မတ်လကုန်မှာတော့ တေးဂီတလှုပ်ရှားမှုသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရင်းနှီးတဲ့ အသိုင်းအဝိုင်းမှ ထွက်ပေါ်လာတဲ့ သတင်းတွေအရ "MONSTA X"ဟာ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "Dramarama"ရဲ့ ထုတ်လုပ်မှုအပြီး လေးလခန့်အကြာမှာတော့ တေးသီချင်းသစ်နဲ့ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း သိရပါတယ်။ ယင်းတေးဂီတအဖွဲ့နဲ့အတူ အခြားသော ကေပေ့ါပ်အဖွဲ့တွေဖြစ်ကြတဲ့ "Wanna One"၊ "GOT 7"၊ နဲ့ "TVXQ"တို့ကလည်း တေးသီချင်းသစ်တွေ အပြိုင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့်စုစည်းသည်



## လက်သည်းရှည်တွေနဲ့ ကလေးချီထားတာကြောင့် ဝေဖန်ခံခဲ့ရတဲ့ ခိုင်လီဂျန်နာ

ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ခိုင်လီဂျန်နာဟာ သမီးလေးကို ချီကာ ရိုက်ကူးထားတဲ့ ဓာတ်ပုံကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသလာခဲ့ရာမှာတော့ အများရဲ့ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရတာ ဖြစ်ပါတယ်။ ခိုင်လီဂျန်နာဟာ တစ်လအရွယ်ရှိပြီဖြစ်တဲ့ သမီးလေး စတောင်မီကို ချီထားတဲ့ ဓာတ်ပုံမှာတော့ သူ့ကို လက်သည်းအရှည်တွေနဲ့ တွေ့ရပါတယ်။ ဒီလိုမိခင်တစ်ဦးအနေနဲ့ လက်သည်းအရှည်တွေ ထားတဲ့အပေါ် အချို့သော ပရိသတ်တွေက ဝေဖန်ရေးသားဖော်ပြခဲ့ကြတာဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခိုင်လီဂျန်နာဟာ မကြာသေးမီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ သမီးလေးကို ချီထားကာ မတ်တပ်ရပ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာ သမီးလေးဟာ ချစ်စဖွယ်လေးဖြစ်တာကြောင့် ပရိသတ်တွေက ယင်းဓာတ်ပုံကို ကြိုက်နှစ်သက်ကြောင်း ပြန်လည်ဖော်ပြခဲ့ပေမယ့် အချို့သောပရိသတ်တွေကတော့ အလှအပရေးရာ ပညာရှင်တစ်ဦးလည်းဖြစ်တဲ့ အသက်(၂၀)အရွယ် ခိုင်လီဂျန်နာဟာ ဒီလို လက်သည်းရှည်အတုတွေနဲ့ အလှအပဘက်ကို အာရုံထားလွန်းတာကြောင့် သမီးငယ်လေးကို ကောင်းစွာဂရုစိုက်နိုင်မှာလား ရယ်လို့ ဝေဖန်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

ခိုင်လီဂျန်နာရဲ့ သမီးဦးလေးဟာ ချစ်သူဖြစ်တဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ထရားဗစ်စကော့ထ်နဲ့ ရရှိခဲ့တဲ့ ရင်သွေးလေးဖြစ်ပြီး လက်ရှိမှာတော့ အသက်တစ်လခန့်သာ ရှိသေးတာဖြစ်ပါတယ်။ သမီးလေးရဲ့ ဓာတ်ပုံနဲ့ ဗီဒီယိုတွေကိုလည်း မကြာသေးမီက ခိုင်လီဂျန်နာက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။ သမီးလေးရဲ့ဓာတ်ပုံတွေ ဖော်ပြခဲ့ပြီးတဲ့နောက် ခိုင်လီဂျန်နာဟာ အင်စတာဂရမ်ပေါ်မှာ ကြိုက်နှစ်သက်မှုအများဆုံးရရှိထားတဲ့ ကြယ်ပွင့်တစ်ဦး ဖြစ်လာခဲ့တယ်လို့လည်း သိရပါတယ်။



တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...

သဉ္ဇာသန္နိဋ္ဌ တည်ထောင်သည့်

**ကိုယ်ပိုင်အထက်တန်းကျောင်း** (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၁
မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

မင်္ဂလာ **ကိုယ်ပိုင်အထက်တန်းကျောင်း** (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၂
အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ

မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်)
ဆအ ၁၂၄၂
မောင်ခန့်ဝင်းထက်
(၂၀၁၅)

မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်)
ဆအ ၁၀၄၅
မစောကေခိုင်ဦး
(၂၀၁၆)

[ရမှတ်ပေါင်း (၅၆၀)၊ သင်္ချာ ရမှတ် (၁၀၀)]

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈၊ ၇၊ ၆၊ ၅ တန်း (မေ ၃)၊ မူလတန်း(မေ ၂၉) မေည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။

အဆင့်မြင့် **ဘော်ဒါ**
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၆ ကျောင်းသူ၊ ဧပြီ ၂၈ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် **စာသင်ဝိုင်း**
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့်ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈ တန်း(ဧပြီ ၂၈)စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊

ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

ပညာရေးအတွက် ငွေများများသုံးစရာမလိုဘဲ ထူးချွန်အောင်မြင်ဖို့ သပြေညိုဘော်ဒါရှိတယ်။

အောင်ပွဲနှင့်ကြိုသပြေညို
THA PYAY NYO
MANDALAY
PRIVATE HIGH SCHOOL

ဆရာကြီးဦးမြင့်စိန် တည်ထောင်အုပ်ချုပ်သော
အောင်ပွဲနှင့်ကြို သပြေညို

# သပြေညို

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ

၅တန်းမှတက္ကသိုလ်ဝင်တန်းထိ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အတွက် စာရင်းလက်ခံပြီ

တတ-၁၈/၇၀၊ ၅၉လမ်း၊အောင်ဆန်းလမ်းနှင့်အနော်ရထာလမ်းကြား ၊(စ)ရပ်ကွက်၊ ရတနာပုံမြို့သစ်ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ 09-2015309 09-772015309 09-2210327 09-952210327

Start with Computer
စတင်လေ့လာကွန်ပျူတာ

၆ နှစ် မှ ၉ နှစ် ကလေးငယ်များအတွက် ကွန်ပျူတာစတင်အသုံးပြုနည်း
Start With Computer စာအုပ်တွင် တန်ဖိုး - ၃၀၀၀ ကျပ်
ကွန်ပျူတာ စတင်ကိုင်တွယ်သုံးစွဲနည်းနှင့် တပ်ဆင်ထားသော ပစ္စည်းများ၏ အလုပ်လုပ်နေပုံ၊ Software များအလုပ်လုပ်နေပုံနှင့် အခြေခံလေ့ကျင့်ခန်းများ ပါဝင်သည်။
ထွက်ပြီ

Move with Computer
လွယ်ကူလေ့လာကွန်ပျူတာ

၉ နှစ် မှ ၁၅ နှစ် ကလေးငယ်များအတွက် ကွန်ပျူတာစတင်အသုံးပြုနည်း
Move With Computer စာအုပ်တွင် တန်ဖိုး - ၄၀၀၀ ကျပ်
ကွန်ပျူတာ အခြေခံကိုင်တွယ် သုံးစွဲနည်းများနှင့် စာစီစာရိုက်၊ ဓါတ်ပုံပြုပြင်နည်း၊ Windows နှင့် အခြား Program များ Install ပြုလုပ်အသုံးပြုနည်းများ အင်တာနက်အသုံးပြုနည်းများ ......
ထွက်ပြီ

Fly with Computer
မြန်ဆန်သေချာကွန်ပျူတာ

၁၄ နှစ် မှ ၁၈ နှစ် လူငယ်များအတွက် ကွန်ပျူတာစတင်အသုံးပြုနည်း
Fly With Computer စာအုပ်တွင် တန်ဖိုး - ၅၀၀၀ ကျပ်
ကွန်ပျူတာလေ့ကျင့်နည်းများနှင့် ရုပ်ပုံပြုပြင်နည်းစာအုပ်ပြုစုခြင်း၊ အခွေကူးယူခြင်း Data File များကို ပြောင်းလဲသိမ်းဆည်းခြင်း၊ အင်တာနက်မှရှာဖွေနည်းများနှင့် facebook, gmail တို့ ကျွမ်းကျင်စွာ အသုံးပြုနိုင်စေဘို့...

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

မျက်ပွင့်စာပေ - အမှတ် (၂၃၅)၊ မြေညီထပ်၊ ၃၇လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 7300 2965 , 09 7300 5882 , 09 5036275 , https://www.facebook.com/openeyespublishinghouses




BUY 1 GET 2
WIN 200,000,000 KYATS

ဆိုင်ကယ်တစ်စီးဝယ်ယူသူတိုင်းအတွက် ကျပ်သိန်း ၂,၀၀၀ ကျော် တန်ဖိုးရှိ နှစ်ကြိမ်ကံထူးနိုင်မည့် ချက်ခြင်းပေါက် ဖလာမပါ ခဲခြစ်ကံစမ်း ဆုမဲများနှင့် ကံစမ်းမဲကူပွန်များ ရယူပါ။

Double Win Celebration 2018 ၏ ကံထူးရှင်စာရင်းများကို၂၀၁၈ ခုနှစ် ဧပြီလတွင်ကြေညာသွားပါမည်

အသေးစိတ် အချက်အလက်များကို မြန်မာတစ်နိုင်ငံလုံးရှိ NCX Myanmar ၏ Honda မော်တော်ဆိုင်ကယ် အရောင်းပြခန်းများတွင် စုံစမ်း မေးမြန်းနိုင်ပါသည်။

## နစ်ကိုးဆယ် ဂရန်ကြီးကျပြီး ကိုးဇကခန့် ခြံဝိုင်းကြီး ရောင်းမည် (ဖုန်း - ၀၉ - ၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ (ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး၊ ငါးဇကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဇကနီးပါးခန့် စုစုပေါင်းကိုးဇကခန့်ရှိ ခြံဝိုင်းကြီးရောင်းမည်။ ခွဲ၍မရောင်းပါ။






# 2018 SUMMER PROGRAMME

28th March to 17th May
9:00AM to 3:00PM

01 655 818
01 655 828

crane.internationalschool@gmail.com

**ENROLL NOW**

| Age | Levels |
|---|---|
| 3-4 | Nursery |
| 4-5 | Lower KG |
| 5-6 | Upper KG |
| 6-7 | Level One |
| 7-8 | Level Two |
| 8-9 | Level Three |
| 9-10 | Level Four |
| 10-11 | Level Five |

1 Taw Win Cherry Estate, Win Hlaing Street (Off Mindama Rd) Mayangone Township, Yangon.

Cambridge Assessment International Education
Cambridge International School

www.craneinternationalschoolmyanmar.com



သင်တန်းနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အခြေခံ ဆရာဦးသိန်းဝင်း

## ပန်းချီသင်တန်း

အခြေခံမှစ၍ တစ်ဦးချင်းသင်သည်

တိုက်(၄)၊ အခန်း(၁၀၅)၊ ၁၉၄ လမ်း(မင်္ဂလာဗေယျာကျောင်းလမ်း)၊ (နား နာဒေါင်း၊ လည်ချောင်း ဆေးရုံနံဘေးလမ်း)၊ တာမွေမြို့နယ်။

ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀ ၀၉ ၇၉ ၄၄၇၂၆၅၈

@professionalarttrainingcentre





## မကြီစန္ဒာ

အမျိုးသမီးအပ်ချုပ်သင်တန်း

ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်။

၁။ အိမ်အရောက်သင်တန်း ၊ ညနေသင်တန်း ၊ တနင်္ဂနွေသင်တန်း
၂။ စက်ကြိုးပန်းထိုး+လက်ရေးပန်းချီသင်တန်း၊ Handmade၊ စီကွင်း၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး၊ သတ္တိသီး ထိုင်မသိမ်၊ နှင့် မြန်မာပွဲတက်ဝတ်စုံ
၃။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
၄။ ရပ်ဝေးသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးသည်။
- ဆိုင်အမှတ် ၁။ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၃။ အမှတ်-၁၈၊ လှည်းတန်းလမ်းမ၊ (၅)လွှာ၊ ကမာရွတ်မြို့နယ်။

ဖုန်း - ၃၈၈၂၃၃၊ ၅၂၄၈၃၅ ၊ ၀၉၄၅၀၂၀၆၉၈၆
၀၉၅၀၀၇၆၅၀၊ ၃၇၅၀၀၄



## San brotherhood

"ခစ်ဆေးခမ်းသပ် (အခမဲ့)"

**Air-Con,** ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြန်မြန် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)

1HP 300000Ks

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး(မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်းလမ်းဆုံအနီး(ရွှေပြည်သာ) 09-5012419, 09-73126244
Super 1 အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316



နိုင်ငံခြားသားများနေထိုင်ရန်အတွက် အသင့်နေထိုင်နိုင်သော တိုက်ခန်းနှင့် Condo များလိုအပ်နေပါသည်။ အလွှာအနိမ့်/အမြင့် မရွေး ငှားထွက်သွားအောင် အကျိုးဆောင်ပေးနေပါသည်။
09-252922207



## ရောင်းမည်

စံပြဈေးအနီး၊ ငမိုးရိပ်(၆)လမ်းနှင့် (၈)လမ်းရှိ တိုက်ခန်း အသစ်များကို ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း - ၀၉ ၅၄၀၁၀၁၁၊ ၀၉ ၅၀၀ ၂၉၃၁



## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း၊ ပြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



## စော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်စားသွားဆူကြီးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161



## ★STAR★

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052
09-260660405
09-421067330



## အမြန်ရောင်းလိုသည်

၁။ ဦးဝိဇ္ဇာလမ်း၊ (၁၂×၅၀)၊ မြေညီ+ပထမထပ်၊ ၂-လွှာပေါင်း (ပြင်ဆင်ပြီး) ကားပါကင်ရှိ၊ ပုဇွန်တောင်မြို့နယ်၊ သိန်း (၁၃၅၀)
၂။ စဉ့်အိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် (၅၀×၅၅)၊ ၈-လွှာ (ပြင်ဆင်ပြီး) Fully Funiture, China Town Condo လသာမြို့နယ်၊ သိန်း (၄၀၀၀)
ဖုန်း - 09 5122233, 09 49497777



## BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663


မီး သတိပြု

**STAR ACADEMY**
Star Resources Co.,Ltd

**Hospitality & Business Management Academy**
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း



ကိုယ်ပိုင်ဆိုင်နှင့် ကော်ဖီ ဘား ဖွင့်လှစ်လိုသူများအတွက် အထူးသင့်တော်သော

## Special Beverage Course

- Cocktail
- Coffee
- Smoothie
- Mocktail
- Wine
- Juice

သင်တန်းဝင်ခွင့် လျှောက်လွှာပိတ်ရက် ( ၁၉. ၃. ၂၀၁၈ ) လူဦးရေကန့်သတ်ထားသည်။



တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ဒဂုံစင်တာ(၂)ရှေ့၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
☎01- 523 200, 230 4020, 230 4021, 523 623, 09 5020 302 |https://www.facebook.com/sracademy.edu/

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**ရွှေမဟာ**
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
**09 -5106146**
**09 -775106146**

**"ဆန်သိုလှောင်လို့ . . ရပါပြီ"**
တစ်နှစ်ပတ်လည်လုံး ဆန်သိုလှောင်ချင်သူများအတွက်
**အထူး promotion**
မြန်မာပြည်တွင်ပထမဦးဆုံး "Certified Organic"
ပေါ် ဆန်းမွှေးဆန်စစ်စစ်(၂၄)ပြည် (၁)အိတ်ဝယ်ယူပြီး
Slimbag လှလှလေး (၁)လုံး
လက်ဆောင်ရယူလိုက်ပါ. . . . . .
**Promotion Period(၁-၃-၂၀၁၈)မှ (၁၅-၃-၂၀၁၈)အထိ**
Ph:221834, 09-785150525, 09-5150525

**တရုတ်**
စကားပြောရုံပဲဆိုရင်
Sayar.Yang
(တရုတ်)စာမကတ်လည်းပြောလို့ရတယ်။
**ENGLISH**
**Conversation Practice**
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

**MLA INTERNATIONAL**

- No. 127, Hantharwadi Road, Kamayut Township, Yangon
- 09-258886622, 09-258886633
09-258886677,01-524438

## Summer Course 2018

### English Proficiency & Computer Courses

Enrol Now!!

Commencing Date : 19th March 2018
End of Summer Course : 25th May 2018
Monday to Friday - 8:00 a.m. to 12:00 p.m.

YOMA
STRATEGIC HOLDINGS LTD

# CPCL

NEW HOLLAND
AGRICULTURE

နယူးဟော်လန်မှ ဂုဏ်ယူစွာဖြင့် အသိပေးကြေငြာအပ်ပါသည်...
ကျွန်ုပ်တို့၏ ထုတ်ကုန်အရည်အသွေး ကို ယုံကြည်သောအားဖြင့်...
အိန္ဒိယနိုင်ငံထုတ် TT4.90 ၏ စက်အာမခံသက်တမ်းအား (၂) နှစ် သတ်မှတ်ပေးလိုက်ပါပြီ...



- အရစ်ကျစနစ်များစွာရွေးချယ်ဝယ်ယူနိုင်ခြင်း
- အပိုပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်း
- အကောင်းဆုံးသော ဝန်ဆောင်မှုများ
- အကောင်းဆုံးသော အရည်အသွေး

**တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ**
ရန်ကုန်ရုံးချုပ် : အမှတ် (၁၁၅၉)၊ (အက်ဖ်အမ်အိုင်) ပဒေသာပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန် - ၀၁ - ၆၈၇၀၀၂~၃၊ မန္တလေး - ၀၉ ၄၃၀၁၄၄၅၂၊ နေပြည်တော် - ၀၉ ၄၄၈၅၄၁၄၅၈၊ ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊ တောင်ကြီး - ၀၉ ၄၅၇၄၅၅၄၀၉၊
နောင်ချို - ၀၉ ၄၅၇ ၄၅၅၄၀၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈၀၅၇၊ မကွေး - ၀၉ ၇၆၁ ၀၉၅၀၂၄၊ ဟင်္သာတ - ၀၉ ၄၅၃၂၃၅၈၈၀၊
မအူပင် - ၀၉ ၇၇၃၈၂၆၅၇၉၊ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀၊ လှိုင်ကော် - ၀၉ ၇၆၉၂၀၅၂၉၂၊ ရွှေဘို - ၀၉ ၉၆၃၄၇၃၉၄၃၊ ကလေး - ၀၉၉၅၀၉၃၆၀၁၅။

**The Legend continues...New Branches now open...Coming soon...Planned Maintenance up to 18 months !!**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

**ဒေါ်ဝင်းဝင်း ဦးစီးသော**

**ဂယာရွှေပြည်** ဗုဒ္ဓဂယာ-ဘန်ကောက်-သီရိလင်္ကာ ဘုရားဖူးဝန်ဆောင်မှုအဖွဲ့

| ဂယာ | သီရိလင်္ကာ | ဘန်ကောက် |
|---|---|---|
| (15 ရက်ခရီးစဉ်) | Apr-12 (သင်္ကြန်) | ဘန်ကောက်(4)ရက် |
| Mar-21 | Apr-29 (ကဆုန်လပြည့်) | Apr-12 (သင်္ကြန်) May- 5, 16, 22 |
| (7 ရက်ခရီးစဉ်) | May-29(နယုန်လပြည့်)ဟိုတယ်သီးသန့် | ဘန်ကောက် -ကမ္ဘောဒီးယား (5)ရက် |
| Apr-12(သင်္ကြန်) | | Apr-12၊ May-5 (ဟိုတယ်သီးသန့်) |

ခရီးစဉ်များအားလုံး(၁၀)ဦးအထက်အထူးဈေးနှုန်းရှိပါသည်။မိသားစု/အဖွဲ့အစည်းသီးသန့်သွားလိုသူများကိုစီစဉ်ပေးပါသည်။

အမှတ်(၂၀)၊၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။ဖုန်း: ၀၁- ၂၂၁၅၈၆၊၀၉-၇၈၃၇၇၇၁၇၀၊ ၀၉-၄၂၃၉၄၃၉၅

**နန်းဦးလှိုင် အင်းတော်ကြီး၊ ဇလုံတောင်**

- အင်းတော်ကြီးရွှေမဥ္ဇူ၊ ပန်းမောက် ဇလုံတောင်၊ ကျောက်မဏ္ဍပ်၊ မြစ်ကြီးနား၊ မနောကွင်း၊ မြစ်ဆုံ (၆)ရက်။ မန္တလေး၊ ရွှေဘို၊ မိုးကုတ်ပါ(၁၀)ရက်။ **Mar 9** နှင့် အပတ်စဉ်-သောကြာ ထွက်သည်။ **ကြိုတင်လက်မှတ်ရောင်းမြီ**
- ရွှေစက်တော် နှင့် စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေး (၃)ရက်။ ဆက်၍-ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူပါ(၅)ရက်။ ဆက်၍-မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်၊ တောင်ကြီး၊ အင်းလေး၊ လှိုင်ကော် ပါ(၁၂)ရက်။
- ရွှေစက်တော် နှင့် ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၆)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ(၇)ရက်။
- ရွှေစက်တော် နှင့် ရခိုင်၊ မြောက်ဦးဘုရားစုံ၊ ကျောက်တော်မဟာမုနိ၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ (၇)ရက်။
- ရွှေစက်တော် နှင့် အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံ (၅)ရက်။ ● **ကားစီးလုံးငှား အော်ဒါလက်ခံသည်။**
- ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်- မြိတ်(ဘိတ်)ပါ (၆)ရက်။
- တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ(၄)ရက်။ လှိုင်ကော် ပါ(၅)ရက်။
- အလောင်းတော်ကဿပ(သီးသန့်)၊ စစ်ကိုင်း၊ မုံရွာ(၃)ရက်။ ဆက်၍-မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်ပါ(၅)ရက်။

ဖုန်းဆိုးတန်း **01-391577**, သန်လျင် **056-21671, 09-5122961**, တာမွေ **09-255811682**

**ဂန္ဓဝင်ရွှေပုဂံ Travels & Tours**

"သင်္ကြန်ခရီးစဉ်များ"

(Ygn Office ): No.67,Baho Road, Sanchaung Tsp.,Yangon.
Ph: 01-510491,519360,500191,519292, 09-762736247,762736248

(Mdy Office): 38 Rd., 78x79 Street.,Mdy
Ph: 09-31693339, 73013856
Facebook:GandawunShweBaganTravel&Tours
Website: www.gandawunshwebagan.com

Hote Line: 09 790 90 1466

| | | | | | |
|---|---|---|---|---|---|
| ဗန်ကောက် | (၆)ရက် USD 680 | ထိုင်ဝမ် | (၆)ရက် USD 1600 | အီဂျစ် | (၉)ရက် USD 2200 |
| ဖူးခတ် | (၃)ရက် USD 680 | ဗုဒ္ဓဂယာ(ရိုးရိုး) | (၁၅)ရက် ၁၂ သိန်း | စပိန်+ပေါ်တူဂီ | (၁၁)ရက် USD 3950 |
| ဗန်ကောက် + ဖူးခတ် | (၅)ရက် USD 1000 | ဗုဒ္ဓဂယာ(ဟိုတယ်) | (၈)ရက် USD 1100 | ဂရိ+ဆန်တိုရီနီကျွန်း | (၁၀)ရက် USD 3800 |
| စင်ကာပူ | (၄)ရက် USD 850 | သီရိလင်္ကာ | (၇)ရက် USD 1350 | ဥရောပ (၃) နိုင်ငံ | (၁၀)ရက် USD 3500 |
| စင်ကာပူ + မလေးရှား | (၇)ရက် USD 1350 | ကတ်ချမီးယား + မွန်ဘိုင်း | (၉)ရက် USD 1590 | ဥရောပ (၅) နိုင်ငံ | (၁၂)ရက် USD 3900 |
| ဘာလီ | (၆)ရက် USD 1000 | စီအမ်+ချန်ဒူး+Mt.Emei+Leshan | (၇)ရက် USD 1800 | ဥရောပ (၇) နိုင်ငံ | (၁၆)ရက် USD 4600 |
| ဘာလီ + ဗောရောဗုဒ္ဓ | (၆)ရက် USD 1400 | ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၆)ရက် USD 1600 | အရှေ့ဥရောပ (၆) နိုင်ငံ | (၁၄)ရက် USD 4200 |
| စင်ကာပူ + ဘာလီ | (၇)ရက် USD 1450 | ပီကင်း+ရှန်ဟိုင်း+ဟန်ကျိုး+စူးကျိုး | (၇)ရက် USD 1590 | Iceland၊နော်ဝေး၊ဆွီဒင်၊ဒိန်းမတ်၊ဖင်လန် | (၁၂)ရက် USD 4600 |
| ကမ္ဘောဒီးယား | (၄)ရက် USD 550 | ပီကင်း+ရှန်ဟိုင်း+ဟောင်ကောင် | (၉)ရက် USD 2150 | အင်္ဂလန်+ဥရောပ | (၁၅)ရက် USD 4900 |
| ဗီယက်နမ် (မြောက်ပိုင်း) | (၅)ရက် USD 850 | ဒူဘိုင်း+အယ်အိန်း+အဘူဒါဘီ | (၆)ရက် USD 1900 | အင်္ဂလန်+စကော့တလန်+ဝေးလ်ပြည်နယ် | (၁၁)ရက် USD 3800 |
| ဗီယက်နမ် (တောင်ပိုင်း) | (၅)ရက် USD 790 | ကိုရီးယား | (၇)ရက် USD 2000 | အမေရိကန် (East+West) | (၁၃)ရက် USD 4000 |
| ဗီယက်နမ် (မြောက်+လယ်) | (၇)ရက် USD 1190 | ဂျပန် (ရိုးရိုး) | (၈)ရက် USD 2750 | အမေရိကန် (East+West+Hawaii) | (၁၆)ရက် USD 5700 |
| ဗီယက်နမ် + ကမ္ဘောဒီးယား (မြောက်+လယ်) | (၉)ရက် USD 1600 | ဂျပန် (ဟော့ကိုင်းဒိုး) | (၈)ရက် USD 3200 | ဩစတြေးလျ (ဆစ်ဒနီ+မဲဘုန်း) | (၇) ရက် USD 2900 |
| ဗီယက်နမ် + ကမ္ဘောဒီးယား (တောင်+လယ်) | (၉)ရက် USD 1500 | ရုရှား | (၈)ရက် USD 2900 | ဩစတြေးလျ (ဆစ်ဒနီ+မဲဘုန်း+ဂိုးကို့စ်+ဘရစ်စဘိန်း) | (၉) ရက် USD 3700 |

**ရောင်ခြည်သစ်**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

10',14',15' ကားများဖြင့်

လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်၊

Ph:09-450454771

09-450454772

09-450454773

မီးသတိပြုပါ







**ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း**

၁။ ဆောင်ရွက်လျက်ရှိသော သာကေတတံတားသစ်တည်ဆောက်ရေးစီမံကိန်းအရ ပုဇွန်တောင်ချောင်း အတွင်း ဝင်/ထွက်သွားလာနေသော ရေယာဉ်များသိရှိလိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ၁၂.၁.၂၀၁၈ ရက်နေ့ (မြန်မာ့အလင်း၊ ကြေးမုံ) သတင်းစာမှလည်းကောင်း၊ သက်ဆိုင်ရာရေယာဉ်အဖွဲ့များသို့ ၈.၁.၂၀၁၈ ရက်စွဲပါစာဖြင့် လည်းကောင်း အသိပေးအကြောင်းကြားသည့် ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ယခုအခါတွင်လည်း လုပ်ငန်းစီမံကိန်း၏လိုအပ်ချက်အရ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်သွားရန် ရေကြောင်းသတိပေးချက်ထပ်မံထုတ်ပြန်ပါသည် -

(က) ၈.၃.၂၀၁၈ ရက်နေ့ ည ၁၂ နာရီ(၂၄၀၀ နာရီ) မှ ၁၀.၃.၂၀၁၈ ရက်နေ့ နံနက် ၆ နာရီ (၀၆၀၀ နာရီ) အထိ အချိန်အတွင်း မည်သည့်ရေယာဉ်မှ တံတားတည်ဆောက်ရေးစီမံကိန်းနေရာကိုဖြတ်သန်း၍ ပုဇွန်တောင်ချောင်းအတွင်း ဝင်/ထွက်သွားလာခြင်းမပြုရန်။

(ခ) ၁၀.၃.၂၀၁၈ ရက်နေ့ နံနက် ၆ နာရီ နောက်ပိုင်းမှစ၍ အပိုဒ် (၁)ပါ ထုတ်ပြန်ထားပြီးဖြစ်သည့် ရေကြောင်းသတိပေးချက်ပါ သတ်မှတ်ချက်များအတိုင်းလိုက်နာ၍ ဝင်/ထွက်သွားလာကြရန်။

၃။ လုပ်ငန်းလိုအပ်ချက်အရ ရေလမ်းကြောင်းအတွင်း သွားလာခွင့်တားမြစ်ကန့်သတ်ရန် အခြေအနေပေါ်ပေါက်လာပါက ရေယာဉ်များသိရှိနိုင်ရန် ထပ်မံ၍ရေကြောင်းသတိပေးချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



# ပဉ္စမအသုတ် UEHRD စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့ မောင်တောဒေသ၌ အကူအညီများ ပေးအပ်

**မောင်တော မတ် ၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာမှုအကူအညီများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် မောင်တောဒေသသို့ ပဉ္စမအသုတ် ရောက်ရှိလာကြသော နိုင်ငံတစ်ဝန်းမှ စေတနာ့ဝန်ထမ်း လူငယ်များသည် ယနေ့နံနက်ပိုင်းက မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့သွားရောက်၍ ထောက်ပံ့ကူညီမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့မှုအခြေအနေနှင့်ပတ်သက်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနမှ ပြည်ခရိုင်ဦးစီးမှူး ကိုသန်းထွန်းအောင်က "အခုပဉ္စမအသုတ်လူငယ်အဖွဲ့မှာ ကျွန်တော်တို့ဆီက ဝန်ထမ်းခြောက်ဦး၊ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတို့မှ စေတနာ့ဝန်ထမ်း ၄၇ ဦး စုစုပေါင်း ၅၃ ဦး ပါဝင်ပါတယ်၊ မောင်တောနဲ့ ဘူးသီးတောင်ဆိုပြီး နှစ်ဖွဲ့ခွဲဆောင်ရွက်ခဲ့ပါတယ်၊ ဘူးသီးတောင်မှာက ၂၆ ဦးဖြစ်ပြီး ကျွန်တော်အပါအဝင် မောင်တောမှာက ၂၇ ဦး ဖြစ်ပါတယ်၊ ဒီနေ့မှာတော့ ဘူးသီးတောင်အဖွဲ့က ယူနစ် ၁၅၀ ထောက်ပံ့နိုင်ခဲ့ပြီး မောင်တောအဖွဲ့ကတော့ ၂၆၈ ယူနစ် ထောက်ပံ့နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ထိုသို့ ထောက်ပံ့ကူညီရာတွင် မောင်တောဒေသအတွင်းရှိ ငွေတောင်ရွာ၊ သာယာကုန်းရွာ၊ ရွာသာယာရွာနှင့် သစ်တောကျေးရွာများသို့သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ကြက်သွန်၊ အာလူးနှင့် (၆)လမှ (၂)နှစ်အတွင်းရှိသည့် နို့စို့အရွယ်ကလေးငယ်များအတွက် နို့မှုန့်အာဟာရ ထောက်ပံ့မှုများ ထောက်ပံ့ကူညီခဲ့ကြသည်။

"အရင်ကတော့ ဒီကိုတစ်ခါမှ မရောက်ဖူးပါဘူး။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအသင်းက ကိုယ်စားလှယ်အနေနဲ့ လာရောက်ရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့အသင်းအနေနဲ့ တစ်ခေါက်ကို ခြောက်ဦးစီ ပါဝင်ပါတယ်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့



ပဉ္စမအသုတ် UEHRD စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့ မောင်တောဒေသ ကျေးရွာများသို့ စားနပ်ရိက္ခာများ သွားရောက်ပေးအပ်ကြစဉ်။

# MNL အမှတ်ပေးပြိုင်ပွဲတွင် ဇွဲကပင်နှင့် ရခိုင်အသင်း နိုင်ပွဲရ




ဇွဲကပင်အသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို စစ်ကိုင်းအသင်းဂိုးသမား ကာကွယ်နေစဉ်။

**ရန်ကုန် မတ် ၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း နိုင်ပွဲရခဲ့သည်။

**(အောင်ဆန်းကွင်း)**

**ဇွဲကပင် - သုံးဂိုး**

**စစ်ကိုင်း - နှစ်ဂိုး**

နှစ်ပွဲဆက် နိုင်ပွဲပျောက်ထားသည့် ဇွဲကပင်နှင့် တန်းတက်စစ်ကိုင်းအသင်းတို့၏ ပွဲမှာ အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဇွဲကပင်အသင်း နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ ဇွဲကပင်အသင်းသည် ဂိုးစပေးခဲ့ရသော်လည်း ပထမပိုင်းတွင် ၁၁ မိနစ်အတွင်း သုံးဂိုး ပြန်သွင်းနိုင်ခဲ့ပြီး ရှုံးပွဲဆက်နေမှုကို ရပ်တန့်ကာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး နိုင်ငံခြားသား ကစားသမား သုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက အပြန်အလှန်သွင်းဂိုးများ ရှိခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် သက်နောင်ထွေးက စစ်ကိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ ဇွဲကပင်အသင်းသည် ချေပဂိုးရရန် အားထည့်ကစားလာခဲ့ပြီး မိနစ် ၃၀ ကျော်တွင် ချေပဂိုးနှင့် ဦးဆောင်ဂိုးနှစ်ဂိုးထပ်ရခဲ့၍ စစ်ကိုင်းအသင်း ချေပဂိုးပြန်ရရန် ခက်ခဲသွားခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

## ဖားကန့်မြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်း၊ မိုးသီးများကျပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ်များ ပျက်စီး

**ဖားကန့် မတ် ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် နန့်ယားကျေးရွာတွင် မတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲက အချိန်အခါမဟုတ် မိုးရွာသွန်းကာ မိုးသီးများကျပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ကာမိုင်း-ဖားကန့်လမ်း နန့်ယားကျေးရွာတွင် မတ် ၃ ရက် မွန်းလွဲပိုင်းက အချိန်အခါမဟုတ် မိုးများရွာသွန်းခြင်း၊ မိုးသီးများ ကြွေကျခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းကြောင့် နန့်ယားကျေးရွာ ပတ္တမြားရပ်ကွက်နေ ဒေါ်ဘောက်၏ နေအိမ်သွပ်မိုးများ ကွာကျပျက်စီးခြင်း၊ ဦးစောသော၏ နေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါပျက်စီးသွားသော နေအိမ်များသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပရဟိတအသင်းအဖွဲ့များက သွားရောက်ကူညီပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



နွေ ဂုဏ်ထူး မြန်မာစာ
မြန်မာစာ အတတ်သင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
• တစ်စာကုံး အထူးတန်းများ • သဒ္ဒါ • (၈၊၉၊၁၀)သင်ရိုးကုန်
တစ်ခွဲစီသာ ပြီးလဲပြီးစေ ပိုင်လဲပိုင်စေသည်။
ကျန်းမာရေး၊ အသိ၊ သတိ အရ
နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်။
• မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၀၉ ၅၅၀၀၅၅၈၅၂၊ ၀၉၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်၊ တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများစွာ၊ ရမှတ်များစွာသာမက နိုင်ငံ့သားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်းဘော်ဒါ၊ နေ့တက်ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
◆ နေ့တက် ဘော်ဒါ လက်ခံသည်၊ ကိုယ်တိုင်လာရောက် စုံစမ်းကြည့်ပါ။ ထူးခြား၍ ထူးချွန်ရမည်။
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
● မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဠုဝန်လမ်းမကြီး၊ ဗူးဘိတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄၂၀၁၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာနေအုပ်(စိန်ပေါ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွှန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်